# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၇၂)

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်၊ ကြာသပတေးနေ့။


**မိတ်ဆွေစစ် လေးမျိုး**

* မိမိအား ကျေးဇူးပြုသူ မိတ်ဆွေစစ်၊
* ချမ်းသာဆင်းရဲ အတူဖြစ်သူ မိတ်ဆွေစစ်၊
* အကျိုးစီးပွားကို ညွှန်ပြတတ်သော ဆရာနှင့်တူသူ မိတ်ဆွေစစ်၊
* ညှာညှာတာတာ စောင့်ရှောက်တတ်သူ မိတ်ဆွေစစ်။


# နိုင်ငံတော်သမ္မတဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့သို့ ရောက်ရှိ

**ဘူဆန် ဒီဇင်ဘာ ၁၀**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့သို့ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား ကိုရီးယားနိုင်ငံ ယဉ်ကျေးမှုရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Shin Dong-ik နှင့် ဘူဆန်မြို့မှ ပြည်နယ်အစိုးရ အရာရှိကြီးများ၊ ကိုရီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးလွင်နှင့်ဇနီး၊ ကင်ဟီးလေတပ်စခန်းဌာနချုပ်မှူးတို့က ကင်ဟီးလေတပ်အခြေစိုက်စခန်း၌ ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ●



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့သို့ ရောက်ရှိရာ ကိုရီးယားနိုင်ငံ ယဉ်ကျေးမှုရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Shin Dong-ik နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

# ဓာတ်အားမဂ္ဂါဝပ် ၁၀၅၀ ထွက်ရှိမည့် ရွှေလီအမှတ်(၃)ရေအားလျှပ်စစ်စီမံကိန်း



ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့မြောက်ဘက် ရွှေလီမြစ်ပေါ်၌ တည်ဆောက်လျက်ရှိသည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်း။

သတင်း-ခရမ်းစိုးမြင့်
ဓာတ်ပုံ-မြတ်သူမောင်

**မိုးမိတ် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်တွင် နှစ်စဉ်ကီလိုဝပ်နာရီသန်းပေါင်း ၃၃၀၀ ကို ဓာတ်အားကွန်ရက်စနစ်မှတစ်ဆင့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန် ဓာတ်အားမဂ္ဂါဝပ် ၁၀၅၀ ထွက်ရှိမည့် အကြီးစားရွှေလီအမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းတစ်ခုကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနက ယခုအခါ အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည်။

တည်နေရာမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)မိုးမိတ်မြို့၏မြောက်ဘက် ၁၂ မိုင်အကွာ ရွှေလီမြစ်ပေါ်၌ ဖြစ်သည်။ *စာမျက်နှာ ၉ ကော်လံ ၃*

**ယနေ့ ⇄ မာတိကာ**


**တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း နှင်းထူထပ်စွာကျဆင်း လေဆိပ်တစ်ခုနှင့် အမြန်လမ်းမကြီးများ ပိတ်ခဲ့ရ**
*စာမျက်နှာ - ၄*

**လီဗာပူး ချန်ပီယံလိဂ်မှထွက်ရပြီ**
*စာမျက်နှာ - ၁၄*


**ကြော်ငြာအချပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ရောင်စုံကြော်ငြာအချပ်ပို လေးမျက်နှာနှင့် အဖြူအမည်းလေးမျက်နှာ ပါရှိပါသည်။


"သင့်အနာဂတ်လုံခြုံစိတ်ချဖို့ Future Auto မှာ ကား ဝယ် စို့"

✣ အမြတ်ကို ပဓာနမထား အရည်အသွေးနှင့် ရောင်းအားကိုသာ အဓိကထားသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
✣ ကားများကို နိုင်ငံတကာအဆင့်မီ (၆)လအာမခံပစ္စည်းနှင့် လက်ခဖိုးအခမဲ့ ပြင်ဆင်ပေးသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
✣ အရည်အသွေးမြင့်ကားအရေအတွက် အများဆုံး ဝန်ဆောင်မှုအကောင်းဆုံး ကားအရောင်းပြခန်း။

Show Room(1) - အမှတ်(၁၄၀)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်းမီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်။ Ph: 01-400785, 09-254342575, 09-5147128
Show Room(2) - သစ္စာလမ်းမကြီး၊ ဗဟိုဈေးမှတ်တိုင်အနီး၊ တောင်ဥက္ကလာပမြို့နယ်။ Ph: 09-254346475, 01-8500492
Show Room(3) - အမှတ်(၂၂၆၊ ဘီ)၊ အင်းစိန်လမ်းမကြီး၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။ (ဘာတာမှတ်တိုင်နှင့်အုတ်ကျင်းမှတ်တိုင်ကြား)။ Ph: 09-254342979
Mandalay - အမှတ်(၄၁၃)၊ (၆၂)လမ်း၊ (၃၅ × ၃၆)လမ်းကြား၊ မန္တလေးမြို့။ Ph: 09-795594006, 09-795594008

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# နိုင်ငံတကာစာပေနယ်ကိုရည်မှန်း၍ ကြိုးပမ်းဆောင်ရွက်

စာပေပညာရှင်ကြီးများသည် သမိုင်းတစ်လျှောက် နိုင်ငံအကျိုး၊ လူ့ဘောင်ကောင်းကျိုး အဖြာဖြာတို့အတွက် စာပေစွမ်းပကားများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြပေသည်။ စာပေမျက်နှာစာမှတစ်ဆင့် မြန်မာ့ပုံရိပ်နှင့် မြန်မာ့စိတ်နေစိတ်ထားများကို နိုင်ငံတကာက သိရှိအောင်လည်း ကြိုးစားခဲ့ကြသည်။ စာပေနယ်ဟူသည်ကား စာကောင်းပေမွန်များ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်၊ ပန်းပညာစသည့် အနုပညာနယ်ပယ်များဖြာထွက်ရာ ပင်ရင်းဌာနကြီးဖြစ်ပြီး အမျိုးသားယဉ်ကျေးမှုကို ထင်ဟပ်စေရာ နယ်ပယ်လည်းဖြစ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်က နှစ်စဉ်နှစ်တိုင်း စာဆိုတော်နေ့အထိမ်းအမှတ်နှင့် မြန်မာစာပေပညာရှင်ကြီးများကို ချီးမြှင့်ဂုဏ်ပြုလေ့ရှိပါသည်။

ကျွန်ုပ်တို့နိုင်ငံတွင် စာဆိုလပှာဆိုအပ်သည့် နတ်တော်လအခါသမယ၌ စာပေပညာရှင်ကြီးများအား ချီးကျူးဂုဏ်ပြုသောအားဖြင့် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို မြန်မာစာဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး ခေတ်အဆက်ဆက်ချီးမြှင့်လာခဲ့ပေသည်။ အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၆ ခုအနက် ဘာသာရပ် ၁၃ ခု၊ စာပေဗိမာန်စာမူဆုအတွက် သတ်မှတ်ထားသည့်ဘာသာရပ် ၁၃ ခုအနက် ဘာသာရပ် ၁၁ ခု စုစုပေါင်းစာမူ ၁၈၇ ခုထဲမှဆုအဖြစ် သင့်လျော်သည့် စာမူပေါင်း ၂၄ ခုကို ရွေးချယ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

စာပေပညာရှင်ကြီးများအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားတွင် ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းက ဂုဏ်ပြုခံစာရေးဆရာကြီးများအပါအဝင် စာရေးဆရာကြီး၊ စာရေးဆရာမကြီးများအားလုံး အပတ်တကုတ်ပြုစုရေးသားကြသည့် စာပေကျမ်းဂန်များသည် မိမိတို့နိုင်ငံအတွင်း၌ ပျံ့နှံ့သွားစေရုံမကဘဲ ရွာငယ်လေးသဖွယ် ဖြစ်ပေါ်လာနေသည့် ကမ္ဘာကြီးကို ကိုင်လှုပ်လွှမ်းမိုးနိုင်သောစာပေများပေါ်ပေါက်လာအောင်လည်း ရေးသားပြုစုပေးကြစေလိုကြောင်း၊ ဆရာကြီး၊ ဆရာမကြီးများ ရေးသားပြုစုလိုက်သည့် စာပေများသည် ကမ္ဘာ့အဆင့် ဘာသာပြန်စာပေများအဖြစ်ပေါ်ပေါက်လာသည်အထိ ဦးတည်ရေးသားကြစေလိုကြောင်း နိုင်ငံတော်ကပေးသည့် စာပေဆုများအပြင် နိုင်ငံတကာကပေးသည့် စာပေဆုများကို ဆွတ်ခူးနိုင်သည်အထိ ရည်မှန်းချက်ထားရေးသားကြစေလိုကြောင်း ကမ္ဘာ့အင်အားအကြီးဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည့် အမေရိကန်ပြည်ထောင်စုတွင် နှစ်စဉ်ပေးသည့် **Pulitzer Prize** ဆုသုံးဆုအနက် စာပေဆုတစ်ခုပါဝင်သည်ဟု သိရပါကြောင်း ထို့အတူ နာမည်ကျော်လှသည့် နိုဗယ်လ်ဆုခြောက်ခုထဲတွင်လည်း တစ်ခုပါဝင်ကြောင်း၊ ထိုကဲ့သို့ နိုင်ငံတကာအဆင့်ချီးမြှင့်သည့် စာပေဆုများကိုပါ မိမိတို့နိုင်ငံက စာဆိုတော်ကြီးများက ဆွတ်ခူးရရှိနိုင်ကြမည်ဆိုလျှင် မိမိတို့နိုင်ငံသည် သိက္ခာရှိရှိနှင့် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားနိုင်မည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

မှန်ပေသည်။ စာပေပညာရှင်ကြီးများအနေဖြင့် နိုင်ငံတော်က ချီးမြှင့်သည့် စာပေဆုများအပြင် ကမ္ဘာ့အဖွဲ့အစည်းများက ချီးမြှင့်သည့်ဆုများကိုပါ မျှော်မှန်းအားထုတ်ရေးသားခြင်းဖြင့် မြန်မာ့စာပေသည် နိုင်ငံတကာစာပေနယ်သို့ တက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ချေးငွေအကူအညီများ စနစ်တကျရှိရေး အထူးဦးစားပေးဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် နိုင်ငံခြားချေးငွေ စီမံကိန်းဆိုင်ရာ ဦးဆောင်ကော်မတီများ၏ ဒုတိယအကြိမ် အစည်းအဝေးကို ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီက ကျင်းပရာ နိုင်ငံခြားချေးငွေ စီမံကိန်းဆိုင် ရာ ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က အိန္ဒိယနိုင်ငံချေးငွေဖြင့် ဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ ဆည်မြောင်းဖွံ့ဖြိုးရေးစီမံကိန်း၊ ဂျပန်နိုင်ငံတရားဝင်ဖွံ့ဖြိုးမှုချေးငွေဖြင့်ဆောင်ရွက်မည့် ပဲခူးတိုင်းဒေသကြီး (အနောက်) ဆည်မြောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့်ဆောင်ရွက်မည့် ရေသွင်းစိုက်ပျိုးမြေဧရိယာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် လယ်ယာကဏ္ဍရေသွင်းစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ချေးငွေဖြင့်ဆောင်ရွက်မည့် ကျေးလက်ဆင်းရဲနွမ်းပါးသူများ ဝင်ငွေမြှင့်တင်ရေး စီမံကိန်း၏ မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားမှု မြှင့်တင်ခြင်းစီမံကိန်းဆိုင်ရာများကို လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ စီမံကိန်းနှင့် ဆက်စပ်ပါဝင် ဆောင်ရွက်ကြရမည့် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ စိုက်ပျိုးရေးနှင့် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လှိုင်တို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံခြားချေးငွေ စီမံကိန်းဆိုင်ရာ လုပ်ငန်းတိုးတက်မှု ကြီးကြပ်ရေးနှင့် စာရင်းစစ်ဆေးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအုန်းသန်းက စီမံကိန်းအကောင်အထည်ဖော်ရေး ဖြည့်စွက်ဆွေးနွေးရာ ဆောင်ရွက်ဆဲလုပ်ငန်းများအတွက် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာများနှင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရာတွင် ပြီးစီးသွားသော လုပ်ငန်းရပ်များအတွက် ပြီးစီးကြောင်း အစီရင်ခံစာများ ရေးဆွဲဆောင်ရွက်တင်ပြကြရန် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပနိုင်ငံနှင့် နိုင်ငံတကာချေးငွေ အကူအညီများကို သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ သုံးစွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ဖွဲ့စည်းထားရှိပြီးဖြစ်သော နိုင်ငံခြားချေးငွေ စီမံကိန်းဆိုင်ရာ လုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီများနှင့် နိုင်ငံခြားချေးငွေ စီမံကိန်းဆိုင်ရာ လုပ်ငန်းတိုးတက်မှု ကြီးကြပ်ရေးနှင့် စာရင်းစစ်ဆေးရေးကော်မတီများအနေဖြင့် မူလစီမံကိန်း၏ လျာထားချက်များအတိုင်း မျက်ခြည်မပြတ်၊ စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက် ပေးသွားကြရမည် ဖြစ်ကြောင်း။

ယခုရရှိထားသည့် ချေးငွေအကူအညီများကို စနစ်တကျရှိရေးအတွက် အထူးဦးစားပေးပြီး စနစ်ကောင်းတစ်ခု ချမှတ်လုပ်ဆောင်နိုင်အောင် အပြန်အလှန် ညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ကျန်ရှိသည့် အစိုးရသက်တမ်းတစ်နှစ်တာကာလကို မိမိတို့၏ တာဝန်များ အပြည့်အဝ အောင်မြင်စွာ ထမ်းဆောင်နိုင်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်း လုံခြုံစိတ်ချရမှုအတွက်ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ပဲခူးတွင် ကော်မရှင်ဥပဒေများ သင်တန်းပို့ချ

**ပဲခူး ဒီဇင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်များနှင့် မြို့နယ်များမှ ကော်မရှင် အဖွဲ့ခွဲအသီးသီး၌ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ကြရသည့် ဥပဒေအရာရှိများကို ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင်အောင်မြင်စွာ ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ဥပဒေများ၊ နည်းဥပဒေများ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ ပြည်ထောင်စုကော်မရှင်ကြီး၏ ၂၀၁၀၊ ၂၀၁၁၊ ၂၀၁၂ အတွင်း ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်များကို ပဲခူးတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဇော်လင်းမောင်က ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ သင်တန်းပို့ချရာ တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိ ၅၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**




သင့်သွေးဖြင့်
အသက်ကယ်ပါ

ကျောင်းဖွင့်လှစ်ခြင်း နှစ်(၂၀)ပြည့်
ယနေ့မှစ၍ ဒီဇင်ဘာလကုန်ထိ အပ်နှံသူများအတွက်
ကျောင်းသားသစ် (15% Discount နှင့်)
ကျောင်းသားဟောင်း (15% + ပုံမှန် Discount)
ဆရာအာသာ SUCCESS Language Academy
လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ
(မြို့လယ်ကျောင်း) အမှတ်(၁၁၉) Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954

BASIC ENGLISH SPEAKING
1 - 2:30 (Mon ~ Thurs) 9,16 Dec
1 - 4:00 (Sat + Sun) 28 Dec
7:30 - 9 (Mon ~ Thurs) 29 Dec
6 - 7:30 (Mon ~ Thurs) 5 Jan
7:30 - 9 (Mon ~ Thurs) 12 Jan

BASIC FOUR SKILLS ENGLISH
1 - 4:00 (Sat + Sun) 7,28 Dec
10-11:30 (Mon ~ Thurs) 8,29 Dec
7:30-10:30 (Sat + Sun) 14 Dec
1 - 2:30 (Mon ~ Thurs) 15 Dec
3:30 - 5 (Mon ~ Thurs) 15 Dec

BASIC GRAMMAR
9 - 12:00 (Sat + Sun) 6 Dec
7:30-10:30 (Sat + Sun) 11 Jan

VOCAB ENRICHMENT
10-11:30 (Mon ~ Thurs) 9 Dec
1 - 2:30 (Mon ~ Thurs) 5 Jan

PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon ~ Thurs) 8 Dec
1 - 2:30 (Mon ~ Thurs) 9 Dec
10-11:30 (Mon ~ Thurs) 12 Jan

INTERMEDIATE (ACADEMIC ENGLISH)
10-11:30 (Mon ~ Thurs) 8 Dec
1 - 2:30 (Mon ~ Thurs) 29 Dec
7:30 - 9 (Mon ~ Thurs) 19 Jan

BASIC ENGLISH SPEAKING
7:30-10:30 (sat + Sun) 3,24 Jan
3:30 - 5 (Mon ~ Thurs) 5 Jan

PRE-INTERMEDIATE (4-SKILL ENGLISH)
6 - 7:30 (Mon ~ Thurs) 15 Dec
7:30 - 9 (Mon ~ Thurs) 5 Jan

INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon ~ Thurs) 6 Jan

BASIC FOUR SKILLS ENGLISH
3:30 - 5 (Mon ~ Thurs) 29 Dec
7:30 - 9 (Mon ~ Thurs) 30 Dec
10 - 11:30 (Mon ~ Thurs) 30 Dec
7:30-10:30 (Sat + Sun) 3,10 Jan
12 - 3:00 (Sat + Sun) 3 Jan
10 - 11:30 (Mon ~ Thurs) 5 Jan

BASIC GRAMMAR
12 - 3:00 (Sat + Sun) 3 Jan

BASIC WRITING
10 - 11:30 (Mon ~ Thurs) 8 Dec

INTEMEDIATE WRITING
12 - 3:00 (Sat + Sun) 3 Jan

IELTS (Preparation)
1 - 3:30 (Mon ~ Thurs) 19 Jan
1 - 4:30 (Sat + Sun) 24 Jan

IELTS Exam Practice
3:30 - 5 (Mon ~ Thurs) 12 Jan

IELTS (Speaking)
1 - 2:30 (Mon ~ Thurs) 29 Dec
IELTS (Reading)
10 - 12:00 (Mon ~ Thurs) 5 Jan
IELTS (Writing)
7:30 - 9 (Mon ~ Thurs) 29 Dec

GOLDEN STAR ခရီးသွားလုပ်ငန်း
Scania,Volvo,Yutong အဆင့်မြင့်ကားများဖြင့်…
☆ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
☆ငွေဆောင် (သော်ကြာ) ကားမျိုးစုံ စီးလုံးငှားသည်။
Ph: 209200, 430480, 544383, 703448, 705968

ခရီးသည် (၅) ဦးနှင့်အထက် စာရင်းသွင်းခြင်းဖြင့် Discount များရယူခံစားနိုင်ပါပြီ။
FIRST CHOICE Travel & Tour
ဗန်ကောက်၊ ပတ္တရား (၄ ည ၅ ရက်) Dec 25-29
ဖူးခက် (၃ ည ၄ ရက်) ကွမ်ကျိုး၊ဟောင်ကောင်၊မကာအို (၇ ည ၈ ရက်)
စင်္ကာပူ (၃ ည ၄ ရက်) ကမ္ဘောဒီးယား (၄ ည ၅ ရက်)
လာအို (၅ ည ၆ ရက်) ကိုရီးယား (၇ ည ၈ ရက်)
မီယက်နမ် (၅ ည ၆ ရက်) ဂျပန် (၈ ည ၉ ရက်)
Hotline No. 09421069966
ကုမ္ပဏီများ၊ မိသားစုများ၊ အသင်းအဖွဲ့များအတွက် သီးသန့်ခရီးစဉ်များကိုလည်း စိတ်တိုင်းကျစီစဉ်ဆောင်ရွက်ပေးနေပါပြီ။
09 421069966 - 09 73059081

ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတဦးသိန်းစိန် (၂၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့သို့ထွက်ခွာ



**နေပြည်တော် ဒီဇင်ဘာ ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံသမ္မတ မဒမ်ပတ်ဂွန်ဟေး၏ ဖိတ်ကြားချက်အရ (၂၅)ကြိမ်မြောက် အာဆီယံ - ကိုရီးယားဆက်ဆံရေး အထိမ်းအမှတ်ထိပ်သီးအစည်းအဝေးသို့ အာဆီယံဥက္ကဋ္ဌအဖြစ် တက်ရောက်ရန် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့သို့ ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်မှ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

နိုင်ငံတော်သမ္မတဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့တွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးကျော်ဆန်း၊ ဦးမြင့်လှိုင်၊ ဦးမောင်မြင့်၊ ဒေါက်တာကံဇော်၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

နိုင်ငံတော်သမ္မတ၏ ယခုခရီးစဉ်သည် ကိုရီးယားနိုင်ငံသို့ သွားရောက်သည့် ဒုတိယအကြိမ်မြောက်ခရီးစဉ်ဖြစ်ပြီး ပထမအကြိမ်အဖြစ် ကိုရီးယားသမ္မတနိုင်ငံ ယခင်သမ္မတဟောင်း မစ္စတာအီမြောင်ဘတ်၏ ဖိတ်ကြားချက်အရ ၂၀၁၂ ခုနှစ် အောက်တိုဘာလအတွင်းက ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့ခြင်းဖြစ်သည်။ ထို့အတူ ကိုရီးယားသမ္မတနိုင်ငံဘက်မှလည်း ယခင်သမ္မတဟောင်း မစ္စတာအီမြောင်ဘတ်သည် ၂၀၁၂ ခုနှစ် မေလအတွင်းက မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ပြီး ယခုလက်ရှိသမ္မတ မဒမ်ပတ်ဂွန်ဟေးသည်လည်း မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် ၂၀၁၄ ခုနှစ် နိုဝင်ဘာလက တာဝန်ယူကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် (၉)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ကိုရီးယားနိုင်ငံသည် အာဆီယံ၏ ဒုတိယကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံဖြစ်ပြီး ၁၉၈၉ ခုနှစ်မှ စတင်ကာ အာဆီယံ-ကိုရီးယား ဆက်သွယ်မှု စတင်ခဲ့ကြောင်း၊ ထို့အပြင် အာဆီယံဒေသတွင်း နိုင်ငံများသို့ ကိုရီးယားနိုင်ငံမှ အလည်အပတ် လာရောက်မှုသည် လေးသန်းကျော်ရှိကြောင်း၊ ကိုရီးယားနိုင်ငံသို့ အာဆီယံနိုင်ငံများမှ အလည်အပတ်သွားရောက်မှုသည် တစ်သန်းကျော်ရှိကြောင်းနှင့် ယခုထိပ်သီးအစည်းအဝေးကို ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဦးမြင့်နောင် ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးမြင့်နောင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃ ရက်တွင် ရောမမြို့၌ အီတလီသမ္မတနိုင်ငံသမ္မတ မစ္စတာ ဂျော်ဂျီယိုနာပိုလီတာနိုထံ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ **(သတင်းစဉ်)**


## ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၁၂-၂၀၁၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၃)၌ ပါရှိသည့် သံအမတ်ကြီး ဦးစိုးနွယ် သံအမတ်ခန့်အပ်လွှာ ပေးအပ်သတင်းတွင် "ဘာလင်မြို့" အစား "တာလင်မြို့"ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(မြန်မာ့အလင်း)**



**နိုင်ငံတော်သမ္မတဦးသိန်းစိန် နိုဝင်ဘာ ၁၃ ရက်က ကျင်းပခဲ့သည့် (၉) ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသော ကိုရီးယားသမ္မတနိုင်ငံသမ္မတ မဒမ်ပတ်ဂွန်ဟေးအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)



**၉-၁၀-၂၀၁၂ ရက်က ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိခဲ့သည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားတွင် ကိုရီးယားသမ္မတနိုင်ငံ သမ္မတဟောင်း အီမြောင်ဘတ်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲ အုပ်စုမဲခွဲပွဲ ယနေ့ပြုလုပ်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၅ အာရှချန်ပီယံလိဂ်ပြိုင်ပွဲနှင့် AFC Cup ပြိုင်ပွဲတို့အတွက် အုပ်စုများနှင့်ခြေစစ်ပွဲများ မဲခွဲပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ AFC ရုံး၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲနှစ်ခုစလုံးကို မြန်မာကလပ်အသင်းများ ယှဉ်ပြိုင်ခွင့်ရရှိထားပြီး ရတနာပုံအသင်းနှင့် ရေဝတီအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်သည်။ ရတနာပုံအသင်းသည် အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို ခြေစစ်ပွဲအဆင့်မှစတင်ကစားရမည်ဖြစ်ပြီး ရေဝတီအသင်းမှာ AFC Cup ပြိုင်ပွဲကို အုပ်စုအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ ရတနာပုံအသင်းသည် အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခြေစစ်ပွဲ၌ အဆင့်သုံးဆင့်ကစားရမည်ဖြစ်ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရပါက AFC Cup ပြိုင်ပွဲကို မြန်မာကလပ်အသင်းတစ်သင်းက ထပ်တိုးယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ရတနာပုံအသင်းသည် အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်ပြီး ရေဝတီအသင်းမှာမူ AFC Cup ပြိုင်ပွဲကို ဒုတိယအကြိမ် ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။ **ဖိုးသော်ဇင်**

နိုင်ငံတကာသတင်း

# ကမ္ဘာကြီးပူနွေးမှုကြောင့် ထိခိုက်မှုရှိသော ဆင်းရဲသည့်နိုင်ငံများ ဩစတြေးလျက ဒေါ်လာသန်း ၂၀၀ လှူဒါန်းမည်



**ဆစ်ဒနီ ဒီဇင်ဘာ ၁၀**

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ထိခိုက်နေသော ဆင်းရဲသောနိုင်ငံများအားကူညီရန် ဩစတြေးလျနိုင်ငံက ဒေါ်လာသန်း ၂၀၀ (အမေရိကန် ဒေါ်လာ ၁၆၆ သန်း) လှူဒါန်းခဲ့သည်။ ကုလသမဂ္ဂ ကျောထောက်နောက်ခံပြုသော အစိမ်းရောင် ရာသီဥတု ရန်ပုံငွေ(GCF)အတွက် အဆိုပါငွေကြေးကို နိုင်ငံ၏အကူအညီပေးရေးဘတ်ဂျက်မှ လေးနှစ်အတွင်း ထည့်ဝင်ပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်တိုနီအက်ဘော့တ်က ပြောသည်။

မစ္စတာ အက်ဘော့တ်၏ ကွန်ဆာဗေးတစ်ဝန်ကြီးအဖွဲ့သည် အစောပိုင်း၌ အဆိုပါ ရန်ပုံငွေတွင် အခြားချမ်းသာသော နိုင်ငံများမှ ပါဝင်ခြင်းကို ငြင်းဆိုခဲ့သည်။ ဩစတြေးလျနိုင်ငံသည် လူတစ်ဦးချင်း လေထုညစ်ညမ်းအောင် ပြုလုပ်ရာတွင် ကမ္ဘာ၌ အဆိုးရွားဆုံးနိုင်ငံဖြစ်သည်။ ဩစတြေးလျနိုင်ငံသည် ရာသီဥတုပြောင်းလဲရေးလုပ်ငန်းစဉ်များလုပ်ဆောင်ရာတွင် ကမ္ဘာ၌ အဆိုးရွားဆုံးနိုင်ငံဖြစ်သည်။ အစိုးရမဟုတ်သော အဖွဲ့နှစ်ဖွဲ့က အင်္ဂါနေ့တွင် ကြေညာချက်ထုတ်ပြန်ထားသည်။ အဆိုပါ ကြေညာချက်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်နေသူများက ကြိုဆိုလိုက်သည်။ သို့သော်လည်း ဩစတြေးလျနိုင်ငံခြားအကူအညီပေးရေး ဘတ်ဂျက်၌မည်သည့် ငွေမျှမရှိသေးပါဟု ဆိုသည်။ **(ဘီဘီစီ)**

# လာမည့်လများ၌ ဆီးရီးယားဒုက္ခသည်များကို အနောက်နိုင်ငံများက ပိုမိုလက်ခံမည်ဟု ကတိကဝတ်ပြု

**ဂျီနီဗာ ဒီဇင်ဘာ ၁၀**

လာမည့်လများတွင် ဆီးရီးယားဒုက္ခသည် အရေအတွက်ကို ၁၀၀၀၀၀ အထိ တိုးမြှင့်လက်ခံသွားမည်ဖြစ်ကြောင်း အနောက်နိုင်ငံများက ကတိကဝတ်ပြု ပြောဆိုလိုက်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ပြောသည်။

အဆိုပါ ကြေညာချက်ကို ယူအင်န်အိတ်ချ်စီအာရ်က ဂျီနီဗာ၌ ပြုလုပ်သော အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေး၌ ကြေညာလိုက်ခြင်းဖြစ်သည်။ ယင်းအရေအတွက်သည် ကုလသမဂ္ဂနှင့် အကူအညီပေးရေး အေဂျင်စီများက လိုလားနေသည့် အရေအတွက်ထက် နည်းပါးနေသည်ဟုဆိုသည်။

ဒုက္ခသည် သုံးသန်းနီးပါးသည် လက်ဘနွန်၊ တူရကီနှင့် ဂျော်ဒန်တို့၌ ရှိနေသည်။ ယခုထိတိုင်အောင် အနောက်နိုင်ငံများက ဆီးရီးယားဒုက္ခသည် ၆၂၀၀၀ အထိသာ ခွင့်ပြုနိုင်သေးသည်ဟု ဆိုသည်။ ဆီးရီးယားဒုက္ခသည်များသည် ကျန်းမာရေးအခြေအနေကြောင့် သော်လည်းကောင်း၊ စစ်ဘေးစစ်ဒဏ်ကြောင့် သော်လည်းကောင်း အကူအညီများလိုအပ်လျက်ရှိရာ အနောက်နိုင်ငံများက လက်ခံရန်ခွင့်ပြုပေးသည့်အတွက် ကြိုဆိုပါကြောင်း ယူအင်န်အိတ်ချ်စီအာရ်က ပြောသည်။

"နိုင်ငံပေါင်း ၂၈ နိုင်ငံက ဆီးရီးယားဒုက္ခသည်တွေ ပိုမိုလက်ခံဖို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် အိမ်နီးချင်းငါးနိုင်ငံကသာ သူတို့ကိုလက်ခံထားပါတယ်"ဟု ယူအင်န်အိတ်ချ်စီအာရ်အကြီးအကဲ အန်တိုနီယို ဂူတာရက်က အစည်းအဝေးမတိုင်မီ သတင်းထောက်များကို ပြောသည်။ **(ဘီဘီစီ)**



# ရွှေ့ပြောင်းအခြေချသူများ တင်ဆောင်လာသည့်သင်္ဘော အီတလီနိုင်ငံက ယာယီထိန်းသိမ်းခဲ့

**ရောမ ဒီဇင်ဘာ ၁၀**

အီတလီကမ်းခြေစောင့်တပ်ဖွဲ့သည် အရေးပေါ် ဖုန်းခေါ်ဆိုမှုတစ်ခုကို လက်ခံရရှိပြီးနောက် အီတလီ တောင်ဘက်ကမ်းလွန်ဒေသတွင် မောင်းနှင်နေသော ရွှေ့ပြောင်းနေထိုင်သူ ၅၀၀ တင်ဆောင်လာသည့် ကုန်တင်သင်္ဘောတစ်စင်းကို ယာယီထိန်းသိမ်းခဲ့သည်။

အဆိုပါ သင်္ဘောသည် အင်္ဂါနေ့တွင် ရက်ဂ်ဂီယိုက လာဘရီယာကမ်းလွန်ပင်လယ်ပြင် မိုင် ၉၀ ခန့်ခရီးအရောက်တွင် အီတလီကမ်းခြေစောင့်တပ်ဖွဲ့က ယင်းသင်္ဘောပေါ်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် အာဏာပိုင်များသည် ရွှေ့ပြောင်းနေထိုင်သူများကို ပင်လယ်အတွင်း အခြားသင်္ဘောပေါ်သို့ ရွှေ့ပြောင်းခြင်းမပြုနိုင်ရန် အဆိုပါသင်္ဘောကို ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ကရွန်တုန်းသို့ ခေါ်ဆောင်ခဲ့သည်။

အီတလီနိုင်ငံသည် အနောက်နိုင်ငံများတွင် ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်၊ အခွင့်အလမ်းများကို ရှာဖွေလိုသည့် အာဖရိကမှလာသော တရားမဝင် ရွှေ့ပြောင်းအခြေချသူများ၏ အရေးကို ကာလရှည်ကြာ ရင်ဆိုင်နေရသည်။ အနောက်နိုင်ငံများတွင် တရားမဝင်ရွှေ့ပြောင်းနေသူများ၏ အရေအတွက်မှာ ၂၀၁၁ ခုနှစ်ကတည်းက တဖြည်းဖြည်းတိုးတက်လာခဲ့သည်။

မြေထဲပင်လယ်ကို ဖြတ်ကျော်ရန် ကြိုးစားသည့် ရွှေ့ပြောင်းအခြေချသူ တစ်သိန်းကျော်ကို လွန်ခဲ့သည့်နှစ် အောက်တိုဘာလမှစတင်ကာ အီတလီနိုင်ငံ၏ "ကျွန်ုပ်တို့၏ ပင်လယ်"အစီအစဉ်ဖြင့် ၎င်းတို့ရင်ဆိုင်ကြုံတွေ့နေသည့်အန္တရာယ်မှ ကယ်တင်ခဲ့သည်။

အဆိုပါ အစီအစဉ်တွင် အမြဲတမ်းစောင့်ကြည့်ထောက်လှမ်းနေသော စစ်သင်္ဘောငါးစင်း ပါဝင်သည်။ ရွှေ့ပြောင်းအခြေချသူ ၃၆၀ တင်ဆောင်လာသည့်သင်္ဘောတစ်စင်းသည် လန်ပီဒူစ ကမ်းလွန်ပင်လယ်ပြင်၏ တစ်မိုင်အကွာတွင် နစ်မြုပ်ပြီးနောက် ၎င်းအစီအစဉ်ကို စတင်ခဲ့ခြင်းဖြစ်သည်။ **(ပရက်စ်တီဗွီ)**




## တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း နှင်းထူထပ်စွာကျဆင်း လေဆိပ်တစ်ခုနှင့် အမြန်လမ်းမကြီးများ ပိတ်ခဲ့ရ

**ရှန်ရန်း ဒီဇင်ဘာ ၁၀**

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်၌ နှင်းများထူထပ်စွာကျဆင်းမှုကြောင့် အမြန်လမ်းမကြီးခြောက်ခုနှင့် လေဆိပ်တစ်ခုကို ဗုဒ္ဓဟူးနေ့နံနက်ပိုင်းက ပိတ်ထားခဲ့ရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

အဆိုပါနှင်းများကျဆင်းမှုကြောင့် ပြည်နယ်၏ မြို့တော်ဖြစ်သော ရှန်ရန်းမြို့ရှိ တုန်ရှန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက စတင်ပိတ်ထားခဲ့ပြီး မွန်းလွဲ ၂ နာရီတွင် ပြန်လည်ဖွင့်လှစ်နိုင်မည်ဟု မျှော်လင့်ရသည်။ နှင်းကျဆင်းမှုကြောင့် လေကြောင်းလိုင်း ၂၀ ကျော် နှောင့်နှေးခဲ့ရပြီး ခရီးသည် ရာပေါင်းများစွာ သောင်တင်နေခဲ့သည်။ ထို့အပြင် အမြန်လမ်းမကြီးလေးခုကိုလည်း တစ်စိတ်တစ်ပိုင်း ပိတ်ထားခဲ့ရသည်။

မြောက်ပိုင်းဆိပ်ကမ်းမြို့၌လည်း ဆောင်းရာသီ၏ ပထမဆုံးနှင်းမုန်တိုင်းကို ဗုဒ္ဓဟူးနေ့၌ပင် တွေ့ကြုံခဲ့ရပြီး အမြန်လမ်းမကြီးခြောက်ခုကို ပိတ်ထားခဲ့ရသည်။ **(ဆင်ဟွာ)**

## ဘူကစ်ဒွန် ဘတ်စ်ကားပုံးပေါက်ကွဲမှု ဖိလစ်ပိုင်အစိုးရရှုတ်ချ

**မနီလာ ဒီဇင်ဘာ ၁၀**

ဖိလစ်ပိုင်နိုင်ငံ ဘူကစ်ဒွန်တောင်ဘက်ဒေသတွင် ခရီးသည်တင်ကား တစ်စီးပုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၁ ဦးသေဆုံးပြီး အခြား ၂၀ ဒဏ်ရာရရှိခဲ့သည်။ အစိုးရက ဒီဇင်ဘာ ၁၀ ရက်က အဆိုပါ ပေါက်ကွဲမှုအတွက် ပြစ်တင်ရှုတ်ချခဲ့သည်။

လူ့အသက်ပေါင်းများစွာ ဆုံးရှုံးမှုကို ဖြစ်ပေါ်စေသည့် ထိုအကြမ်းဖက်မှုများကို ကျွန်တော်တို့အနေနဲ့ ရှုတ်ချကြောင်း သမ္မတ၏ ဒုတိယပြောရေးဆိုခွင့်ရှိသူကပြောကြားသည်။ ထို့ပြင်တပ်မတော်က ဤဖြစ်ရပ်တွင် ပြစ်မှုကျူးလွန်သူများကို ရှာဖွေဖော်ထုတ်ရာ၌ ပြည်သူ့ရဲများကို အကူအညီပေးမည်ဟု ထပ်လောင်းပြောဆိုခဲ့သည်။ ဤဖြစ်ရပ်တွင် အသက်ဆုံးရှုံးခဲ့သူများကို ၎င်းတို့၏ မိသားစုများနှင့် ထပ်တူဝမ်းနည်းကြောင်း သမ္မတနန်းတော်က ပြောကြားပြီး အစိုးရက၎င်းတို့ကို လိုအပ်သည်များ ပံ့ပိုးကူညီလျက်ရှိသည်။ **(ဆင်ဟွာ)**

## မျိုးနွယ်စုဒေသ၌ ပါကစ္စတန်လေကြောင်းတိုက်ခိုက်မှု စစ်သွေးကြွ ၁၁ ဦးသေဆုံး

**ကရာချိ ဒီဇင်ဘာ ၁၀**

ပါကစ္စတန်တပ်မတော်က ပါကစ္စတန်အနောက်မြောက်ပိုင်း အာဖဂန်နယ်စပ်အနီး မျိုးနွယ်စုဒေသ၌ တာလီဘန်လိုလားသူ စစ်သွေးကြွများကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ စစ်သွေးကြွ ၁၁ ဦး သေဆုံးခဲ့သည်။

ဒီဇင်ဘာ ၁၀ ရက် သတင်းထုတ်ပြန်ချက်အရ အဆိုပါလေကြောင်းတိုက်ခိုက်မှုကို တာလီဘန်လိုလားသူများနှင့် လက်စ်ကာ အီးအစ္စလာမ်အဖွဲ့ဝင်များ၏ ဒုက္ခသည် စခန်းဖြစ်သော ခေဘားခရိုင်ရှိ ထရိတ်ဒေသ၌ အင်္ဂါနေ့ ညနေခင်းက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်တပ်မတော်သည် ခွဲဝေအုပ်ချုပ်ခံဒေသရှိ စစ်သွေးကြွအုပ်စုများကို ဆန့်ကျင်တိုက်ခိုက်မှုများကို ၂၀၀၄ ခုနှစ်ကတည်းက ပြုလုပ်ခဲ့သည်။ အာဖဂန်တစ်ဝန်း၌ အယ်လ်ခိုင်ဒါစစ်သွေးကြွများ၏ လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အဆိုပါတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကရာချိလေဆိပ်၌ စစ်သွေးကြွများ၏ စီးနင်းတိုက်ခိုက်မှုကြောင့် သေဆုံးမှုဖြစ်ပွားခဲ့သည့်အတွက် တာလီဘန်လိုလားသူကိုယ်စားလှယ်များနှင့် အစိုးရ၏ ဆိုင်းငံ့နေသော ငြိမ်းချမ်းရေးဆွေးနွေးမှုများ အဆုံးသတ်ခဲ့ရသည်။

ထို့နောက် ပါကစ္စတန်တပ်မတော်သည် ဝါဇီရစ္စတန်မြောက်ပိုင်းရှိ စစ်သွေးကြွများ ပုန်းအောင်းရာနေရာများကို အကြီးအကျယ်ထိုးစစ်ဆင်တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။

၎င်းတို့ နှစ်ဦးနှစ်ဖက်တိုက်ခိုက်မှု၌ ပါကစ္စတန်တပ်ဖွဲ့ဝင် ၁၂၆ ဦးနှင့် စစ်သွေးကြွ ၁၆၀၀ ကျော် သေဆုံးခဲ့ရသည်။

အဆိုပါတိုက်ခိုက်မှု၌ အရပ်သား အများအပြားသေဆုံးခဲ့ရသည်ဟု နိုင်ငံရေးသမားများက ပြောခဲ့သည်။ **(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်း

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် ဂေါသကလမ်း အမှတ်(၁၀)တွင် ပါတီရုံးချုပ်တည်ရှိသော **ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီ** သည် ယင်းတို့၏ ပါတီအမည်အား **ဗမာပြည်သူ့ပါတီ (Bamar People's Party)** ဟု အမည်ပြောင်းလဲခွင့်ပြုပါရန်နှင့် ပါတီ၏တံဆိပ်ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ၂၇-၁၁-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလျှောက်ထားလာပါသည်။

၂။ ယင်းသို့ တင်ပြလျှောက်ထားလာသည့် **ဗမာပြည်သူ့ပါတီ (Bamar People's Party)** ဟူသည့် အမည်နှင့် ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီတံဆိပ်ကိုကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ၇ ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဗမာပြည်သူ့ပါတီ (Bamar People's Party)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## စည်းကမ်းမဲ့ပြိုင်ကားနှင့် ပါဝါအိတ်ဇောတပ်မော်တော်ယာဉ်များ ဖမ်းဆီးရေးစီမံချက်အား အရှိန်အဟုန်မြှင့်ဖမ်းဆီးခဲ့ရာ စုစုပေါင်း ၆၉ စီး ဖမ်းဆီးရမိပြီးဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ စီမံချက်ကို အရှိန်အဟုန်မြှင့် ဖမ်းဆီးလျက်ရှိရာ ဒီဇင်ဘာ ၉ ရက် ညတွင် ရန်ကုန်မြို့အတွင်း စည်းကမ်းမဲ့စွာ မောင်းနှင်နေသော ပြိုင်ကား တစ်စီးအပါအဝင် ပါဝါအိတ်ဇောတပ် မော်တော်ယာဉ်အမျိုးအစားမျိုးစုံ ရှစ်စီးတို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ယခုဖမ်းဆီးရမိသည့် မော်တော်ယာဉ်များကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအရ အရေးယူဆောင်ရွက်



မည့်အပြင် ယာဉ်မှတ်ပုံတင်လိုင်စင်ရှိ/မရှိ စိစစ်ပြီး ယာဉ်မှတ်ပုံတင်မရှိသော မော်တော်ယာဉ်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၅ ရက်မှ ယနေ့အထိ စည်းကမ်းမဲ့ ပြိုင်ကားနှင့် ပါဝါအိတ်ဇောတပ် မော်တော်ယာဉ် ၆၉ စီး ဖမ်းဆီးရမိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယင်းသို့ ပြိုင်ကားများနှင့် ပါဝါအိတ်ဇောတပ်ဆင်ထားသည့် မော်တော်ယာဉ်များ စည်းကမ်းမဲ့စွာ မောင်းနှင်မှုကြောင့် အသံဆူညံစွာ ဖြစ်ပေါ်နေသဖြင့် အများပြည်သူတို့၏စိတ်တွင် အနှောင့်အယှက်ဖြစ်စေသည့်အပြင် ယာဉ်အန္တရာယ်များ ဖြစ်ပေါ်လာနိုင်သောကြောင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က စည်းကမ်းမဲ့ယာဉ်များကိုသာ ဖမ်းဆီးအရေးယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ကြပါရန် အသိပေးဖော်ပြအပ်ပါသည်။

(သတင်းစဉ်)

### မူးယစ်ဆေးသုံး လူညွန့်တုံး

## နောင်ချိုမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ဒီဇင်ဘာ ၈ရက်က မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီး၌ မူဆယ်မှ မန္တလေးသို့ "မြတ်မန္တလာထွန်း"ယာဉ်လိုင်းမှ ဦးကိုဖြိုး မောင်းနှင်လာသော 6C/-- မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ခုံအမှတ် ၄၁၊ ၄၂၊ ၄၃ တို့တွင် လိုက်ပါလာသူ ခရီးသည် မကော်ရန်မိန့်၊ မတွမ်ရှင်ရှိုးနှင့် မတွမ်ချင့်ဟွေးတို့အား ရှာဖွေရာ မကော်ရန်မိန့် သယ်ဆောင်လာသည့် လက်ဆွဲခြင်း၊ လက်ကိုင်အိတ်နှင့် ၄င်းဝတ်ဆင်ထားသည့် ဘောင်ဘီအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၇၀၀ ကိုလည်းကောင်း၊ မတွမ်ရှင်ရှိုး သယ်ဆောင်လာသည့် လက်ဆွဲခြင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ မတွမ်ချင့်ဟွေးသယ်ဆောင်လာသည့် လက်ဆွဲခြင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ကိုလည်းကောင်း စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀ ဖမ်းဆီးရမိသဖြင့် မကော်ရန်မိန့်(၄၂နှစ်)၊ မတွမ်ရှင်ရှိုး(၄၂ နှစ်)နှင့် မတွမ်ချင့်ဟွေး (၃၄ နှစ်)တို့ သုံးဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မကော်ရန်မိန့်၊ မတွမ်ရှင်ရှိုးနှင့် မတွမ်ချင့်ဟွေးတို့သုံးဦးအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## KIA (ကချင်)နှင့် RCSS/ SSA (ရှမ်းဆစ်) အဖွဲ့တို့မှ တပ်သားနှစ်ဦး ဥပဒေဘောင်အတွင်း ဝင်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

KIA (ကချင်) လက်နက်ကိုင်အဖွဲ့တပ်ရင်း (၂၃)မှ ကိုယ်ပိုင်အမှတ် A-၅၂၇၁၆၊ တပ်သားအဆင့်ရှိသူ စိုင်းအောင်သိန်း(ဘ) ဦးစိန်မောင် (၃၅ နှစ်) သည် ဒီဇင်ဘာ ၈ ရက် နံနက် ၈ နာရီခန့်တွင် မန်ဝိန်းကြီးကျေးရွာရှိ တပ်မတော်စစ်ကြောင်းထံသို့ လက်နက်မဲ့ဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည်။ ၄င်းသည် မိုးမိတ်မြို့နယ် မိုးဟောက်ကျေးရွာ၌ နေထိုင်သော ရှမ်းလူမျိုးဖြစ်ပြီး ၂၀၁၀ ပြည့်နှစ် ဇူလိုင်လအတွင်း နမ့်ဆန်ယန်ရွှေမှော်၌ လုပ်ကိုင်နေစဉ် KIA (ကချင်) လက်နက်ကိုင်အဖွဲ့က အဓမ္မဖမ်းဆီး၍ လူသစ်စုဆောင်းခြင်းခံရသူ ၃၆ ဦးထဲတွင် ပါရှိခဲ့သူဖြစ်ကြောင်း၊ KIA (ကချင်) လက်နက်ကိုင်အဖွဲ့သို့ မိမိသဘောဆန္ဒအလျောက် ဝင်ရောက်ခဲ့ခြင်းမဟုတ်သည့်အတွက် နေထိုင်လိုစိတ်မရှိခြင်း၊ လစာနှင့်ရိက္ခာလုံလောက်မှုမရှိခြင်း၊ မိသားစုနှင့်ခွဲခွာနေရခြင်းနှင့် အတင်းအကျပ်ခိုင်းစေနှိပ်စက်ခြင်းများကြောင့် ထွက်ပြေးလာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အလားတူ ဒီဇင်ဘာ ၉ ရက် နံနက် ၈ နာရီခွဲခန့်တွင် RCSS/ SSA (ရှမ်းဆစ်) အဖွဲ့မှ မောင်အိုက်လူ(ဘ) ဦးမောင်ငွေး (၁၄နှစ်)သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် နောင်ပိန်ရွာအနီး လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းထံသို့ လက်နက်မဲ့ဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည်။ ၄င်းသည် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း RCSS/SSA (ရှမ်းဆစ်) အဖွဲ့၏ တပ်သားသစ်အဖြစ် ဖမ်းဆီးချုပ်နှောင် စုဆောင်းခြင်းခံရသူဖြစ်ကြောင်း သိရသည်။ RCSS/SSA (ရှမ်းဆစ်) အဖွဲ့အနေဖြင့် ဒေသခံတိုင်းရင်းသားလူငယ် ကျား/မ မရွေး ဖမ်းဆီး၍ လူသစ်စုဆောင်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး အသက်မပြည့်သေးသည့် မောင်အိုက်လူကဲ့သို့ ကလေးသူငယ်များကိုပါ ဖမ်းဆီး၍ လူသစ်စုဆောင်းလျက်ရှိသဖြင့် ဒေသခံတိုင်းရင်းသားများအနေဖြင့် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)



စိုင်းအောင်သိန်း



မောင်အိုက်လူ


သမ္မတ၊ သွင်၊ မင်္ဂလာ၊ မင်္ဂလာစံပြ Top Royal
မန္တလေး - ဝင်းလိုက်၊ မြို့မ




နေပြည်တော်၊ မင်္ဂလာစံပြ
မန္တလေး မင်္ဂလာဒိုင်းမွန်း၊ အောင်သီရိ(လားရှိုး)




ရွှေဆောင်(၁)၊ မင်္ဂလာစံပြ၊
မင်္ဂလာဒိုင်းမွန်း (မန္တလေး)၊ အောင်သီရိ(လားရှိုး)




နေပြည်တော်(၃)၊ မင်္ဂလာ(၂)ဒဂုံစင်တာ(၂)
မင်္ဂလာဒိုင်းမွန်း(မန္တလေး)




နေပြည်တော်(၂)




ရွှေဆောင်(၂)၊ (မန္တလေး)မြို့မ (၁၀:၀၀)နာရီ




| သမ္မတ | သွင် | မင်္ဂလာ(၁) သိမ်ကြီးဈေး | မင်္ဂလာ(၂) ဒဂုံစင်တာ(၂) | မင်္ဂလာစံပြ | ရွှေဆောင်(၁) | ရွှေဆောင်(၂) | နေပြည်တော် | Top Royal(စိန်ဂေဟာ-ပါရမီ) | ဝင်းလိုက်(မန္တလေး) | မြို့မ(မန္တလေး) | မင်္ဂလာဒိုင်းမွန်း(မန္တလေး) |
|---|---|---|---|---|---|---|---|---|---|---|---|
| ၀၁-၂၄၆၉၆၂ | ၀၁-၃၇၂၅၉၄ | ၀၁-၂၄၃၀၅၇ | ၀၉၇၃၂၅၄၀၉၁ | ၀၉၇၃၁၃၇၆၀၀၀ | ၀၁-၅၂၂၁၁၃၂ | ၀၁-၃၇၀၃၈၇ | ၀၁-၅၅၁၂၇၇ | ၀၉၄၂၀၁၇၆၂၉၁ | ၀၂-၃၉၁၁၂၈ | ၀၂-၃၉၁၁၃၆ | ၀၉၄၀၂၅၆၆၄၁ |
| ၀၁-၂၄၆၉၆၃ | ၀၉၇၃၂၅၅၅၆၀ | ၀၁-၂၄၃၀၅၈ | ၀၉၇၃၂၅၄၀၉၂ | ၀၉၇၃၁၃၇၆၁၁၁ | ၀၁-၃၈၈၈၀၃၄ | ၀၉၇၃၀၀၁၇၀၄ | ၀၁-၅၅၁၂၈၈ | ၀၉၄၂၀၁၇၆၂၉၂ | ၀၂-၆၀၂၉၁ | ၀၂-၃၉၁၁၃၇ | ၀၉၄၀၂၅၆၆၄၂ |

ပွဲချိန်သတိပြု ၁၀:၀၀ နာရီ၊ ၁၂:၃၀ နာရီ၊ ၃:၀၀ နာရီ၊ ၆:၀၀ နာရီ၊ ၉:၀၀ နာရီ
Mingalar Cinemas facebook

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းအားမှန်ဖြင့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ကြပါစေ

နိုင်ငံ့ဝန်ထမ်း
တစ်ဦး

နိုင်ငံတစ်ခု ပြည့်စုံရမည့်အင်္ဂါရပ်များမှာ နိုင်ငံပိုင်နက်နယ်မြေ၊ သင့်တင့်သည့် လူဦးရေ၊ အုပ်ချုပ်သည့်အစိုးရ၊ အချုပ်အခြာအာဏာတို့ဖြစ်သည်ဟု ဆိုကြပါသည်။ အမိမြန်မာနိုင်ငံ အနေအထားအရ သုံးသပ်မည်ဆိုပါက နယ်မြေအကျယ်အဝန်းအရ၊ သင့်တင့်သည့်လူဦးရေရှိပြီး ပထဝီနိုင်ငံရေး (Geopolitic) အနေအထားအရ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အခြေအနေကောင်းများ ပိုင်ဆိုင်လျက်ရှိပါသည်။

အနောက်ဘက်နှင့် အရှေ့မြောက်ဘက်ရှိ ကမ္ဘာ့လူဦးရေ သန်းပေါင်း ထောင်ကျော်ရှိနေမှုနှင့် ၎င်း၏ စက်မှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုတို့အရ စီးပွားရေး နယ်ပယ်ချဲ့ထွင်လာကြသည်ကိုကြည့်ပါက နိုင်ငံအတွက် အခွင့်အလမ်းကောင်းများစွာ ဖြစ်ထွန်းလာနေပြီ ဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်မူဝါဒအရ အရှေ့ဘက်ကို စီးပွားရေးခရီးထွက်သည့်အခါ အမိနိုင်ငံမှ ဖြတ်သန်းရမည် ဖြစ်သည်။

တရုတ်နိုင်ငံမှ အာဖရိက၊ အရှေ့ပင်လယ်ကွေ့၊ ဥရောပဒေသတို့နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးခရီးလမ်းအတွက် အမိနိုင်ငံ၏တည်ရှိမှုအနေအထားသည် အလားတူ အခွင့်အလမ်းများလည်း ရှိနေပါသည်။ နိုင်ငံရေးအရရော စီးပွားရေးအရပါ အစိုးရသစ်ကာလတွင် တံခါးဖွင့်မှု၊ ပွင့်လင်းလာမှုတို့နှင့်အတူ ပြုပြင်ပြောင်းလဲရေးခရီးစဉ်ကြောင့် အမိနိုင်ငံကို နိုင်ငံတကာကပါ အာရုံစူးစိုက်လာခဲ့ကြပြီး အပြန်အလှန်ဆက်ဆံမှု၊ ထိတွေ့မှု၊ ညှိနှိုင်းမှု၊ ပူးပေါင်းဆောင်ရွက်မှုများစွာ တိုးတက်ဖြစ်ထွန်းလာနေပြီဖြစ်ပါသည်။ ယင်းသို့သော အခွင့်အလမ်းကောင်းများကို အမိအရဖမ်းယူ အသုံးချနိုင်မှသာ အကောင်အထည်ဖော်နိုင်မှသာ နိုင်ငံနှင့် လူမျိုးတို့ ကြီးပွားတိုးတက်မှုများ ရရှိလာနိုင်မည်ဖြစ်ပါသည်။

ယင်းတို့သော တွက်ချက်မှုဖြင့် ဆောင်းပါးရှင်တစ်ဦးက ဂျာနယ်တစ်ခုမှာ **"ပြိုင်တူတွန်းလျှင် ရွေ့သည်ဟု ဆိုပါလျှင်"** ဆောင်းပါးတစ်ခု ရေးသားဖော်ပြခဲ့ပါသည်။ ဆောင်းပါးအနှစ်ချုပ်မှာ နိုင်ငံနှင့် လူမျိုးကြီးပွားတိုးတက်ရန်အတွက် အစိုးရနှင့်ပြည်သူ စိတ်သဘောထားတူညီ လက်တွဲညီညီဦးရွက်ပြုသူကပြု၊ ပဲ့ကထမ်းသူကထမ်း၊ တက်ညီလက်ညီ ကြိုးပမ်းစေချင်သည့် သဘောတရားတစ်ခုဖော်ပြခြင်းဖြစ်ပါမည်။ အစိုးရနှင့်လွှတ်တော်အသီးသီး၊ ပါတီအသီးသီး၊ ပြည်သူအသီးသီးက သူ့တာဝန်၊ ကိုယ့်တာဝန်မခွဲခြားဘဲ ပြိုင်တူတွန်းအားပေး ကြိုးပမ်းဆောင်ရွက်လိုခြင်းဖြစ်ပါမည်။

နိုင်ငံ၏ကုန်းကြောင်း၊ ကုန်းတွင်းပိုင်း၊ ရေကြောင်းလမ်း၊ ပင်လယ်ကမ်းရိုးတန်းရှည်လျားမှု၊ ပင်လယ်ဆိပ်ကမ်းများ၊ ပင်လယ်ရေလမ်းကြောင်း၊ ကုန်းတွင်းပိုင်းနှင့် ပင်လယ်ပြင်သဘာဝအရင်းအမြစ်မြောက်မြားစွာ တည်ရှိနေမှုတို့ကို အကျိုးရှိရှိအသုံးချပြီး နိုင်ငံ၏နေဥစ္စာကြွယ်ဝအောင်လုပ်ကြရပါမည်။ သဘာဝအရင်းအမြစ်မရှိသလောက်ရှားပါးသည့် စင်ကာပူနိုင်ငံအနေဖြင့် ပင်လယ်ရေလမ်းကြောင်း အချက်အချာကျမှုကို အကျိုးရှိစွာ အသုံးချနိုင်သည့်အတွက် ကြွယ်ဝချမ်းသာနေမှုနှင့် အာရှနှင့် အရှေ့တောင်အာရှဒေသအတွက် နိုင်ငံတကာလေဆိပ်ဝင်ပေါက်ရှိခဲ့သည့် ထိုင်းနိုင်ငံအနေဖြင့် ပြင်ပခရီးသည်ဦးရေ နှစ်စဉ်သန်းပေါင်း ဆယ်ဂဏန်းကျော်ဝင်ထွက်သည့်အတွက် ဒေါ်လာသန်းပေါင်းများစွာ ရရှိခံစားနေလျက်ရှိပါသည်။ အမိနိုင်ငံအနေဖြင့် ပင်လယ်ရေလမ်းကြောင်း၊ ကုန်းတွင်းပိုင်းလမ်းကြောင်းများအရ၊ မျက်နှာစာ နှစ်ခုမှာ အားသာချက်များရှိနေသည့်အတွက် ယင်းသို့သော အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်ပြီး တန်ဖိုးရှိရှိအသုံးချနိုင်မည်ဆိုပါက နိုင်ငံနှင့်လူမျိုးတို့အတွက် ကြီးပွားမှုအခွင့်အလမ်းများစွာဖြစ်ထွန်းပေါ်ပေါက်နေပြီးဖြစ်ပါသည်။ ပြည်တွင်း ပြည်ပမှ ရရှိနိုင်သည့်ခေတ်မီစက်မှုနည်းပညာအရင်းအနှီးတို့ကို ပြည်သူတို့၏ ခွန်အားစွမ်းအားတို့နှင့်ပေါင်းစပ်ပြီး အကောင်အထည်ဖော်ရန်သာ လိုအပ်နေပြီဖြစ်ပါသည်။

နိုင်ငံတော် ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာဟူသည့်နယ်ပယ်သုံးရပ်ကို လွှတ်တော်၊ အစိုးရနှင့် တရားစီရင်မှုနယ်ပယ်တို့ရှိ ပြည်သူ့ကိုယ်စားလှယ်၊ ပြည်သူ့ဝန်ထမ်း (နိုင်ငံ့ဝန်ထမ်း)တို့က မှန်ကန်စွာ ကျင့်သုံးအကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။ နိုင်ငံ၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ယန္တရားတို့မှန်မှန်ကန်ကန်လည်ပတ်ရန်၊ နိုင်ငံ့ဝန်ထမ်းများသည်အရေးပါသည့်နေရာမှ ဦးစီးဦးဆောင်ကြရမည့်သူများဖြစ်ကြပါသည်။ နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူတို့၏ အခွန်အခမှ ရလာသည့် ဝန်ထမ်းလစာ၊ ဝန်ထမ်းအိမ်ရာအပါအဝင်၊ ပြည်သူ့ဝန်ထမ်းများအတွက် လိုအပ်သည်များ ရရှိခံစားနေကြသူများဖြစ်ကြပါသည်။ ပြည်သူတို့၏ အထောက်အပံ့များဖြင့် ပြည်သူ့ဝန်၊ ပြည်သူ့ အရေးကိစ္စတို့ကို အကျိုးပြုဖော်ဆောင်ကြရသူများဖြစ်ကြရန်လိုအပ်ပါသည်ဟု ဆိုချင်ပါသည်။ အစိုးရက ပြဋ္ဌာန်းသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းတို့ကို နည်းမှန်လမ်းမှန် လိုက်နာကျင့်သုံးကြရမည် ဖြစ်ပါသည်။

ယခင်လမ်းစဉ်ပါတီခေတ်က နိုင်ငံ့ဝန်ထမ်းများအား လူကောင်း၊ လူတော်ဖြစ်ရန်လိုကြောင်း ဆွေးနွေးခဲ့ဖူးသည်။

နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ ပြည်သူ့ဝန်ကို ထမ်းရွက်ကြရမည့်သူများဖြစ်ကြသကဲ့သို့ အစိုးရ၏ တိုင်းပြည်နှင့်လူမျိုးကောင်းစားရေး ရွက်ဆောင်ကြိုးပမ်းနေသည့်အချိန်တွင် တစ်နိုင်ငံလုံးရှိ ပြည်သူတစ်ရပ်လုံး လိုက်ပါဆောင်ရွက်ကြရန်အတွက် အစိုးရနှင့်ပြည်သူအကြား စည်းရုံးရေးမှူးများအဖြစ် ထမ်းရွက်ကြရသူများဖြစ်ကြပါသည်။ သို့အတွက် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် စောင့်ထိန်းအပ်သော ဝန်ထမ်းကျင့်ဝတ်၊ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းနှင့် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို နည်းမှန်လမ်းမှန် ကျင့်သုံးကြရမည် ဖြစ်သကဲ့သို့ ဝန်ထမ်းတစ်ဦးချင်း ကိုယ်ကျင့်သိက္ခာအကျင့်သီလတို့နှင့် ပြည့်စုံကြရပေမည်။

ဤသို့ ဝန်ထမ်းကောင်းများအဖြစ် ရပ်တည်ခွင့်ရှိလာမည်ဖြစ်ပြီး ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုး၊ ဌာနအကျိုးသုံးပါးတို့ကို အမှန်တကယ်ထမ်းရွက်ကြသူများအဖြစ် ရောက်ရှိလာမည်ဖြစ်ပါသည်။ ထိုမှသည် နိုင်ငံအဝန်းရှိဝန်ထမ်းထုတစ်ရပ်လုံးသည် ပြည်သူထဲမှ ပေါက်ဖွားလာသူများ ဖြစ်ကြသည်နှင့်အညီ ပြည်သူကို ကျေးဇူးပြုသော ပြည်သူ့ဝန်တာအရပ်ရပ်ကို ကျေပွန်စွာထမ်းဆောင်ကြသူများ ဖြစ်ကြသူများအဖြစ် ပြည်သူတစ်ရပ်လုံးမှ အားကိုးယုံကြည်ရသော ဝန်ထမ်းများ ဖြစ်လာကြမည်ဖြစ်သည်။ ငယ်ရွယ်စဉ် မူလတန်းကျောင်းသားဘဝက သင်ကြားခဲ့ရသော မိမိကိုယ်ကိုယ် ကောင်းအောင်ကြိုးစားမည်၊ မိမိအတန်းနှင့် ကျောင်းကိုကောင်းအောင် ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်ဆိုသကဲ့သို့ ဝန်ထမ်းကိုယ်စီတို့သည် ဝန်ထမ်းကောင်းမှ ဌာနကောင်းမည်၊ ဌာနကောင်းမှ တိုင်းပြည်ကောင်းမည်ဆိုသော သဘောတရားကို လက်ကိုင်ကျင့်သုံးအပ်လှပေသည်။

ဝန်ထမ်းအချင်းချင်း သံယောဇဉ်တရား၊ မေတ္တာတရား၊သစ္စာတရားတို့ဖြင့် ထုံမွမ်းအပ်လှပေသည်။ ဝန်ထမ်းအချင်းချင်း ဆက်ဆံရေး ကောင်းမွန်မှု၊ တာဝန်ဝတ္တရားကျေပွန်စွာထမ်းဆောင်မှု၊ စိတ်ဝမ်းတူညီရှိကြမှုတို့ဖြင့် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုရှိကြရပေမည်။

ဌာနတိုင်းရှိ ဝန်ထမ်းအသီးသီး၏ အခြေခံရပိုင်ခွင့်များဖြစ်သည့် ဝန်ထမ်းခန့်ထားရေး၊ ရာထူးတိုးမြှင့်ရေး၊ ပြောင်းရွှေ့ရေးနှင့် လစာစရိတ်ခံစားရရှိမှုများ၊ နေထိုင်သွားလာမှုများ၊ အဆင်ပြေစွာရရှိခံစားရေးနှင့်လုပ်ငန်းခွင်လုပ်ကိုင်မှု လွယ်ကူချောမွေ့စေခြင်းတို့ဖြင့် ဝန်ထမ်းများသည် ဌာနတွင်း ပျော်ရွှင်ချမ်းမြေ့စွာဖြင့် အလုပ်များ ကြိုးပမ်းလုပ်ကိုင်လိုစိတ်များ၊ ပွားများလာစေမည်ဖြစ်ပါသည်။ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်က ပြဋ္ဌာန်းထားသော ဥပဒေ စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေများကို လိုက်နာကျင့်သုံးရမည်ဖြစ်သလို၊ ဌာနစည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများကိုပါ တစ်ပြိုင်နက် လိုက်နာကျင့်သုံးနေရမည်ဖြစ်ပေသည်။ နိုင်ငံတစ်ဝန်း၊ ဌာနအသီးသီးရှိ ဝန်ထမ်းတိုင်းသည် နိုင်ငံတော်ကချမှတ်ပေးသောရည်မှန်းချက် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် ပြည်သူတစ်ရပ်လုံး၏ ရှေ့မှောက်တွင် နိုင်ငံ့၏ အစိုးရကိုယ်စား၊ တိုင်းပြည်နှင့်လူမျိုးကောင်းစားရေးအတွက် ပြည်သူတစ်ရပ်လုံးအတွက် ဦးစီးဦးဆောင်များ၊ပြည်သူ့ကိုယ်စားပြု နိုင်ငံ့ဝန်ထမ်းများအဖြစ် ဝင့်ထည်စွာရပ်တည်ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။ နိုင်ငံဝန်ထမ်းတိုင်းသည် ဆရာကောင်းသမားကောင်းများ၏ ကျင့်ထုံးဖြစ်သည့် စေတနာ၊ ဝါသနာ၊အနစ်နာဟုဆိုအပ်သော နာသုံးနာဖြင့် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုး ရွက်ဆောင် ကြိုးပမ်းကြသူများဖြစ်ကြပါစေကြောင်း ဆန္ဒပြုလိုက်ရပါသည်။

**● နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ ပြည်သူ့ဝန်ကို ထမ်းရွက်ကြရမည့်သူများဖြစ်ကြသကဲ့သို့ အစိုးရ၏ တိုင်းပြည်နှင့် လူမျိုးကောင်းစားရေးရွက်ဆောင် ကြိုးပမ်းနေသည့်အချိန်တွင် တစ်နိုင်ငံလုံးရှိ ပြည်သူတစ်ရပ်လုံးလိုက်ပါ ဆောင်ရွက်ကြရန်အတွက် အစိုးရနှင့် ပြည်သူအကြား စည်းရုံးရေးမှူးများ အဖြစ် ထမ်းရွက်ကြရသူများဖြစ်ကြပါသည်**

## ပွင့်ဖြူမြို့နယ် ရွှေလှေကျေးရွာ၌ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

**သတင်း-ငှုလိုင်မိုး**
**ဓာတ်ပုံ-အိမ့်ထက်မှူး**

**ပွင့်ဖြူ ဒီဇင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရွှေလှေကျေးရွာတွင် လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၇ ရက် နံနက် ၈ နာရီခွဲက ရွှေလှေကျေးရွာ၌ ဖွင့်လှစ်ခဲ့သည်။

ရွှေလှေကျေးရွာသို့ လျှပ်စစ်မီးရရှိရန် လယ်ကိုင်းမှရွှေလှေ ငါးမိုင်အကွာအဝေးသို့ 11 KV ဓာတ်အားလိုင်းများ ဆောင်ရွက်ခြင်း၊ ထရန်စဖော်မာ(315 KVA) တည်ဆောက်ခြင်းလုပ်ငန်းများကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ချေးငွေကျပ်သိန်း ၁၅၀၀ နှင့် ဒေသခံပြည်သူများ၏ အလှူငွေကျပ် သိန်း ၂၆၀ စုစုပေါင်း ငွေကျပ်သိန်း ၁၇၆၀ ဖြင့် အောင်မြင်စွာ ပြီးစီးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလင်းရေးတွင် ရွှေလှေကျေးရွာနှင့် ထနောင်းကုန်းကျေးရွာများရှိ အိမ်ခြေ ၁၇၀ တို့တွင် မီးလင်းနိုင်ခဲ့ပြီဖြစ်သည်။ ဆက်လက်၍မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ချေးငွေဖြင့် ရွှေလှေကျေးရွာအုပ်စုအတွင်းရှိ ရွာထောင်၊ ပေါက်စု၊ ချွန်းစု၊ ဂုတ်ကုန်း၊ မှရိုးကုန်းနှင့် ဖိုးပေါက်စုကျေးရွာတို့ကိုလည်း လျှပ်စစ်မီးလင်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။



အဆိုပါရွှေလှေကျေးရွာ လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

"ကျွန်တော်တို့ ယခုလိုလျှပ်စစ်မီးရရှိဖို့ ကြိုးစားလာတာသုံးနှစ်လောက်ရှိပါပြီ။ ဒါပေမယ့် ငွေကြေးအခက်အခဲကြောင့် မအောင်မြင်ခဲ့ပါဘူး။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ချေးငွေနဲ့ အခုလိုဆောင်ရွက်နိုင်ခဲ့လို့ ဝမ်းသာပါတယ်။ ယခင်က ကျေးရွာမှာ မီးစက်ကနေပြီးပေးတဲ့ မီးကို ညနေ ၆ နာရီမှ ည ၉ နာရီအထိပဲ သုံးစွဲခဲ့ရတယ်။ အခုဆို လျှပ်စစ်မီးရရှိတဲ့အတွက် ကျေးရွာထဲမှာရှိတဲ့ ကျောင်းသူ ကျောင်းသားတွေအတွက်လည်း အဆင်ပြေသွားပါတယ်" ဟု ရွှေလှေကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က ပြောသည်။



## ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**လယ်ဝေး ဒီဇင်ဘာ ၁၀**

နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေသည် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်နှင့်အတူ ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီက လယ်တောကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက၊ လယ်တောကြီးကျေးရွာအလယ်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာသူ ကျေးရွာသားများအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေးတို့ကို ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် ဝက်ပုတ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ပေ (၈၀×၃၀) အာရ်စီတစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီးကျောင်းသား ကျောင်းသူများ၊ ဒေသခံများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့ ရွှေနံ့တိုးစေတီတော် ရွှေထီးတော်တင်လှူပွဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး တက်ရောက်ကြည်ညို

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေထီးတော်မြတ်အား တရော်ကင်ပွန်းရည်၊ ရေစင်ရေသန့်နှင့် ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်စဉ်။ (မြဝတီ)



**နေပြည်တော် ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့ ရွှေနံ့တိုးစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူခြင်း၊ အနေကဇာတင်ခြင်းနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မင်းနောင်နှင့် ဇနီး၊ စေတနာရှင်အလှူရှင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘုရားဖူးရုံ၌ နိုင်ငံတော်သြဝါဒါစရိယ ရွှေဘိုမြို့ ပုခန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဇဓမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိမလာဘိဝံသ မဟာထေရ်မြတ်အမှူးပြုသော ဆရာတော်အရှင်သူမြတ်များထံ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့နှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ဘုရားဒါယကာများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်တို့ကိုပင့်ဆောင်၍ စေတီတော်ကို လက်ယာရစ်လှည့်လည်၍ ပူဇော်ကြသည်။

ယင်းနောက် ရွှေထီးတော်ဘုံအဆင့်ကို မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဘုရားဒါယကာများက စေတီတော်အထွတ်၌ တပ်ဆင်ကပ်လှူပူဇော်ကြသည်။ ထို့နောက် ကျန်ရွှေထီးတော်ဘုံအဆင့်တို့ကို အစီအစဉ်အတိုင်း မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အမှူးပြုသော ဘုရားဒါယကာများက သာသနာ့အောင်လံတော်ကို လွှင့်ထူပူဇော်၍ ရွှေထီးတော်မြတ်ကို တရော်ကင်ပွန်းရည်၊ ရေစင်ရေသန့်များဖြင့် သန့်စင်သွန်းလောင်း ပူဇော်ခြင်း၊ ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်ခြင်းတို့ ဆောင်ရွက်ကြသည်။

ရွှေနံ့တိုးစေတီတော်ကို သာသနာသက္ကရာဇ် ၂၁၈ ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီးက ရွှေမုဋ္ဌောစေတီအမည်ဖြင့် တည်ထားခဲ့၍ မင်းအဆက်ဆက် ကိုးကွယ်တော်မူခဲ့သည်။ ကောဇာသက္ကရာဇ် ၄၇၇ ခုနှစ်တွင် အလောင်းစည်သူမင်းတရားကြီးက ရွှေမုဋ္ဌောစေတီတော်ကို ရွှေနံ့တိုးစေတီတော်အဖြစ် ဌာပနာလျက် အသစ်တစ်ဖန်ငုံ၍ တည်ထားကိုးကွယ်တော်မူခဲ့သည်။ အဆိုပါစေတီတော်သည် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်နံနက် ၇ နာရီ ၄၅ မိနစ်တွင် မြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့ရသည်။ ရွှေနံ့တိုးစေတီတော်ကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ် အမှူးပြု၍ စေတနာရှင်၊ အလှူရှင်များ၏ လှူဒါန်းမှု အစုစုတို့ဖြင့် မူလစေတီတော်ကို ပြုပြင်မွမ်းမံကာ ဉာဏ်တော် ကိုးပေ ထပ်မံမြှင့်တင်တည်ထားပူဇော်ခဲ့ပြီး ယနေ့တွင် ရွှေထီးတော်တင်လှူခြင်း၊ အနေကဇာတင်ခြင်းနှင့်ရေစက်ချမင်္ဂလာအခမ်းအနားတို့ကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့်အဖွဲ့သည် ကျောက်မြောင်းမြို့ရှိ အလောင်းမင်းတရားကြီး တည်ထားကိုးကွယ်ခဲ့သော အောင်မြေ ဆုတောင်းပြည့်စေတီသို့ရောက်ရှိပြီး ပန်း၊ ရေချမ်းနှင့် ဆီမီး ကပ်လှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ဟန်လင်း ပျူယဉ်ကျေးမှုအမွေအနှစ်နယ်မြေသည် ခိုင်မာသောယဉ်ကျေးမှုသမိုင်းမှတ်တိုင်တစ်ခုဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ဟန်လင်း ပျူယဉ်ကျေးမှုအမွေအနှစ်နယ်မြေသည် ခိုင်မာသောယဉ်ကျေးမှု သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပါကြောင်း၊ မြန်မာတို့အတွက် တန်ဖိုးမဖြတ်နိုင်သော ဂုဏ်ယူစရာအမွေအနှစ်ဖြစ်ပါကြောင်း၊ နောင်လာနောက်သား လူငယ်များအတွက် လေ့လာသင့် လေ့လာထိုက်သောနေရာတစ်ခုဖြစ်ပြီး မျိုးချစ်စိတ်ဓာတ်အတွက် အခြေခံနေရာလည်းဖြစ်ကြောင်း၊ ယခုကဲ့သို့ တွေ့ရှိအတည်ပြုနိုင်မှုသည် သမိုင်းအတွက် အဖိုးမဖြတ်နိုင်သော အောင်မြင်မှုရလဒ်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဟန်လင်းရှေးဟောင်းသုတေသနပြတိုက် ရှင်းလင်းဆောင်တွင် ဆွေးနွေးပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သောအဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ဟန်လင်းပျူယဉ်ကျေးမှုအမွေအနှစ်နယ်မြေသို့ရောက်ရှိရာ ဟန်လင်း ရှေးဟောင်းသုတေသနပြတိုက် ရှင်းလင်းဆောင်၌ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ဟန်လင်းပျူယဉ်ကျေးမှုအမွေအနှစ် နယ်မြေဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အချို့သောလက်ဝတ်ရတနာများသည် ယနေ့တိုင် ခေတ်မီထူးခြားဆဲဖြစ်၍ ဟန်လင်းပျူခေတ်၏မြင့်မားသော လက်မှုပညာရပ်ကို မှန်းဆနိုင်ပြီး အနုစိတ်လက်ရာအချို့သည် ယနေ့တိုင် တုပပြုလုပ်၍ မရနိုင်ကြောင်း၊ ဟန်လင်းနယ်မြေ၌ နေထိုင်သူများအတွက် ဂုဏ်ယူစရာဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သုတေသနပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ကုန်းအမှတ်(၁၇) မြို့ဝင်ပေါက်၊ ကုန်းအမှတ်(၉)လူထုခန်းမဆောင်ကြီး၊ ကုန်းအမှတ်(၂၂) ဘာသာရေးအဆောက်အအုံ၊ ကုန်းအမှတ်(၂၆) သင်္ချိုင်းဟောင်းနေရာတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုက်လံရှင်းလင်းပြသသည်။



ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟန်လင်းမြို့ ရေပူစမ်းသို့ သွားရောက် ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)(မြဝတီ)**

# သီတဂူစက္ခုဒါနဆေးရုံတော် ကျွန်းလှမြို့နယ်တွင် ဖွင့်လှစ်တော့မည်

**စစ်ကိုင်း ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းတောင်ရိုး IBEC ဗုဒ္ဓဘာသာပညာရေးစင်တာ ပဓာန နာယကဆရာတော် ဘဒ္ဒန္တသောဘိတ ဦးဆောင်မှုဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်မြင့်မြင့်သန်းမိသားစုက မတည်ဆောက်လုပ်လှူဒါန်းကာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ကျွန်းလှမြို့မှ ပြည်သူများ စုပေါင်းကောင်းမှုဖြင့် ဆောက်လုပ်ခဲ့သော သီတဂူစက္ခုဒါနဆေးရုံတော်မှာ ဆောက်လုပ်ပြီးစီးသွားပြီဖြစ်၍ ဆေးရုံတော်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက် ည ၇ နာရီတွင် သီတဂူဓမ္မသဘင်တရားပွဲ၊ လူမျိုးမရွေး ဘာသာမရွေး အခမဲ့ဝင်ရောက် စားသောက်နိုင်မည်။ နိဗ္ဗာန်ဈေးပွဲတော်ကို ဒီဇင်ဘာ ၁၇ ရက်အထိ သမားတော်ကြီးများက မျက်စိခွဲစိတ်ကုသပေးပြီး သွားရောဂါဝေဒနာရှင်များကိုလည်း ကုသပေးမည်ဖြစ်သည်။ ဒီဇင်ဘာ ၁၇ ရက် ညတွင် ခုနစ်စင်ကြယ်အဖွဲ့၊ ဒီဇင်ဘာ ၁၈ ရက်ညတွင် စိန်မဟာသဘင်မှ မင်းသားချောစံဟိန်း၊ နန်းခင်မွှေးနှင့် အနုပညာရှင်များ၏ ရသစုံဖျော်ဖြေပွဲ၊ ဒီဇင်ဘာ ၁၉ ရက်ညတွင် ရုပ်ရှင်သရုပ်ဆောင် နေမင်း၊ ဝါဆိုမိုးဦး၊ အနုပညာရှင်များ ရသစုံဖျော်ဖြေပွဲ၊ ဒီဇင်ဘာ ၂၀ ရက်ညတွင် နှင်းဆီအဖွဲ့ဝင်များဖြစ်သော သရုပ်ဆောင် မင်းမော်ကွန်း၊ နေတိုး၊ ကျော်ကျော်ဗို၊ ထွန်းထွန်း၊ ဖူးစုံ၊ မိုးယုစံတို့ ခေါင်းဆောင်ပါဝင်သော ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)၏ ဟာသပြဇာတ်ဖြင့် ဖျော်ဖြေမည်ဖြစ်သည်။

သီတဂူစက္ခုဒါန ဆေးရုံတော်ကို စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၆၅၀၀ ဖြင့် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

## မိုးလေဝသအခြေအနေ

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ၌ ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။





ပြည်တွင်းသတင်း

● *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Paradise ဟိုတယ်သို့ ရောက်ရှိကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတသည် ဘူဆန်မြို့ရှိ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် Mr. Won Bae Dahn နှင့် စီးပွားရေးနှင့် စက်မှုလက်မှု ခေါင်းဆောင်များက Paradise ဟိုတယ်၌ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် Mr. Won Bae Dahn နှင့် စီးပွားရေးနှင့် စက်မှုလက်မှု ခေါင်းဆောင်များက တည်ခင်းဧည့်ခံသည့် ညစာစားပွဲတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# လွတ်လပ်မျှတသော ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာစွာကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၁၀**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် THE CARTER CENTER မှ Mr. Frederick Rawski ဦးဆောင်သည့် အဖွဲ့နှင့် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို အောက်တိုဘာလကုန် သို့မဟုတ် နိုဝင်ဘာလ ပထမပတ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ လွတ်လပ်မျှတသော ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာစွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် နိုင်ငံတကာရွေးကောက်ပွဲ လေ့လာရေးအဖွဲ့များ ဖိတ်ကြားသွားမည်ဖြစ်ကြောင်းနှင့် ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲများ၊ မြန်မာနိုင်ငံပြောင်းလဲမှု ဖြစ်စဉ်များကို ရှင်းလင်းပြောကြားသည်။

The Carter Center မှ Mr. Frederick Rawski က Carter Center မှ ကနဦး ဆန်းစစ်လေ့လာရေးအဖွဲ့နှင့် မိတ်ဆက်ပေးပြီး ၄င်းအဖွဲ့က ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များကို လည်းကောင်း၊ ဒီဇင်ဘာလတွင် နှစ်ဦးကို ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်သို့လည်းကောင်း၊ နောက်ထပ် နှစ်ဦးကို ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်များသို့လည်းကောင်း စေလွှတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက်ကော်မရှင်ဥက္ကဋ္ဌက သွားရောက်ရာတွင် သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အစိုးရအဖွဲ့နှင့် တွေ့ဆုံလိုပါက အသိပေးတင်ပြရန်နှင့် တွေ့ဆုံနိုင်ရေးအတွက် ကော်မရှင်မှ ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြောကြားကြောင်း သိရသည်။ **(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

ဆဋ္ဌမနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးက ဆွေးနွေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်တစ်ဦးက "ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အတွင်းမှာ ရှေးနှစ်ပေါင်းများစွာကပင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်းဆိုပြီး တိုင်းရင်းသား လူမျိုးစုများ အတူတကွပူးပေါင်း နေထိုင်လာခဲ့ကြတာ အားလုံးအသိပင်ဖြစ်ပါကြောင်း၊ လူမျိုးစုတွေဟာ အတူတကွပူးပေါင်း နေထိုင်လာခဲ့ကြသော်လည်း လူမျိုးစုအလိုက် ဓလေ့ထုံးစံ၊ ကိုးကွယ်ရာဘာသာ၊ ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကား ကွဲပြားခြားနားမှုတွေရှိတာ အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ဒါကြောင့်နိုင်ငံတော်၏အသက်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် ဆွေးနွေးသည့်အခါတွင် ခြောက်ပွင့်ဆိုင် ဆွေးနွေးရုံ၊ တိုင်းရင်းသားကိုယ်စားလှယ်တစ်ဦးတည်းဆွေးနွေးရုံနှင့်မလုံလောက်ဘဲ ကျန်တိုင်းရင်းသားများ တိုင်းရင်းသား ပင်မမျိုးနွယ်စုကြီး ခုနစ်မျိုးပါ ထည့်သွင်းဆွေးနွေးမှသာလျှင် ပိုမိုပြည့်စုံသည့် ဆွေးနွေးချက်ဖြစ်မည်ဟု မိမိအနေဖြင့်ယူဆပါကြောင်း၊ ထို့ကြောင့် ကရင်တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းအောင်မြင့်၏ အဆိုကို လွှတ်တော်က အတည်ပြုပေးသင့်ပါကြောင်း" ဖြင့် ဆွေးနွေးတင်ပြသည်။

အဆိုရှင် ကရင်တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းအောင်မြင့်က ၄င်း၏ သဘောထားနှင့်စပ်လျဉ်း၍ "မဆုံးဖြတ်ခင်ကြိုတင်ပြီး အဆိုတင်သွင်းခြင်း မဟုတ်ကြောင်း၊ အစကောင်းမှ အနှောင်းသေချာစေရန် တင်ပြခြင်းဖြစ်ကြောင်း၊ မိမိကိုယ်ပိုင်အသိနှင့်ဖြစ်ကြောင်း၊ အရေးကြီးဆုံးအချက်က ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ကို ကန့်ကွက်ခြင်း လုံးဝမဟုတ်ပါကြောင်း၊ ထည့်သွင်းစဉ်းစားနိုင်ရန် အကြံပြုတင်ပြခြင်းဖြစ်ပါကြောင်း၊ မိမိတို့ဦးနှောက်များများဖြင့် ဝိုင်းပြီးဆုံးဖြတ်လျှင် ပိုပြီးကောင်းမည်ဖြစ်ကြောင်း၊ နောက်တစ်ချက်က တိုင်းဒေသကြီး ဝန်ကြီးတစ်ဦးအနေနဲ့ ပုဂ္ဂိုလ်ရေးထောက်ခံမှုရဖို့ တင်ပြခြင်းမဟုတ်ကြောင်း၊ အနာဂတ်နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် တင်သွင်းခြင်းဖြစ်၍ လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါကြောင်း"ဖြင့် ပြောကြားသည်။

ယင်းအရေးကြီးအဆိုနှင့် ပတ်သက်၍ လွှတ်တော်၏ ဆန္ဒသဘောထားကို ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒပြုခြင်းကို ဆောင်ရွက်ရာ ယနေ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ် ၁၂၂ ဦးအနက် ၁၁၀ ဦး တက်ရောက်ခဲ့ပြီး ထောက်ခံမဲ ၉၉ မဲ၊ ကန့်ကွက်မဲ ၉ မဲဖြင့် လွှတ်တော်က အတည်ပြုသည်။

အရေးကြီးအဆိုနှင့်ပတ်သက်၍ ယနေ့ ကျင်းပသည့် အစည်းအဝေးတွင် ပါဝင်ဆွေးနွေးခဲ့သော ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်ကြည်ကြည်မာက "အခြေခံဥပဒေ ပြင်ဆင်ရေးမှာ ဆွေးနွေးဖို့ဆိုရင် ဒါက အဓိကကတော့ ကိုယ်စားပြုမှုပေါ့၊ ကိုယ်စားပြုမှုမှာ အစုံပါဖို့လိုပါတယ်။ ခြောက်ပွင့်ဆိုင်ဆိုတဲ့အစား ၁၂ ပွင့်ဆိုင် ၁၂ ဦး ဆွေးနွေးတယ်ဆိုရင် ပိုပြီးအမြင်တွေလည်းကောင်းလာမယ်၊ တိုင်းရင်းသားပေါင်းစုံရဲ့ ပင်မမျိုးနွယ်စုတွေဖြစ်တဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း အကုန်လုံး



ဦးစောထွန်းအောင်မြင့်

ပါဝင်ပြီးတော့ဆိုရင် အားလုံးဝိဝါဒကွဲပြားတာတွေလည်း မဖြစ်တော့ဘဲ အားလုံးဟာ ပိုမိုပြည့်စုံကောင်းမွန်တဲ့အချက်တွေနဲ့ ဆွေးနွေးသွားနိုင်မှာဖြစ်တဲ့အတွက် ဒါကိုထောက်ခံတာဖြစ်ပါတယ်" ဟု ပြောသည်။

ဒဂုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နှင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီဝင် ဒေါ်မေသန်းနွယ်က "ဒီနေ့အဆို ဆွေးနွေးရန် တင်သွင်းရခြင်းကတော့ ထောက်ခံဖို့တင်သွင်းရခြင်းဖြစ် ပါတယ်။ ကျွန်မရဲ့အမြင်ကတော့ အခြေခံဥပဒေပြင်ဆင်ဖို့ ဆွေးနွေးပွဲမှာ ပါဝင်သင့်ပါဝင်ထိုက်တဲ့ တိုင်းရင်းသားလူမျိုးမှန်သရွေ့ တစ်ယောက်မှမကျန်စေချင်ပါဘူး။ ပါဝင်စေချင်ပါတယ်။ လူအရေအတွက်ကတော့ ကျွန်မပြောလို့ မရပါဘူး။ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ခေါင်းဆောင်တွေကတော့ တစ်ယောက်မှ မကျန်စေချင်ပါဘူး။ အကုန်ပါစေချင်ပါတယ်။ ကျွန်မမှာ ခံယူချက်ကတော့



ဒေါ်မေသန်းနွယ်

တစ်ခုတည်းရှိပါတယ်။ အမြဲတမ်းတွေးထားတာကတော့ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားလူမျိုးတွေ အားလုံးဟာ အခြေခံဥပဒေပြင်ဆင်တဲ့အထဲမှာ ထဲထဲဝင်ဝင်ပါဝင်ပြီးတော့ မိမိတို့ရဲ့ခံယူချက်အားလုံးကို ပြည့်ပြည့်ဝဝနဲ့ အခြေခံဥပဒေထဲမှာ ပါစေချင်ပါတယ်။ အားလုံးကို ဆွေးနွေးခွင့် ရစေချင်ပါတယ်" ဟု ဆိုသည်။

ဗဟန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာညိုညိုသင်းက "ပြည်ထောင်စုလွှတ်တော်ဆိုတာ နိုင်ငံမှာ အမြင့်ဆုံးသော ဥပဒေပြုအဖွဲ့အစည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့ဟာ ပြည်ထောင်စုလွှတ်တော်ထက် နိမ့်တဲ့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်လိုမျိုး ဥပဒေပြုအဖွဲ့အစည်းက ပြည်ထောင်စုလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်ကို မဖြစ်မနေပေါ့နော်၊ လိုက်နာဖို့အတွက်၊ လေးစားဖို့အတွက် ဒါဥပဒေအရတော့ တာဝန်မရှိပါဘူး။



ဒေါက်တာညိုညိုသင်း

သို့သော်လည်းပဲ လူမှုရေးအရ၊ နိုင်ငံရေးဂုဏ်သိက္ခာအရ လေးစားလိုက်နာဖို့ တာဝန်ရှိပါတယ်။ ဒါကြောင့်မို့ ပြည်ထောင်စုလွှတ်တော်က အဆိုပြုထားတဲ့ ခြောက်ပွင့်ဆိုင်နဲ့ပဲ ဒီဆွေးနွေးပွဲကို စတင်ဖို့အတွက် ကျွန်မက ဒါအဆိုပြုခြင်းဖြစ်ပါတယ်။ ၁၂ပွင့်ဆိုင်ရဲ့ အားနည်းချက်က တိုင်းရင်းသားတွေအတွက် ကိုယ်စားလှယ်တွေကို ရွေးချယ်ရာမှာ အင်မတန်အငြင်းပွားရမယ့် ပြဿနာတွေရှိတယ်။ ဘယ်သူက ဆုံးဖြတ်မှာလဲ။ ဒီတိုင်းရင်းသား ခေါင်းဆောင်တွေကို ဘယ်သူက ဘယ်လိုဆုံးဖြတ်မှာလဲ ဆိုတဲ့ပြဿနာက အများကြီးရှိပါတယ်။

ဒါကြောင့်မို့ ကျွန်မက ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားတဲ့ ခြောက်ပွင့်ဆိုင်နဲ့ပဲ ဒီဆွေးနွေးပွဲကို စတင်ဖို့အတွက် ဆန္ဒပြုပါတယ်။ တကယ်လို့များ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှာ လွှတ်တော်ကိုယ်စားလှယ်အများစုက ဒီအဆိုကို အတည်ပြုဖို့ ဆုံးဖြတ်



ဒေါ်ကြည်ကြည်မာ

တယ်ဆိုရင် ကျွန်မက ဒီအဆိုမှာ ကြားနေဖို့ဆိုပြီး ဆန္ဒပေးခဲ့တာဖြစ်ပါတယ်။ ဒီလိုပြောလို့ ကျွန်မက ၁၂ ပွင့်ဆိုင်မှာ တိုင်းရင်းသားတွေကို မပါစေချင်လို့မဟုတ်ဘူး" ဟုပြောသည်။

နိုဝင်ဘာ ၂၅ ရက်က ကျင်းပခဲ့သော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၃ ရက်မြောက်နေ့ အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်းက "ခေတ်စနစ်၊ အချိန်အခါ

ပြည်တွင်းသတင်း

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဖိလစ်ပိုင်နိုင်ငံသမ္မတအား တွေ့ဆုံနှုတ်ဆက်

**မနီလာ ဒီဇင်ဘာ ၁၀**

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ Mr.Benigno "Noynoy" Aquino III အား ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီတွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ သမ္မတနန်းတော်သို့ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းဇော်၊ ဦးလှမြင့်ဦး၊ ဦးစိုးနိုင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် သန်းထွတ်သိန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဖိလစ်ပိုင်သမ္မတ Mr. Benigno "Noynoy" Aquino III နှင့်အတူ ဖိလစ်ပိုင်အောက်လွှတ်တော်ဥက္ကဋ္ဌ Mr. Feliciano Belmonte Jr.၊ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Giorgidi Aggahao နှင့် သမ္မတရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် နာယကက ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်ရခြင်း၏ ရည်ရွယ်ချက်မှာ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရေးအတွက်ဖြစ်ပါကြောင်း၊ မိမိတို့ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ပိုမိုချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်သွားရန်လိုလားပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံသို့ တိုင်ဖွန်းမုန်တိုင်း မဝင်ရောက်မီ၊ ဝင်ရောက်စဉ်နှင့် မုန်တိုင်းလွန်ကာလများအတွင်း ဖိလစ်ပိုင်သမ္မတကြီး၏ ဦးဆောင်မှုနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုများကြောင့် မုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံနိုင်ခဲ့ပြီး မုန်တိုင်းကျရောက်စဉ် အစိုးရနှင့်ပြည်သူများအားလုံး ပူးပေါင်းဖြေရှင်းမှုကြောင့် ထိခိုက်ဆုံးရှုံးနစ်နာမှုများစွာ သက်သာစေခဲ့ကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်မှုများအတွက် မိမိတို့အနေဖြင့် စာနာမှုရှိသကဲ့သို့ မုန်တိုင်းဒဏ်မှ အောင်မြင်စွာကျော်လွှားနိုင်မှုအတွက်လည်း ဖိလစ်ပိုင်အစိုးရနှင့် ပြည်သူများအား ဂုဏ်ပြုချီးကျူးပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဖိလစ်ပိုင်နိုင်ငံသမ္မတ Mr. Benigno "Noynoy" Aquino III ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဖိလစ်ပိုင်သမ္မတက မိမိတို့အစိုးရအနေဖြင့် ပြည်သူကိုအခြေပြုသည့် လုပ်ငန်းစဉ်များကို ပြည်သူများ၏ လိုလားချက်၊ ဆန္ဒများအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နေပြီး၊ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများကို အလေးထားဆောင်ရွက်နေပါကြောင်း၊ အခြေခံပညာအဆင့်မှစတင်၍ မသင်မနေရပညာရေးစနစ်ကို ကျင့်သုံးသကဲ့သို့ အဆင့်မြင့်ပညာအဆင့်တွင်လည်း ဘွဲ့ရရှိရေးသာမက အလုပ်အကိုင်ရရှိရေးအတွက် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးလျက် ရှိပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၏ ဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေသည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ ငြိမ်းချမ်းရေး ရရှိရေးအတွက် အစိုးရ၊ လွှတ်တော်၊ ပြည်သူများ၊ ပြည်တွင်းပြည်ပ လူမှုအဖွဲ့အစည်းများ အချိန်ယူ အလေးထားဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ပြောကြားသည်။

ပြည်ထောင်စု လွှတ်တော်နာယကက မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေခြင်းအား ဖိလစ်ပိုင်သမ္မတက အားပေးကူညီသဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည်လည်း အတိတ်သမိုင်း၏ သင်ခန်းစာများကိုရယူလျက် လွှတ်တော်အတွင်းတွင် ပါတီအချင်းချင်း ရန်သူလိုသဘောမထားဘဲ လုပ်ဖော်ကိုင်ဖက်များအနေဖြင့် နိုင်ငံနှင့် နိုင်ငံသားများအကျိုးအတွက် ပါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲမထားဘဲ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါအယူအဆများ နိုင်ငံအတွင်း ပျံ့နှံ့အောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် အထွေထွေရွေးကောက်ပွဲကျင်းပသည့်အခါ၌မူ လွတ်လပ်ပြီး တရားမျှတစွာ ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲရလဒ်ကို သက်ဆိုင်ရာ ပါတီများကလည်း လက်ခံရမည်ဖြစ်ပြီး နိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် မိမိတို့ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ နည်းပညာပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုတိုးမြှင့်မှု၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုများရရှိရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ငြိမ်းချမ်းရေးရရှိရန် ပြည်သူလူထုတစ်ရပ်လုံးက လိုလားသဖြင့် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၏ ငြိမ်းချမ်းရေးဆောင်ရွက်မှု လုပ်ငန်းစဉ်များမှ အတွေ့အကြုံများကို သင်ခန်းစာရယူပြီး မိမိတို့နိုင်ငံနှင့်ကိုက်ညီမည့်ဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ရောက်ရှိ

**မနီလာ ဒီဇင်ဘာ ၁၀**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Hon. Mr. Feliciano Belmonte, Jr. ၏ ဖိတ်ကြားချက်အရ အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခဲ့ရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။

ထို့နောက် ဗန်ကောက်မြို့မှ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့သို့ စံတော်ချိန် ညနေ ၆ နာရီ မိနစ် ၂၀ တွင် ရောက်ရှိကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များအား ဖိလစ်ပိုင်သမ္မတနိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Giorgidi Aggahao၊ အောက်လွှတ်တော်အမတ် Ms.Zenaida Angping နှင့် တာဝန်ရှိသူများ၊ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးရဲမြင့်အောင်နှင့် သံရုံးဝန်ထမ်းမိသားစုများက Ninoy Aquino အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် မနီလာဟိုတယ်သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# ဖိလစ်ပိုင်-မြန်မာ သံတမန်ဆက်ဆံရေး ရေရှည်တည်တံ့ခိုင်မြဲရန် ပူးပေါင်းဆောင်ရွက်မည်



**မနီလာ ဒီဇင်ဘာ ၁၀**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ ခေတ္တနိုင်ငံခြားရေးဝန်ကြီး Mr. Rafael Seguis တို့သည် ဒီဇင်ဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီတွင် မနီလာမြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။ **(ဓာတ်ပုံ)**

ယင်းသို့တွေ့ဆုံရာတွင် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ဖိလစ်ပိုင်နိုင်ငံမှ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ခြင်းအတွက်လည်း မိမိတို့အနေဖြင့် ဂုဏ်ယူပါကြောင်း၊ ဖိလစ်ပိုင်-မြန်မာ သံတမန်ဆက်ဆံရေး ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

❐ *ကျောဖုံးမှ*

နန်းသီတာ ဆိပ်ကမ်းဘက်အခြမ်းတွင် အတက်အတွက် စက်လှေကားတစ်စင်းနှင့် အဆင်းအတွက် ကွန်ကရစ်လှေကားတစ်စင်းစီပါရှိသည်ကို တွေ့ရသကဲ့သို့ ဆိပ်ကမ်းအာဏာပိုင်ရုံး အဆောက်အအုံဘက်တွင်လည်း ထိုကဲ့သို့ပင် အတက်အတွက် စက်လှေကားတစ်စင်းနှင့် အဆင်းအတွက် ရိုးရိုးကွန်ကရစ်လှေကားတစ်စင်းစီ ယှဉ်လျက် တည်ဆောက်ထားသည်ကို တွေ့ရသည်။

ထို့အပြင် တံတားအလယ်၌ ဗိုလ်တထောင်ဘက်သို့ လိုင်းကားစီးရန် သွားလိုသူတို့အတွက် ရိုးရိုးလှေကားတစ်စင်းကိုပါ ထည့်သွင်းတည်ဆောက်ထားခဲ့သည်။ ခရီးသွားပြည်သူတို့ မိုးရွာနေစဉ် လုံခြုံစွာဖြတ်သန်း သွားလာနိုင်ရန်အတွက် အဆင်းအတက် လှေကားမှသည် တံတားတစ်လျှောက် ပေါင်းမိုးများ အုပ်မိုးပေးထားသည်။

ကမ်းနားလမ်းသစ်နှင့် လမ်းဟောင်းတွင် ကျယ်ဝန်းသော လမ်းကြီးနှစ်သွယ်ကို ဖြတ်သန်းတည်ဆောက်ထားခြင်းဖြစ်ပြီး တံတားအရှည်မှာ ပေ ၂၂၀ ရှိပြီး တံတားအကျယ်မှာ ၁၁ ပေရှိ၍ ကားလမ်းနှင့်အထက် ကင်းလွတ်ပေ ၁၉ ပေခွဲခန့် ရှိကြောင်း သိရသည်။

၂၀၁၄ ခုနှစ်အတွင်း ရန်ကုန်မြို့တွင် တည်ဆောက်ခဲ့သော လူကူးခုံးကျော်တံတားနှစ်စင်းအနက် မင်္ဂလာဒုံမြို့နယ် အောင်ဆန်းသူရိယ လှသောင်းကျောင်းအနီး တံတားမှာ ပထမဦးဆုံး ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုကျောက်တံတားမြို့နယ် ပန်းဆိုးတန်း လူကူးခုံးကျော်တံတားမှာ ဒုတိယမြောက် ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။ ကမ္ဘာအေးဘုရားအနီး ဂမုန်းပွင့်ရှေ့မှ လူကူးခုံးကျော်တံတားမှာလည်း ၂၀၁၄ ခုနှစ်မကုန်မီ ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အခြေအနေနှင့် ညီညွတ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေး၊ ပစ္စုပ္ပန်နှင့် အနာဂတ်မြန်မာနိုင်ငံ တည်ဆောက်ရေးအတွက် အခြေအနေကောင်းများ ဖန်တီးလမ်းခင်းပေးနိုင်ရန် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တိုင်းရင်းသားအစုအဖွဲ့များမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ ဆောလျင်စွာ တွေ့ဆုံညှိနှိုင်းရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်း" အရေးကြီးအဆိုကို တင်သွင်းခဲ့ရာ လွှတ်တော်က အတည်ပြုခဲ့ကြောင်း သိရသည်။

❀ *ရှေ့ဖုံးမှ*

ရွှေလီမြစ်သည် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြစ်ဖျားခံခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်နှင့် နမ့်ခမ်းမြို့အနီး ဖြတ်သန်းစီးဆင်း၍ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့အထက် အင်းရွာအရောက်၌ ဧရာဝတီမြစ်သို့ စီးဝင်သွားသော မြစ်တစ်စင်းဖြစ်သည်။

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးသည် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည်။

ထို့ကြောင့် ၂၀၃၀-၂၀၃၁ ခုနှစ်တွင် အရန်လျှပ်စစ်ဓာတ်အား အပါအဝင် တပ်ဆင်စက်အင်အား ၂၃၅၉၄ မဂ္ဂါဝပ်ထိ ဖြစ်ပေါ်လာရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ပူးပေါင်း၍ Electricity Master Plan ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေလီ (၃)ရေအားလျှပ်စစ်စီမံကိန်း၏ စီမံကိန်းဆိုင်ရာ အဓိကအချက်အလက်မှာ တည်နေရာ မိုးမိတ်မြို့၏ မြောက်ဘက် ၁၂ မိုင်အကွာ ရွှေလီမြစ်ပေါ်၌ တည်ဆောက်ထားပြီး ရေဆင်းဧရိယာ ၅၇၁၄ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ၁၁၅ ဒသမ ၆ သိန်းဧကေ ပေ၊ တမံအမျိုးအစား Roller Compacted Concrete (RCC) Dam၊ တမံအမြင့် ၁၂၀ မီတာ ၃၉၄ ပေ၊ တမံအလျား ၁၀၁၅ မီတာ ၃၃၃၀ ပေ၊ ကန်ရေပြည့် ရေမျက်နှာပြင်နိမ့်မြင့်မှတ် -၂၃၅ မီတာ ၇၇၁ ပေ၊ ကန်ရေပြည့်ရေ လှောင်ပမာဏ ၄၄ ဒသမ ၃ သိန်း ဧကေပေ၊ အကျိုးပြုရေလှောင်ပမာဏ ၂၉ သိန်းဧကေပေ၊ အသားတင်ရေ အားအမြင့် ၉၀ မီတာ ၂၉၅ ပေ၊ ရေပိုလွှဲ အမျိုးအစား ရေတံခါးတပ်ရေပိုလွှဲ (Gate Spillway)၊ ရေပိုလွှဲ အရွယ်အစားအကျယ် ၁၄ မီတာ ၄၆ ပေ၊ အမြင့် ၁၆ မီတာ ၅၃ ပေ၊ ရေလွှဲရေထုတ်ပြွန် အကျယ် ရှစ်မီတာ ၂၆ ပေ၊ အမြင့် ၁၄ မီတာ ၄၆ ပေ၊ အလျား ၁၂၅ ဒသမ ၈ မီတာ ၄၁၃ ပေ x ၃ခု၊ ဖိအားမြင့်သံမဏိပိုက်လိုင်း အချင်း ၇ ဒသမ ၅ မီတာ ၂၅ ပေ၊ အလျား ၂၀၀ မီတာ ၆၅၆ ပေ x ၄ခု၊ ဓာတ်အားပေးစက်ရုံ Outdoor Concrete Structuret အလျား ၁၈၀ မီတာ ၅၉၀ ပေ၊ အနံ ၅၈ မီတာ ၁၉၀ ပေ၊ အမြင့် ၇၀ မီတာ ၂၃၀ ပေ၊ တာဘိုင်အမျိုးအစား Vertical Shaft Francis Turbine၊ တပ်ဆင်စက်အင်အား ၁၀၅၀ မဂ္ဂါဝပ်၊ ၄ x ၂၆၂ ဒသမ ၅ မဂ္ဂါဝပ်နာရီ၊ နှစ်စဉ် ပျမ်းမျှထုတ်လုပ်နိုင်မည့် ဓာတ်အား ၃၂၀၀-၃၃၀၀ သန်းကီလိုဝပ်နာရီဖြစ်ပြီး စီမံကိန်းကာလ ၂၀၁၀-၂၀၁၁ မှ ၂၀၁၉-၂၀၂၀ အထိ ဖြစ်သည်။

အမှတ်(၃) ရွှေလီရေအားလျှပ်စစ်တည်ဆောက်ရေးစီမံကိန်းမှ လက်ထောက်အင်ဂျင်နီယာ ဦးအောင်သူဖြိုးနှင့် ဦးမျိုးခင်အောင်တို့ကို လျှပ်စစ်စီမံကိန်း ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ မေးမြန်းရာ ၎င်းတို့နှစ်ဦးက ယခုအခါ ပင်မတမံကမ်းနှင့် ဝဲဘက်ကမ်းဓာတ်အားပေးစက်ရုံနေရာတို့တွင် Seismic Survey နှင့် Resistivity Survey တိုင်းတာခြင်း လုပ်ငန်းများ၊ ရေလွှဲ ရေထုတ်ပြွန်နှင့် ဓာတ်အားပေးစက်ရုံနေရာတွင် စိန်လွန်တွင်း စုစုပေါင်း ၅၀ ကျင်း ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ် မေလဆန်းပိုင်းတွင်မှ လျာထားကုန်းကြောတမံ (၁)၊(၂) နေရာများ၊ ဓာတ်အားပေးစက်ရုံနေရာများနှင့် ရေလွှဲရေထုတ်ပြွန်ကြီး မြေကြီး/ကျောက်သား တူးဖော်ခြင်းနေရာများသို့ ကွင်းဆင်းလေ့လာခဲ့သည့် Mission Report အရ ဓာတ်အားပေးစက်ရုံနေရာနှင့် ကုန်းကြောတမံအတွက် Borrow Area နေရာများတွင် စိန်လွန်တွင်း ၁၁ ကျင်း ထပ်မံတူးဖော်ရန် လိုအပ်သဖြင့် လုပ်ငန်းဆောင်ရွက်ခဲ့ရာ စုစုပေါင်း ကိုးကျင်း ပြီးစီးပြီဖြစ်သည်။ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း ကွန်ကရစ်ရေလှောင်တမံအတွက် ဒီဇိုင်းစံချိန်စံညွှန်းနှင့်ကိုက်ညီသည့် RCC ကွန်ကရစ်ရရှိနိုင်ရန် Marble ကျောက်များအသုံးပြု၍ စမ်းသပ်ဖျော်စပ်ခြင်းလုပ်ငန်းများကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ၌ အထက်ပေါင်းလောင်း ရေအားလျှပ်စစ် စီမံကိန်းရှိ အရည်အသွေး ထိန်းသိမ်းရေးဌာနတွင် Dr.Dunstan ဦးဆောင်၍ ဆောင်ရွက်ခဲ့ရာ စီမံကိန်းတမံအတွက် ဒီဇိုင်း စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် RCC ကွန်ကရစ်ရရှိနိုင်ရန် Granite ကျောက်များဖြင့် ပြောင်းလဲ၍ ထပ်မံစမ်းသပ်ဖျော်စပ်ခြင်းလုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ဆောင်ရွက်ခဲ့သည်။ ပေါင်းလောင်း ရေအားလျှပ်စစ် စီမံကိန်းရှိ အရည်အသွေး ထိန်းသိမ်းရေးဌာနတွင် Dr. Dunstan ဦးဆောင်ပြီး Granite ခွဲကျောက်များ၏ အရည်အသွေးနှင့် စံချိန်စံညွှန်း ပြည့်မီအောင် အကြိမ်ကြိမ်စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ထို့အပြင် Adiabatic Temperature Test နှင့် Elastic Modulus Tests များကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကျောက်၊ သဲနှင့် CVC ကွန်ကရစ်စမ်းသပ်ခြင်းလုပ်ငန်းများ ဆက်လက်၍ ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း RCC နှင့် CVC ကွန်ကရစ်လုပ်ငန်းများတွင် ထည့်သွင်းအသုံးပြုမည့် မြစ်သဲနှင့် ခွဲကျောက်စမ်းသပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် ပင်မတမံ လက်ယာဘက်ကမ်းနှင့် လက်ဝဲဘက်ကမ်းတွင် မြေနေရာရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ပင်မတမံ ယာဘက်ကမ်းတွင် မြေကြီး/ကျောက်သားတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ၁၂၅၇၀၅ ကျင်း တူးဖော်ဆောင်ရွက်ပြီးဖြစ်ကာ ရေကာပန်းတာ တည်ဆောက်ခြင်းလုပ်ငန်း ပမာဏမှာလည်း စုစုပေါင်း ၆၄၀၀၀၀ ကျင်း တူးဖော်ဆောင်ရွက်ပြီးဖြစ်သည်။ ရေလွှဲရေထုတ်ပြွန်အောက်ခံကွန် ကရစ်လုပ်ငန်း ၁၀၅၀ ကျင်း ဆောင်ရွက်ပြီးဖြစ်၍ CVC ကွန်ကရစ်လုပ်ငန်း ၉၁၃၁ ဒသမ ၇၂ ကျင်း ဆောင်ရွက်ပြီးဖြစ်ကြောင်း တို့ကို ရှင်းလင်းတင်ပြသည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုအပ်ချက်နှင့်အညီ နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း၊ ပညာသင်ကျောင်းများနှင့် သိပ္ပံများဖွင့်လှစ်ရေးညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ပြုပြင်ပြောင်းလဲမှုများအား အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရာတွင် အများပြည်သူ၏ စားဝတ်နေရေးအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာသည် လွန်စွာအရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိပါသည်။ ထို့ကြောင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုအပ်ချက်နှင့်အညီ နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများနှင့် သိပ္ပံများ ဖွင့်လှစ်ရေးညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီခွဲက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲ၌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံ၏ လျင်မြန်စွာ ပြောင်းလဲဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ တိုင်းဒေသကြီး/ပြည်နယ်များ၌ လုပ်ငန်းကဏ္ဍတိုင်းတွင် နည်းပညာနှင့် သက်မွေးပညာကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များစွာ လိုအပ်လာကြောင်း။

ထို့ကြောင့် ဝန်ကြီးဌာနအသီးသီးသာမက ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုလုပ်ငန်း အသီးသီးကလည်း နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးပညာ သင်တန်းမျိုးစုံတိုးချဲ့ဖွင့်လှစ်လျက်ရှိပါကြောင်း။

နည်းပညာ ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းနှင့် သိပ္ပံများကို အခြားနိုင်ငံများကဲ့သို့ အသက်မွေးဝမ်းကျောင်းပညာသင် အထက်တန်းကျောင်းများ၊ နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာသင်သိပ္ပံ၊ Polyte-chnic/ Techni-cal and Vocational Education and Training Center/Institute များအဖြစ် တိုင်းဒေသကြီး/ ပြည်နယ်များ၏လိုအပ်ချက်နှင့်အညီ စုပေါင်းဖွင့်လှစ်ရေး၊ ဆွေးနွေးညှိနှိုင်းကြရန်ဖြစ်ကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်များကလည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းအသီးသီးတွင် လိုအပ်လျက်ရှိသော နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ (Human Resource Development Plan) များ ရေးဆွဲဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့ ဆွေးနွေးညှိနှိုင်းပြီး ကျောင်းများ၊ သိပ္ပံများအား လိုအပ်ချက်နှင့်အညီ Demand Driven Approach ဖြင့် အစိုးရသာမက၊ အစိုးရနှင့်ပုဂ္ဂလိက၊ ပုဂ္ဂလိကကျောင်း၊ သိပ္ပံများကို အကျိုးရှိ ထိရောက်အောင် ဖွင့်လှစ်သွားကြရေး၊ ကျွမ်းကျင်မှုစံသတ်မှတ်ချက် (Skill Standard)နှင့်အညီ လက်တွေ့တတ်ကျွမ်းပြီး လုပ်ငန်းခွင်တွင် တိုက်ရိုက်လုပ်ကိုင်နိုင်သည့် သင်ကြားမှု၊ သင်ယူမှုနည်းလမ်းများဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး Task Force ဥက္ကဋ္ဌ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုအပ်ချက်နှင့်အညီ Vocational Training ကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် Task Force အဖွဲ့တွင်ပါဝင်သော ဒုတိယဝန်ကြီးများနှင့် သွားရောက်၍ ဒေသလိုအပ်ချက်များအရ ဆောင်ရွက်ရန်ရှိကြောင်း၊ ဒေသ၏ လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်အရ ကျွမ်းကျင်လုပ်သား၊ ကျွမ်းကျင်သူများ မွေးထုတ်နိုင်ရေးအတွက် SKILL Structure ကို ဝန်ကြီးဌာနများနှင့် ပေါင်းစပ်၍ ရေးဆွဲထားကြောင်း။ Skill Structure ကို နိုင်ငံတော်၏လိုအပ်ချက်နှင့် လိုက်လျောညီထွေမှုရှိစေရန် သင်ရိုးညွှန်းတမ်းများကိုလည်း ရေးဆွဲပြီး သင်ကြားပေးနိုင်ရန်နှင့် သင်တန်းပြီးဆုံးပါက Certificate ထုတ်ပေးနိုင်ရေးနှင့် Diploma လက်မှတ် ထုတ်ပေးနိုင်ရေးတို့ကို ဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိကြောင်း။

သက်ဆိုင်ရာ ဝန်ကြီးဌာနများ ပူးပေါင်းပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်မှသာ နိုင်ငံတော်၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများမှ နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများနှင့် သိပ္ပံများဖွင့်လှစ်နိုင်ရေးနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပြီး မွန်းလွဲ ၁ နာရီတွင် ပြီးဆုံးခဲ့သည်။ ယင်းညှိနှိုင်းအစည်းအဝေးသို့ သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာန (၁၈)ခုမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများအတွက် သက်တမ်းတိုးဆောင်ရွက်ရန် အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ၂၀၁၄ ခုနှစ်အတွက် ခွင့်ပြုထားသည့် ပုံနှိပ်သူ၊ ထုတ်ဝေသူမှတ်ပုံတင်သက်သေခံလက်မှတ်များတွင် ယာယီမှတ်ပုံတင်သက်သေခံလက်မှတ်များသည် (၃၀-၆-၂၀၁၄)ရက်နေ့တွင် လည်းကောင်း၊ အမြဲတမ်းမှတ်ပုံတင်သက်သေခံလက်မှတ်များသည် (၃၁-၁၂- ၂၀၁၄) ရက်နေ့တွင်လည်းကောင်း သက်တမ်းကုန်ဆုံးကြမည်ဖြစ်ပါသည်။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများအနေဖြင့် မိမိတို့၏ လုပ်ငန်းများကိုဆက်လက်ဆောင်ရွက်လိုပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ် သက်တမ်းတိုးရန် လိုအပ်ပါသည်။

ထိုသို့ သက်တမ်းတိုးရန်အတွက် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ ၂၄နှင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ ၁၉ နှင့်အညီ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ (၃၀-၆-၂၀၁၄)ရက်နေ့ သက်တမ်းကုန်ဆုံးမည့် ယာယီမှတ်ပုံတင် သက်သေခံလက်မှတ်ရရှိထားသူများအနေဖြင့် လုပ်ငန်းသက်တမ်းတိုးခြင်းကို (၃၁-၁၂-၂၀၁၄)ရက်နေ့ နောက်ဆုံးထား၍ လည်းကောင်း၊ (၃၁-၁၂-၂၀၁၄) ရက်နေ့ သက်တမ်းကုန်ဆုံးမည့် မှတ်ပုံတင်သက်သေခံ လက်မှတ်ရရှိထားသူများအနေဖြင့် လုပ်ငန်းသက်တမ်းတိုးခြင်းကို ယင်းလက်မှတ် သက်တမ်းကုန်ဆုံးသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း(၁-၃-၂၀၁၅)ရက်နေ့ နောက်ဆုံးထား၍လည်းကောင်း သတ်မှတ်ပုံစံဖြင့် ဝန်ကြီးဌာနသို့လျှောက်ထား၍ အခကြေးငွေကျပ် ငါးသောင်းပေးသွင်းပြီး အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရေးဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်ကာလအတွင်း သက်တမ်းတိုးဆောင်ရွက်ခြင်းမရှိသည့် ပုံနှိပ်သူ၊ ထုတ်ဝေသူ မှတ်ပုံတင်သက်သေခံလက်မှတ်များသည် အလိုအလျောက် ပျက်ပြယ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘော ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ကြီးကြပ်မှု၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုနှင့် Myanmar Voyages International Tourism Co,.Ltd. ၏ အစီအစဉ်ဖြင့် ဗြိတိန်နိုင်ငံအခြေစိုက် All Leisure Group Plc Company မှ ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘော M.V Minerva သည် သီရိလင်္ကာနိုင်ငံ ဂါလီဆိပ်ကမ်းမှတစ်ဆင့် ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ တတိယအကြိမ်အဖြစ် ဆိုက်ကပ်ရောက်ရှိလာသည်။

အဆိုပါသင်္ဘောကြီးပေါ်၌ နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၂၂၈ ဦးနှင့် သင်္ဘောဝန်ထမ်း ၁၇၃ ဦးလိုက်ပါလာကြပြီး ကမ္ဘာလှည့်ခရီးသည် အများစုမှာ ဗြိတိန်လူမျိုးများဖြစ်သည်။ ခရီးသည်များသည် ရန်ကုန်မြို့တွင်းနှင့် ပဲခူး၊ သန်လျင်၊ ကျောက်တန်းသို့ သွားရောက်လည်ပတ်ကြရန် စီစဉ်ထားကြောင်း Myanmar Voyages ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကမ္ဘာလှည့်ခ ရီးသည်အပျော်စီးသင်္ဘော M.V Minerva သည် ဒီဇင်ဘာ ၁၂ ရက် ညနေ ၅ နာရီခွဲတွင် ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် မလေးရှားနိုင်ငံ လန်ကဝီဆိပ်ကမ်းသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**ခင်ချိုဝင်း**

## စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့နှင့် တတိယနေ့ကျင်းပ

**မုံရွာ ဒီဇင်ဘာ ၁၀**

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့အခမ်းအနားကို ဒီဇင်ဘာ ၄ ရက် နံနက် ၁၀ နာရီက မုံရွာမြို့ တိုင်းဒေသကြီးရုံး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်နှင့် လွှတ်တော်ကိုယ်စားလှယ် ၉၂ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းကဏ္ဍ လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးမှ မေးခွန်း ၁၂ခုကို မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုတင်သွင်းခြင်းနှင့်၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေအား လွှတ်တော်သို့ တင်သွင်းခြင်းများဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ အခမ်းအနားကို ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီက မုံရွာမြို့ တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်နှင့် လွှတ်တော်ကိုယ်စားလှယ် ၉၂ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းကဏ္ဍ လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးက မေးခွန်း ၁၂ ခုကို မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးနှစ် အထွေထွေပိုလျှံ ရန်ပုံငွေမှ ငွေလုံးငွေရင်း အသုံးစရိတ်လွှဲပြောင်းသုံးစွဲခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြအတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

ရွှေဆောင်(၁) ဖုန်း - 01370787 097301704 | မင်္ဂလာ စံပြ ဖုန်း - ၀၉၇၇၃၀၇၆၀၀၀ ၀၉၇၇၃၀၇၆၁၁၁ ၀၉၇၇၃၀၇၆၂၂၂ | မင်္ဂလာဒိုင်းမွန်း နိုင်းမွန်းပလာဇာ(၅)လွှာ၊ မန္တလေး၊ ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂ | ၁၂ . ၁၂ . ၂၀၁၄ ရက်မှစတင်၍ တစ်ပြိုင်တည်းပြပြီ ပွဲချိန်သတ်ပြ ၁၀း၀၀နာရီ ၁၂း၃၀နာရီ ၃း၃၀နာရီ ၆း၃၀နာရီ ၉း၃၀ နာရီ




နေပြည်တော် ဖုန်း - 251277 251288 | မင်္ဂလာ စံပြ ဖုန်း - ၀၉၇၇၃၀၇၆၀၀၀ ၀၉၇၇၃၀၇၆၁၁၁ ၀၉၇၇၃၀၇၆၂၂၂ | မင်္ဂလာဒိုင်းမွန်း နိုင်းမွန်းပလာဇာ(၅)လွှာ၊ မန္တလေး၊ ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂ | ၁၂ . ၁၂ . ၂၀၁၄ ရက်မှစတင်၍ တစ်ပြိုင်တည်းပြပြီ ပွဲချိန်သတ်ပြ ၁၀း၀၀နာရီ ၁၂း၃၀နာရီ ၃း၃၀နာရီ ၆း၃၀နာရီ ၉း၃၀ နာရီ



ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# အကောက်ခွန်လွတ်အရောင်းဆိုင်များ စတင်ဖွင့်လှစ်နိုင်ရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ရုရှားနိုင်ငံရှိ Reg Staer Duty Free Company ဥက္ကဋ္ဌ Mr.ALEXANDER P. BEAV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန တိုင်းဦးစီးမှူးရုံးရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် Reg Staer Duty Free Company ဥက္ကဋ္ဌ Mr. ALEXANDER P.BEAV က ရုရှားနိုင်ငံ မော်စကိုမြို့ရှိ Duty Free shop အကောက်ခွန်လွတ် အရောင်းဆိုင်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးအား ရှင်းလင်းပြောကြားကာ နိုင်ငံတကာ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန်လွတ် အရောင်းဆိုင်များအား မြန်မာနိုင်ငံတွင် စတင်ဖွင့်လှစ်နိုင်ရေး ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ လာရောက် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး လူကုန်ဆေးကျွေးလုပ်ငန်း အသိပေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူကုန်ဆေးကျွေးလုပ်ငန်း အသိပေးဆွေးနွေးပွဲကို ပျဉ်းမနားမြို့ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဆင်ခြေထောက်ရောဂါသည် အရှေ့တောင်အာရှဒေသနိုင်ငံများနှင့် မြန်မာနိုင်ငံတို့တွင် အမြစ်တွယ်နေသည့် ရောဂါတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ မြို့နယ်ပေါင်း ၂၀၀ ကျော်တို့တွင်လည်း အမြစ်တွယ်နေသည့် ရောဂါတစ်ခုဖြစ်ကြောင်း ဆင်ခြေထောက်ရောဂါကို ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်မှာ ကင်းစင်ပပျောက်သွားအောင် ရည်မှန်းချက်ထား၍ လူအားလုံးဆေးကျွေး စီမံချက်ကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဤရောဂါကိုဖြစ်စေသည့် Milro Filana ခေါ် သန်ကောင်တစ်မျိုးသည် လူ၏သွေးကြောနှင့် သားနံ့ရည်ကြောများတွင် နေထိုင်ပေါက်ပွားပြီး သားနံ့ရည်ကြောများကို ဖျက်ဆီးဖြစ်၍ လူ၏ခြေလက်များ၊ သားမြတ်များကို သာမန်ထက်ကြီးထွားစေသောကြောင့် လူမှုဘဝကိုများစွာ ထိခိုက်ဆုံးရှုံးစေကြောင်း ယင်းဆွေးနွေးပွဲတွင် နေပြည်တော်ကောင်စီနယ်မြေ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်လှလှကြည်က ပြောကြားသည်။

ဆွေးနွေးပွဲသို့ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ NGO များ ပြင်ပဆေးခန်းများမှ ဆရာဝန်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများတက်ရောက်ကြသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၀-၁၂-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၃၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၂၅ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၁၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၅ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၄၄-၁၀၄၈ |
| ဥရောပ | တစ်ယူရို | ၁၂၆၅-၁၂၈၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၂-၇၈၆ |
| ထိုင်း | တစ်ဘတ် | ၃၀-၃၀.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၅၇၆ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၂ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နွေဆန် | တစ်အိတ် | ၁၆၈၀၀-၁၇၂၀၀ |
| မိုးဆန်သစ် (မနော်သုခ) | တစ်အိတ် | ၁၅၃၀၀-၁၅၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၅၀၀၀-၂၈၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၃၀ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၁၀၀-၅၇၅ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၃၅၀-၁၈၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၅၂၅ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၅၆၀-၆၆၀ |
| ရေတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၆၅၀ |
| ရေတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၃၈၀၀-၅၀၀၀ |
| သကြား | တစ်ပိဿာ | ၈၉၀-၉၃၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့် အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

# မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအား ရှောင်တခင်စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၀**

နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှဦးစီးမှူးဒေါ်တင်တင်ဌေး ဦးဆောင်သောအဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေးအတွက် ပျဉ်းမနား-တောင်ညိုလမ်း နေပြည်တော်မြို့တော်ခန်းမတွင် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို ရှောင်တခင်အစီးရေ ၁၂၃ စီး စစ်ဆေးခဲ့ပြီး သတ်မှတ်စည်းကမ်းနှင့် မကိုက်ညီသော မော်တော်ယာဉ် ၅ စီးနှင့် ယာဉ်မောင်းလိုင်စင် ၃၈ စောင်တို့ကို အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ပျဉ်းမနား)**

# ထားဝယ်ခရိုင် ရေဖြူမြို့၌ ရိုးရာလှေလှော်ပြိုင်ပွဲ ပြန်လည်ကျင်းပမည်

**ထားဝယ် ဒီဇင်ဘာ ၁၀**

ထားဝယ်ခရိုင် ရေဖြူမြို့ ကူးတို့ဆိပ်နေရာတွင် လွတ်လပ်ရေးအထိမ်းအမှတ်အဖြစ် ဆယ်နှစ်ကျော်ကြာ မကျင်းပဖြစ်သည့် ရှေးအစဉ်အဆက်ပြုလုပ်လာခဲ့သော ရိုးရာလှေလှော်ပြိုင်ပွဲကို ပြန်လည်ဖော်ထုတ်သည့်အနေဖြင့် ရိုးရာလှေလှော်ပြိုင်ပွဲကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၃ ရက်နှင့် ၄ ရက်တွင် ပြိုင်ပွဲကျင်းပမည်ဖြစ်သည်။

**(ခရိုင် ပြန်/ဆက်)**




# ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာဒီပလိုမာသင်တန်း သင်တန်းသားများခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တို့ပူးပေါင်း၍ အမျိုးသား စာကြည့်တိုက်(နေပြည်တော်)တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဘွဲ့လွန်စာကြည့်တိုက် စီမံခန့်ခွဲမှုပညာဒီပလိုမာသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) **သင်တန်းအမည်** - ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာဒီပလိုမာ

(ခ) **သင်တန်းကာလ** - ၆လ

(ဂ) **ပညာအရည်အချင်း** - ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ အခြေခံစာကြည့်တိုက်ပညာကျွမ်းကျင်မှုသင်တန်းတစ်ခုခုတက်ရောက်အောင်မြင်ပြီးသူဖြစ်ရမည် (သို့မဟုတ်)တက်ရောက်ခြင်းမရှိသေးပါက ဝင်ခွင့်စာမေးပွဲဖြေဆိုရမည်ဖြစ်သည်။

(ဃ) **သင်တန်းအချိန်** - နံနက် ၈း၀၀နာရီမှ ၁၁း၀၀နာရီ

(င) **သင်တန်းဖွင့်လှစ်မည့်ရက်** - ၁၅-၁၂-၂၀၁၄ရက် (တနင်္လာနေ့)

(စ) **ပေးအပ်မည့်ဒီပလိုမာ** - ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာဒီပလိုမာ (Post Graduate Diploma in Library Management)

(ဆ) **သင်တန်းတည်နေရာ** - အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ရာဇသင်္ဂဟအဝိုင်းအနီး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်

၂။ လျှောက်ထားလိုသူများသည် ဌာနဆိုင်ရာဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ခွင့်ပြုချက်၊ ပညာအရည်အချင်းထောက်ခံချက်တို့ဖြင့် လျှောက်ထားကြရမည်ဖြစ်သည်။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ၉-၁၂-၂၀၁၄ရက်မှစ၍ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ဖုန်း-၀၆၇-၄၀၈၃၈၄ နှင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ဖုန်း-၀၆၇-၄၁၈၄၂၅၊ ၄၁၈၄၂၆ တို့တွင် ဝယ်ယူလျှောက်ထားနိုင်သည်။ လျှောက်လွှာများကို ၁၂-၁၂-၂၀၁၄ရက် နောက်ဆုံးထားလျှောက်ထားကြရမည်ဖြစ်ပြီး ဝင်ခွင့်စာမေးပွဲကို ၁၄-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် ဖြေဆိုကြရမည်ဖြစ်သည်။

၃။ အသေးစိတ်သိရှိလိုပါက အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ဖုန်း-၀၆၇-၄၁၈၄၂၅၊ ၄၁၈၄၂၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# အင်ဒိုနီးရှားနိုင်ငံမှလှူဒါန်းငွေဖြင့် ဆောက်လုပ်သော စာသင်ကျောင်းဆောင်များ ရခိုင်ပြည်နယ်၌ ဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ရခိုင်ပြည်နယ်အတွင်း အင်ဒိုနီးရှား သမ္မတနိုင်ငံအစိုးရက လှူဒါန်းငွေဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောက်လုပ်သည့် အခြေခံပညာကျောင်းလေးကျောင်း ဖွင့်လှစ်ပွဲနှင့် ကျောင်းဆောင်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ ရက် နံနက် ၁၀ နာရီက သေကန်ကျေးရွာနှင့်စမ္ဘလေကျေးရွာ မူလတန်းကျောင်းဆောင်သစ်များ၌ ကျင်းပသည်။ ဖွင့်ပွဲအခမ်းအနားသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံကိုယ်စားလှယ် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေး ဒုတိယဝန်ကြီး H.E.Mr. Abdur- rahman Mohammad Fachir တို့ က တက်ရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံအမတ်ကြီးက ရခိုင်ပြည်နယ်ပညာရေးမှူးထံ ကျောင်းဆောင်သစ် လေးကျောင်း၏ မှတ်တမ်း အထောက်အထားများကို လွှဲပြောင်းပေးခဲ့ပြီး စမ္ဘလေကျေးရွာ မူလတန်းကျောင်းဆောင်သစ်များကို လှည့်လည်ကြည့်ရှုကြသည်။

ယခုဖွင့်လှစ်ပေးခဲ့သော ကျောင်းဆောင်သစ်များမှာ မင်းပြားမြို့နယ် သေကန် မူလတန်းကျောင်းနှင့် စမ္ဘလေမူလတန်းကျောင်း၊ မောင်တောမြို့နယ် မောရဝတီစံပြကျေးရွာ မူလတန်းကျောင်း၊ ဘူးသီးတောင်မြို့နယ် သပြေကုန်းရပ်ကွက်(၁) မူလတန်းကျောင်းများဖြစ်ပြီး သဘာဝဘေးဒဏ်ကြုံတွေ့လာပါက ခိုလှုံနိုင်စရာ အမိုးအကာများပါရှိသည့် နှစ်ထပ်ကျောင်းဆောင်သစ်များ ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## မန္တလေးတိုင်းဒေသကြီးလွှတ်တော်ပုံမှန်အစည်းအဝေးကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၀**

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(သတ္တမနေ့)ကို ဒီဇင်ဘာ ၉ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီးလွှတ်တော်၌ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ဒုတိယဥက္ကဋ္ဌဦးအောင်ငွေးကျော်နှင့် လွှတ်တော်ကိုယ်စားလှယ် ၆၀ တို့တက်ရောက်ကြသည်။

ဆက်လက်၍တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းသည့် မေးခွန်း ၂၄ ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း၊ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းဆိုင်ရာကော်မတီ၏ အစီရင်ခံစာဖတ်ကြားမည့်နေ့ရက်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးမည့်နေ့ရက် ပြောင်းလဲသတ်မှတ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(သတ္တမနေ့)ကို နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ရပ်နားလိုက်ကြောင်းသိရသည်။

**(မြန်မာ့အလင်း)**

# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း၏ ကူညီပံ့ပိုးမှုဖြင့် နေပြည်တော် ကောင်စီနယ်မြေ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နေပြည်တော် ပညာရေး ညွှန်ကြားရေးမှူးရုံးတို့ ပူးပေါင်းကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားသို့ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာတင်၊ ဒက္ခိဏခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ နေပြည်တော်ပညာရေး ညွှန်ကြားရေးမှူးရုံးမှတာဝန်ရှိသူများ၊ ခရိုင် / မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် ဂုဏ်ပြုသီဆို၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့်ရရှိမည့် အကျိုးကျေးဇူးများနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် ဒက္ခိဏခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးက စာပေဖတ်ရှုခြင်းဖြင့်ရရှိသည့် အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ လှူဒါန်းသည့် သုတ၊ ရသစာအုပ်စာစောင်များနှင့် နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် အသိပညာပေးနံရံကပ်ပြဘုတ်များ၊ သက်ဆိုင်ရာကျောင်းများအလိုက် ကျောင်းတွင်းပြိုင်ပွဲများကျင်းပနေမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## သစ်တောတက္ကသိုလ်ကျောင်းသားများ လက်တွေ့ကွင်းဆင်း

**နေပြည်တော် ဒီဇင်ဘာ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် မိုးစွေအုပ်စုတွင် သစ်တောတက္ကသိုလ် (ရေဆင်း) ကထိကများနှင့်ကျောင်းသား ကျောင်းသူများသည် ဒီဇင်ဘာ ၄ ရက်မှ ၁၇ ရက်အထိ တောတွင်းနယ်မြေ ကွင်းဆင်းလေ့လာကြကြောင်း သိရသည်။

လေ့လာရေးကွင်းဆင်းအဖွဲ့သည် လဲဝန်းကျေးရွာ၊ ငါးလိုက်ချောင်းဘေးရှိ ငါးလိုက်ကြိုးဝိုင်းအကွက် အမှတ်(၉)တွင် စခန်းချပြီး ကထိက ဦးငွေစိုးဦးနှင့် စတုတ္ထနှစ်ကျောင်းသားများ၊ မိုးစွေကျေးရွာ ငါးလိုက်ကြိုးဝိုင်းတွင် စခန်းချကြသည့် ကထိက ဦးစိုးမင်းနှင့် တတိယနှစ်ကျောင်းသားများ သဘာဝအတိုင်း မျိုးစပ်လုပ်ငန်း၊ စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်း၊ ပင်ကြပ်နုတ်ခြင်းလုပ်ငန်းများကို ကွင်းဆင်းလေ့လာကြသည်။

**(၄၀၆)**


## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း)တွင် ကျောင်းအဝင်လမ်း(ပေ ၁၁၀၀) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းလိုသည့်ကုမ္ပဏီများသည် ဦးစီးဌာနမှသတ်မှတ်ထားသော လုပ်ငန်းစံနှုန်း ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှ မှတ်ပုံတင်မိတ္တူနှင့် (Profile)တင်ပြရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၁၀-၁၂-၂၀၁၄ရက်မှ ၂၃-၁၂-၂၀၁၄ ရက်အထိ အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း)တွင် ဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါတင်သွင်းလိုသူသည် ကျောင်းအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။

၅။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း)**
**ဖုန်း-၀၉-၈၆၄၁၃၄၁၊ ၀၉-၃၂၄၃၃၁၇၀**

## ရင်းနှီးမြှုပ်နှံမှုအဆင့်မြင့်ဆွေးနွေးပွဲ

တရုတ်နိုင်ငံ အာဆီယံစင်တာ လိုင်နင်မြို့၌ (၂၀၁၅ ခုနှစ် မတ်လ)တွင် မြန်မာနိုင်ငံအတွက် ကမ္ဘာ့ထိပ်တန်းရင်းနှီးမြှုပ်နှံသူများ(Invistors)မှ ဦးစီး၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအား ပါဝင်ဆွေးနွေးနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

တက်ရောက်ဆွေးနွေးမည့်သူများသည် အောက်ဖော်ပြပါအချက်အလက်များ လိုအပ်ပါသည်။

၁။ Project Presentation ပြုလုပ်နိုင်သော အင်္ဂလိပ်/တရုတ်ဘာသာပြန် (Catalogues) လိုအပ်ပါသည်။

၂။ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် အသွား/အပြန် လေယာဉ်လက်မှတ်၊ နေထိုင်ရေးအတွက် ၂ ညအိပ် ၁ရက်၊ စားသောက်မှုကုန်ကျငွေအတွက် မြန်မာကျပ်ငွေ(ကျပ်သိန်းသုံးဆယ်တိတိ) စာရင်းပေးသွင်းရန် လိုအပ်ပါသည်။

၃။ မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ (Invistors)နှင့် လုပ်ငန်းပူးပေါင်းရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်စာချုပ်ချုပ်ဆိုပြီးမှ အကျိုးဆောင်ခ(၅%)အား ကျွန်ုပ်တို့ထံသို့ ပေးဆောင်ရပါမည်။

၄။ ဤအစည်းအဝေးသို့တက်ရောက်လိုသော ဆန္ဒရှိသူများသည် အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်း၍ စာရင်းပေးသွင်းနိုင်ပါသည်။

**ဖုန်း-၀၆၇-၄၁၇၇၅၄၊ ၀၉-၂၅၀၅၃၀၉၈၉၊ ၀၉-၆၈၁၇၅၃၅**

## အာမခံစပေါ်ငွေပေးသွင်းထားသူများသိစေရန်ကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ကွပ်ကဲမှုအောက်ရှိ ပန်းခြံများ၊ ကစားကွင်းများ၌ ဌာနဝင်ငွေရ ဆိုင်/လုပ်ငန်းများအဖြစ် မြေငှားရမ်းစာချုပ်ဖြင့် အငှားချထားခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းရှင်(မြေငှားရမ်းခွင့်ရရှိသူ)များမှ လုပ်ငန်းဆောင်ရွက်ခြင်းအတွက် အာမခံစပေါ်ငွေများ ပေးသွင်းဆောင်ရွက်ခဲ့ရာ ဌာနမှ ပြန်လည်ပေးအပ်ရန်ရှိပါသည်။

၂။ အာမခံစပေါ်ငွေများ လာရောက်ထုတ်ယူရေး အကြောင်းကြားစာများ ပေးပို့ခဲ့သော်လည်း လာရောက်ဆက်သွယ်ထုတ်ယူခြင်းမရှိသဖြင့် ကာယကံကိုယ်တိုင် နိုင်ငံသားမှတ်ပုံတင်ကတ်ပြား၊ ငွေသွင်းချလန်မူရင်းနှင့်အတူ ကြေညာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လာရောက်ထုတ်ယူကြရန်နှင့် သတ်မှတ်ရက်အထိ ပြန်လည်ထုတ်ယူခြင်းမရှိပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဘဏ္ဍာငွေအဖြစ် လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊ ဘူမိအင်ဂျင်နီယာကော်မတီမှ သင်တန်းဖွင့်လှစ်မည်

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊ ဘူမိအင်ဂျင်နီယာကော်မတီမှကြီးမှူး၍ ရန်ကင်း၊ ဆည်မြောင်းရုံးချုပ်၊ ရန်ကုန်မြို့တွင် ၁၉-၁၂-၂၀၁၄ ရက်မှစတင်၍ Geotechnical Engineering Course သင်တန်း (၁၃/၂၀၁၄)ကို သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၉နာရီမှ ညနေ ၃နာရီအထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းကာလမှာ ၃လသင်တန်း ဖြစ်ပါသည်။ စိတ်ပါဝင်စား၍ တက်ရောက်လိုသူများအနေဖြင့် MGS ရုံးခန်း၊ တတိယထပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၁၁၈၂၁၇၊ ၀၉-၄၅၀၀၅၁၃၁၀၊ ၀၉-၇၃၀၈၉၉၆၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန်အတွက်လိုအပ်သော လမ်းခင်းကျောက်များနှင့် တည်ဆောက်ရေးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၂-၁၂-၂၀၁၄ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၇-၁၂-၂၀၁၄ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - မွန်းတည့် ၁၂း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၁၇-၁၂-၂၀၁၄ရက် မွန်းလွဲ ၂း၀၀နာရီ ဖျာပုံခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ (၁၁)ရပ်ကွက်၊ ၅ လမ်း၊ ဖျာပုံမြို့

အိတ်ဖွင့်တင်ဒါစည်းကမ်းချက်၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ၁၂-၁၂-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**လျှောက်လွှာဝယ်ယူရမည့်နေရာ** - အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ (၁၁)ရပ်ကွက်၊ ၅လမ်း၊ ဖျာပုံမြို့၊ ဖုန်း-၀၄၅-၄၀၄၂၅

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈/၇၆၇၄ Subaru Sambar T.T.I P/U (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးကိုလေး ၅/ပပန(နိုင်)၀၈၁၇၉၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/8445 Mazda Demio DE3FS Hatch Back(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သန္တာထွန်း ၁၂/သလန(နိုင်)၀၁၁၄၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

နိုင်ငံတကာအားကစားနှင့်ကြော်ငြာ

## ယူရိုပါလိဂ် အုပ်စုပွဲစဉ်များ

သီဟ

| | | | |
|---|---|---|---|
| **အုပ်စု(A)** | | | **ဒီဇင်ဘာ ၁၂** |
| မိုချန်ဂလက်ဘတ် | - | ဇူးရစ် | နံနက် ၀၀:၃၀ |
| အပိုလွန်လီမောဆိုး | - | ဗီလာရီးရဲလ် | နံနက် ၀၀:၃၀ |
| **အုပ်စု(B)** | | | **ဒီဇင်ဘာ ၁၂** |
| ကလပ်ဘရု | - | ဟယ်လ်ဆင်ကီ | နံနက် ၀၀:၃၀ |
| ကိုပင်ဟေဂင် | - | တိုရီနို | နံနက် ၀၀:၃၀ |
| **အုပ်စု(C)** | | | **ဒီဇင်ဘာ ၁၂** |
| ပါတီဇန် | - | ထရီပိုလစ် | နံနက် ၀၀:၃၀ |
| ဘက်ဆစ်တပ်စ် | - | စပါး | နံနက် ၀၀:၃၀ |
| **အုပ်စု(D)** | | | **ဒီဇင်ဘာ ၁၂** |
| ဆော့လ်ဘတ် | - | အက်စ်ထရာ | နံနက် ၀၀:၃၀ |
| ဒိုင်နမိုဇာဂရက် | - | ဆဲလ်တစ် | နံနက် ၀၀:၃၀ |
| **အုပ်စု(E)** | | | **ဒီဇင်ဘာ ၁၂** |
| PSV | - | ဒိုင်နမိုမော်စကို | နံနက် ၀၀:၃၀ |
| ပါနာသီနာကို့စ် | - | အက်စ်တိုရယ် | နံနက် ၀၀:၃၀ |
| **အုပ်စု(F)** | | | **ဒီဇင်ဘာ ၁၁** |
| ဒီနီပရို | - | စိန့်အက်တီယန် | ည ၁၁:၃၀ |
| ကာရာဘက်ခ် | - | အင်တာမီလန် | ည ၁၁:၃၀ |
| **အုပ်စု(G)** | | | **ဒီဇင်ဘာ ၁၂** |
| စတန်းဒက်လိဂ် | - | ဖီယင်နု | နံနက် ၂:၃၅ |
| ဆီဗီလာ | - | ရီဂျီကာ | နံနက် ၂:၃၅ |
| **အုပ်စု(H)** | | | **ဒီဇင်ဘာ ၁၂** |
| လိုင်လီ | - | ဝုဖ်ဘတ် | နံနက် ၂:၃၅ |
| အဲဗာတန် | - | ခရက်စ်နိုဒါ | နံနက် ၂:၃၅ |
| **အုပ်စု(I)** | | | **ဒီဇင်ဘာ ၁၂** |
| ယန်းဘွိုင်းစ် | - | စပါတာပရာဂ် | နံနက် ၂:၃၅ |
| နာပိုလီ | - | ဆလိုဗန် | နံနက် ၂:၃၅ |
| **အုပ်စု(J)** | | | **ဒီဇင်ဘာ ၁၂** |
| စတူအာဘူခါရက် | - | ဒိုင်နမိုကိဗ် | နံနက် ၂:၃၅ |
| ရီယိုအေ့ | - | အယ်လ်ဘော့ | နံနက် ၂:၃၅ |
| **အုပ်စု(K)** | | | **ဒီဇင်ဘာ ၁၂** |
| PAOK | - | ဂူအင်ဂမ့် | နံနက် ၂:၃၅ |
| ဖီအိုရင်တီးနား | - | ဒိုင်နမိုမင့်ခ် | နံနက် ၂:၃၅ |
| **အုပ်စု(L)** | | | **ဒီဇင်ဘာ ၁၂** |
| မက်တဲလစ် | - | လိုကီရန် | နံနက် ၂:၃၅ |
| လီဂီယာဝါဆော | - | ထရက်ဇွန်စပေါ | နံနက် ၂:၃၅ |

# ယူရိုပါလိဂ်အုပ်စု နောက်ဆုံးပွဲစဉ်တွေကစားပြီ

မိုးမြင့်လင်းလက်

**ယူရိုပါလိဂ်အုပ်စုပွဲစဉ်ရဲ့ နောက်ဆုံးပွဲစဉ်တွေကို ဒီဇင်ဘာ ၁၂ ရက် ညပိုင်းမှာ ဆက်လက်ကစားမှာဖြစ်ပါတယ်။ အုပ်စုနောက်ဆုံးပွဲစဉ်ဖြစ်လို့ နောက်ဆုံးအဆုံးအဖြတ်ပွဲအဖြစ် အကြိတ်အနယ်ကစားကြမယ့်မြင်ကွင်းကို ရှုစားကြရပါလိမ့်မယ်။**

### ဆီဗီလာနှင့် ရီဂျက်ကာ

ခရိုအေးရှားကလပ် ရီဂျီကာဟာ မျှော်လင့်ချက်ရှင်သန်အောင် ရေကုန်ရေခန်းကစားပါလိမ့်မယ်။ ဒါပေမယ့် ခံစစ်စည်းရိုးကျိုးပေါက်လေ့ရှိတဲ့ ရီဂျီကာအတွက် ဆီဗီလာတိုက်စစ်မှူးတွေ အခွင့်အရေးကောင်း ရသွားနိုင်ပါတယ်။ ဆီဗီလာရဲ့ နောက်တစ်ဆင့်တက်ရေးအတွက် ဒီပွဲမှာ အနိုင်ရလဒ်ကိုပဲ ဆောင်ကြဉ်းဖို့ ကြိုးစားမှာပါ။

### လိုင်လီနှင့် ဝုဖ်ဘတ်

ပထမအကျော့မှာ တစ်ဂိုးစီ သရေပွဲဖြစ်ထားတာမို့ အခုပွဲမှာ နောက်တစ်ဆင့်တက်နိုင်ရေးအတွက် ဝုဖ်ဘတ်တို့ စွမ်းဆောင်မှုကောင်းကောင်းနဲ့ အားထုတ်ပါလိမ့်မယ်။ အုပ်စု (H)မှာ ဝုဖ်ဘတ်တို့ ဂုဏ်သိက္ခာရှိရှိ တက်ရောက်ဖို့အတွက် ဝုဖ်ဘတ်ဟာ ဖိဖိစီးစီးကစားမှာ ဖြစ်ပါတယ်။

### အဲဗာတန်နှင့် ခရက်စ်နိုဒါ

ရုရှားကလပ် ခရက်စ်နိုဒါဟာ အဝေးကွင်းမှာ ရလဒ်ကောင်းဖို့မလွယ်ပါဘူး။ အဲဗာတန်ဟာ နားလည်မှုရှိရှိနဲ့ကစားတတ်ပြီး အထူးသဖြင့် ယူရိုပါလိဂ်ပွဲတွေမှာ နိုင်ပွဲရအောင် ကြိုးစားနိုင်တာမို့ အဲဗာတန်တို့ ပြတ်သားတဲ့ရလဒ်ကိုပုံဖော်ပြီး နောက်တစ်ဆင့်တက်ပါလိမ့်မယ်။

### ဖီအိုရင်တီးနားနှင့် ဒိုင်နမိုမီနက်စ်

ဘီလာရုစ်ကလပ် ဒိုင်နမိုမင့်ခ်တို့ အုပ်စု (K) မှာ နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ချက်မဲ့နေပြီဖြစ်တာမို့ ဖီအိုရင်တီးနားတို့ စိတ်ကြိုက်ကစားကွက်နဲ့ ဖိအားပေးတာကို ခံရပါလိမ့်မယ်။ ဖီအိုရင်တီးနားတို့ကတော့ အုပ်စု(K) မှာ အုပ်စုထိပ်ဆုံးကနေပြီး နောက်တစ်ဆင့်တက်ရောက်ခဲ့ပြီဖြစ်လို့ ဒီပွဲကိုသာသာယာယာနဲ့ ဖြတ်သန်းပါလိမ့်မယ်။

### စတူအာဘူခါရက်နှင့် ဒိုင်နမိုကိဗ်

အုပ်စု (J)မှာ ဒိုင်နမိုကိဗ်တို့ နောက်တစ်ဆင့်တက်ရေး သေချာနေပြီဖြစ်ပေမယ့် စတူအာဘူခါရက်တို့ ဒီပွဲမှာကြိုးစားနိုင်မှ မျှော်လင့်ချက်ရှင်သန်ပါလိမ့်မယ်။ ပထမအကျော့မှာ ရှုံးထားတဲ့အတွက် စတူအာဘူခါရက်တို့ ခြေကုန်ထုတ်မှရပါလိမ့်မယ်။ အနိုင်ရမှဖြစ်မယ့် စိတ်ဓာတ်ပိုင်ရှင်တွေဖြစ်တဲ့ အိမ်ရှင်ကိုပဲအားပေးရမှာဖြစ်ပါတယ်။

### ပါတီဇန်နှင့် ထရီပိုလစ်

ဆားဘီးယားကလပ် ပါတီဇန်ဟာ ဂရိကလပ်ထရီပိုလစ်ကို အိမ်ကွင်းမှာ ဘယ်လိုဗျူဟာနဲ့ ကစားမလဲကြည့်ရမှာပါ။ ပထမအကျော့မှာ ထရီပိုလစ်ဟာ နှစ်ဂိုးပြတ် အနိုင်ရရှိထားတာမို့ အခုပွဲမှာလည်းပါတီဇန်တို့ ရှုံးကန်ရဦးမှာဖြစ်ပြီး အမြင့်ဆုံးသရေပွဲကို မျှော်လင့်ရမှာပါ။

### လီဂီယာဝါဆောနှင့် ထရက်ဇွန်စပေါ

ပိုလန်ကလပ် လီဂီယာဝါဆောတို့က အုပ်စု(L) မှာ နောက်တစ်ဆင့်တက်ရေး သေချာနေပြီဖြစ်လို့ တစ်မှတ်ရရင် နောက်တစ်ဆင့်တက်မယ့် တူရကီကလပ်ထရက်ဇွန်စပေါကို တွဲခေါ်မလားကြည့်ရမှာပါ။ ထရက်ဇွန်စပေါဟာ ကစားပုံကောင်းမွန်နေပြီး ရလဒ်လည်းကောင်းမွန်နေတာမို့ အခုပွဲမှာညှော်သည်တို့ အနိမ့်ဆုံးတစ်မှတ်ရဖို့ အားထုတ်ပါလိမ့်မယ်။

## လီဗာပူး ချန်ပီယံလိဂ်မှထွက်ရပြီ

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၆) ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၀ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားကြရာ အုပ်စု (B)မှ လီဗာပူးနှင့် ဘေဆယ်တို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေကျပြီး လီဗာပူးထွက်ခဲ့ရသည်။ လီဗာပူးအသင်းသည် အုပ်စုခြောက်ပွဲတွင် တစ်ပွဲသာ အနိုင်ရခဲ့သည်။ဘေဆယ်က ၁၆ သင်းပြိုင်ပွဲသို့တက်ရောက်နိုင်ခဲ့သည်။ တစ်အုပ်စုတည်းမှ ရီးရဲမက်ဒရစ်နှင့် လူဒိုဂိုရက် အသင်းတို့ပွဲတွင် ရီးရဲမက်ဒရစ်က လေးဂိုးပြတ်ဖြင့်နိုင်ပြီး ၁၆ သင်းတက်လာသည်။ ရီးရဲမက်ဒရစ်က စပိန်သမိုင်းတစ်လျှောက် ၁၉ ပွဲဆက်တိုက် အနိုင်ရခဲ့သည့်အသင်းဖြစ်လာသည်။ ယင်းပွဲတွင် စီရိုနယ်ဒိုက ပယ်နယ်တီမှ တစ်ဆင့် ၇၂ ဂိုးမြောက် ချိန်ပီယံလိဂ်ဂိုး သွင်းယူခဲ့သည်။ ဂါရက်ဘေးလ်ကလည်း ဒုတိယဂိုးသွင်းယူခဲ့သည်။ နောက်တန်းလူ အာဘီလိုအာနှင့် လူစားဝင်လာသူ မက်ဒရိန်းတို့ကလည်း တစ်ဂိုးစီသွင်းယူခဲ့သည်။ ဂါလာတာစာရေးနှင့် အာဆင်နယ်တို့ပွဲတွင် အာဆင်နယ်က လေးဂိုး-တစ်ဂိုးဖြင့် နိုင်ကာနောက်တစ်ဆင့်တက်ခဲ့သည်။

## အဂူရို ခြောက်ပတ်အနားယူရမည်

မန်စီးတီးတိုက်စစ်မှူး အဂူရိုသည် ဒူးခေါင်းအမာရွတ်ထိခိုက်ဒဏ်ရာရသဖြင့် လေးပတ်မှ ခြောက်ပတ်အထိ ပြိုင်ပွဲများနှင့် လွဲချော်လိမ့်မည်ဟု နည်းပြပယ်ရီဂရင်နီက ပြောသည်။ အသက် ၂၆ နှစ်ရှိ အာဂျင်တီးနားကစားသမား အဂူရိုသည် အဲဗာတန်ကို စနေနေ့က တစ်ဂိုး-ဂိုးမရှိသည့်ပွဲတွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။ "သူလေးပတ်မှ ခြောက်ပတ်လောက်တော့ နားရလိမ့်မယ်" ဟု နည်းပြက ချန်ပီယံလိဂ်ရီးမားနှင့် မကစားမီ ပြောကြားသည်။ အဂူရိုသည် ပရီမီယာလိဂ်တွင် ၁၄ ဂိုးအထိ သွင်းယူထားပြီး မန်စီးတီးအသင်း၏ အဓိကအားထားရသော တိုက်စစ်မှူးဖြစ်သည်။

**ကောင်းမြတ်သူ-စုစည်းသည်။**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပညာရေးဝန်ကြီးဌာန
### အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
### တောင်ကြီးတက္ကသိုလ်

## ရုံးသုံးယာဉ်ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ရုံးသုံးယာဉ်အားဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | ပစ္စည်းအမည် | ပစ္စည်းတင်သွင်းရန်နေရာ |
|---|---|---|
| ၁။ | Trailer G 33 HP, 5 Ton (၁)စီး | တောင်ကြီးတက္ကသိုလ် |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၉-၁၂-၂၀၁၄ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၂-၁၂-၂၀၁၄ ရက် ၁၆:၀၀ နာရီနောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် တင်သွင်းမည့်ပစ္စည်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။

၄။ တင်သွင်းမည့်ပစ္စည်းအတွက် တောင်ကြီးတက္ကသိုလ်တွင် လျှောက်လွှာဝယ်ယူတင်သွင်းရမည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသည့်အချက်များကို တောင်ကြီးတက္ကသိုလ် ဖုန်း-၀၈၁-၂၁၂၁၀၂၄၊ ၀၉-၄၂၈၃၁၈၀၂၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ခေါ်ယူရေးကော်မတီ**


Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများ အတွက်

**Basic Spoken English**
Mon to Thurs-7:30-9:30am 15 Dec
Mon to Thurs-10:00-12:00am 15 Dec
Mon toThurs 1:00-3:00-5:00pm 15 Dec
Sat & Sun - 9:00-12:00 am 20 Dec
Sat & Sun - 12:30-3:30 pm 20 Dec
Mon to Thurs-5:30-7:00pm 22 Dec
Mon to Thurs-7:30-9:30am 29 Dec

**Pre-Intermediate English**
Mon to Thurs-10:30-12:30 am 1 Dec
Sat & Sun - 12:30-3:30 pm 20 Dec
Mon toThurs 1:00-3:00pm 22 Dec
Mon to Thurs-5:00-7:00pm 22 Dec

**Grammar Foundation Course**
Mon to Thurs - 1:00-2:30 pm 15 Dec

**Vocabulary Enrichment Course**
Mon to Thurs - 3:30-5:00 pm 8 Dec

**Structure & Written Expression**
Sat & Sun - 9:00-12:00 am 13 Dec
Mon to Thurs-4:00-5:30-7:00 pm 22 Dec
Sat & Sun - 12:30-3:30 pm 27 Dec

**Basic Writing Course**
San & Sun - 12:30 - 3:30 pm 20 Dec
San & Sun - 3:45 - 6:15 pm 20 Dec
Mon to Thurs - 10:00 - 12:00am 22 Dec

**Academic Preparation for IELTS**
Mon to Thurs - 10:30 - 12:30am 12 Jan

**Academic Writing Course**
San & Sun - 5:00 - 7:00 pm 10 Jan

IELTS(Test Practice) San&Sun 10:30to12:30am 10 Jan
IELTS(Speaking) San&Sun 1:00to3:30pm 10 Jan
SAT Mon to Thurs -3:30-5:00pm 12 Jan
TOEFL Mon to Thurs-5:30-7:00pm 12 Jan

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910







### ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ဇော်အောင် ၁၂/ကခက(နိုင်)၀၆၁၉၄၁၏ နိုင်ငံကူးလက်မှတ် မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၉၃၈၉၆၄၂

### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
### တိုက်ခန်းအသစ် အမြန်ရောင်းမည်

ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မြဲဖေယျာလမ်း၊ တိုက်နံပါတ်(၂)၊ ပထမထပ်၊ ခေါင်းရင်းခန်း၊ (၁၉×၅၀)ပေ၊ ကားပါကင်ပါ၊ ညှိနှိုင်းဈေး၊

ဖုန်း-၀၉-၈၆၃၃၁၇၆

ဝန်ကြီးဌာနဆောင်ရွက်ချက်များ

# အစိုးရသစ်ကာလအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
|---|---|---|
| ၁။ | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ ပြဋ္ဌာန်းခြင်း၊ ထုတ်ပြန်ခြင်း** | ➢ ၃၀-၃-၂၀၁၂ ရက်နေ့တွင် ၂၀၁၂ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၉) ဖြင့် "ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ" ကို ပြဋ္ဌာန်းခဲ့ပါသည်။<br>➢ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ၅-၆-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၁၄)ဖြင့် "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ" ကို ထုတ်ပြန်ခဲ့ပါသည်။<br>➢ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ၂၅-၄-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၊ ၃၇/၂၀၁၄ ဖြင့် အိုဇုန်းလွှာပျက်စီးမှုကို ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခြင်းအမိန့်ကို ထုတ်ပြန်ခဲ့ပါသည်။ |
| ၂ | **ပတ်ဝန်းကျင်ထိန်းသိမ်း ရေးကိစ္စရပ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက်စီမံဆောင်ရွက်ခြင်း** | ➢ နိုင်ငံတော်သမ္မတရုံး၏ ၆-၉-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၁၁) ဖြင့် သစ်တောရေးရာဝန်ကြီးဌာနကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (Ministry of Environmental Conservation and Forestry)အဖြစ် အမည်ပြင်ဆင်ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။<br>➢ ၂၆-၁-၂၀၁၂ ရက်နေ့တွင်ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၂) ၏ သဘောတူညီချက်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ၂-၂-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကို ၁၁-၁၀-၂၀၁၂ ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။<br>➢ တိုင်းဒေသကြီးနှင့်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနများကို တစ်ဖက်ပါအတိုင်း ဖွဲ့စည်းဖွင့်လှစ်ခဲ့ပါသည်-<br>(က) ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနများကို ၁-၁၀-၂၀၁၃ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။<br>(ခ) ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနများကို ၂၀၁၄ ခုနှစ် ဩဂုတ်လ ဒုတိယပတ်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။<br>➢ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၂-၁၀-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၆၉/၂၀၁၃) ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။<br>➢ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၀-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၂၂/၂၀၁၄)ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီများကို ဖွဲ့စည်းခဲ့ပါသည်။<br>➢ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၀-၃-၂၀၁၄ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ်၊(၂၃/ ၂၀၁၄)ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအောက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဇဟိုအဆင့်လုပ်ငန်းကော်မတီ(၅)ခုကို ဖွဲ့စည်းခဲ့ပါသည်။<br>➢ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၈-၈-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၁၆၄၀/၃၀၉ ဖွဲ့စည်းခွင့် ၃-၃၈/အဖရ (၂၀၁၃)၏ ခွင့်ပြုချက်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ၂၈-၁၁-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၂/၂၃၀(ခ)(၈၀၀၈/၂၀၁၃) ဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ စိစစ်သုံးသပ်ရေးဆိုင်ရာလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ အစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ |
| ၃။ | **ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ လျှော့ချရေး (Mitigation) နှင့် လိုက်လျောညီထွေရှိစေရေး (Adaptation) လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ခြင်း** | ➢ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ၁၃-၆-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၅၃/၂၀၁၃)ဖြင့် မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်မထိခိုက်စေသော ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (Clean Development Mechanism-CDM) လုပ်ငန်းများကို ထိရောက်စွာ ကြီးကြပ်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားစီမံအုပ်ချုပ်ရေးအဖွဲ့ (Designated National Authority-DNA) ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။<br>➢ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၃၀-၁၀-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၁၃)ဖြင့် မြန်မာရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Myanmar Climate Change Alliance-MCCA) ဖွဲ့စည်းခြင်းကို ထုတ်ပြန်ခဲ့ပါသည်။ |
| ၄။ | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ခြင်း** | ➢ အာဆီယံနိုင်ငံများအတွင်း အစိမ်းရောင်စီးပွားရေး ရည်မှန်းချက်များ အောင်မြင်မှုရရှိစေရေးအတွက် အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးဆိုင်ရာ အထူးကျွမ်းကျင်မှု ဗဟိုဌာန (Center of Excellence for Greening-CoE-G) နှင့် စီမံကိန်းများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဆောင်ရွက်ရေးတို့အတွက် အစိမ်းရောင်စီးပွားရေးဆိုင်ရာ အာဆီယံဌာန (ASEAN Institute for Green Economy-AIGE) ကို ၂-၁၂-၂၀၁၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ဖွင့်လှစ်ခဲ့ပါသည်။ |
| ၅။ | **သစ်တောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း နှစ်ကာလအတန်ကြာ တရားမဝင် အခြေချနေထိုင်သည့် ရွာစုနှင့် အိမ်ထောင်စုများအား ကျေးရွာသစ်များ ဖွဲ့စည်းနေရာချထားခြင်း** | ➢ မြို့ပြကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများဆောင်ရွက်ရာ၌ ပြည်သူလူထု၏ စားဝတ်နေရေး၊ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ထိရောက်သိသာစွာဆောင်ရွက်ပေးရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ သစ်တောကြိုးဝိုင်းနှင့်ကြိုးပြင်ကာကွယ်တောများအတွင်း နှစ်ကာလအတန်ကြာ တရားမဝင်အခြေချနေထိုင်သည့် ရွာစုနှင့် အိမ်ထောင်စုစာရင်းဇယားများကောက်ယူပြီး ကျေးရွာသစ်များ ပြန်လည်ဖွဲ့စည်းနေရာချထားပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့တို့ ပူးပေါင်းစီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။<br>➢ ပြည်ထဲရေးဝန်ကြီးဌာန အမည်ပေါက် အိမ်ခြေ(၅၀)နှင့် အထက် (၁၁၈၄) ရွာ၏ ရွာမြေ၊ လယ်မြေ၊ အများပိုင်/သာသနာမြေဧရိယာ စုစုပေါင်း (၃၃၇၄၄၄. ၆၈) ဧကကို သစ်တောမြေမှ ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ပါသည်။<br>➢ ပြည်ထဲရေးဝန်ကြီးဌာနအမည်မပေါက် အိမ်ခြေ(၅၀)နှင့်အထက် (၄၀၃) ရွာအတွက် ရွာမြေ၊ လယ်မြေ၊ အများပိုင်/သာသနာမြေ စုစုပေါင်း (၉၅၅၂၈. ၄၈)ဧကအား သစ်တောမြေမှ ပယ်ဖျက်နိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။<br>➢ အိမ်ခြေ (၅၀)အောက်ကျေးရွာပေါင်း (၂၃၃၀)ရွာ၏ ရွာမြေ၊ လယ်မြေ၊ အများပိုင်/သာသနာမြေ စုစုပေါင်း (၂၉၁၂၂၉. ၉၆) ဧကကို သစ်တောမြေမှ ပယ်ဖျက်နိုင်ရေး ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိပါသည်။ |
| ၆။ | **အမျိုးသား မြေအသုံးချမှု မူဝါဒ (မူကြမ်း)အား ရေးဆွဲနိုင်ရေး ဆောင်ရွက်ခြင်း** | ➢ မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေး ဗဟိုကော်မတီကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၆-၁၀-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၉၃/၂၀၁၄) ဖြင့် ဒုတိယသမ္မတ ဦးညဏ်ထွန်းမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီးအဖွဲ့ဝင် (၂၁)ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။<br>➢ အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း)အပေါ် အကြံပြုချက်များရယူခြင်းဆွေးနွေးပွဲကို ရန်ကုန်မြို့၊ အင်းလျားကန်ဟိုတယ်၌ ၁၈-၁၀-၂၀၁၄ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး မြေယာနှင့်ဆက်စပ်သည့် ဌာနအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့်ပြည်ပနိုင်ငံတကာကျွမ်းကျင်သူများ၊ နည်းပညာဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်များ၊ မူဝါဒ(မူကြမ်း) ရေးဆွဲရေးဆိုင်ရာ ပင်မလုပ်ငန်းအဖွဲ့ဝင်များ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အရပ်ဘက်အဖွဲ့အစည်းများနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ပါသည်။<br>အမျိုးသားမြေအသုံးချမှု မူဝါဒကို အများပါဝင်မှုဖြင့် ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်သူများ၏ အကြံပြုချက်များရယူနိုင်ရန် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့တော် ၁၇ ခုတွင် အမျိုးသားမြေအသုံးချမှု မူဝါဒ (မူကြမ်း)အပေါ် အကြံပြုဆွေးနွေးပွဲများကို ၁၇-၁၁-၂၀၁၄ ရက်မှ ၃၀-၁၁-၂၀၁၄ ရက်အထိ ပွင့်လင်းမြင်သာစွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ကျင်းပပြုလုပ်ခဲ့ပါသည်။ |
| ၇။ | **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ က အခွန်အခ ကောက်ခံရမည့် သစ်မာသစ်မျိုး စာရင်း သတ်မှတ်ခွဲခြားပေးခြင်း** | ➢ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက အခွန်အခ ကောက်ခံရမည့် သစ်မာသစ်မျိုး (၁၀၄)မျိုး စာရင်းကို အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ကြေညာခဲ့ပြီး ပြည်ထောင်စုမှကျွန်းနှင့်သစ်မာ(၅၆)မျိုးကိုသာ အခွန်အခ ကောက်ခံရန် သတ်မှတ်ခဲ့ပါသည်။ |
| ၈။ | **သစ်စက် လိုင်စင် သက်တမ်း ပြင်ဆင်တိုးမြှင့်သတ်မှတ်ခြင်း** | ➢ သစ်စက်လိုင်စင်သက်တမ်းအား စတင်ထုတ်ပေးသည့်နေ့မှ ၄င်းနှစ် မတ်လ ၃၁ ရက်နေ့အထိ တစ်နှစ်သတ်မှတ်ခဲ့ရာမှ (၅)နှစ်အထိ တိုးမြှင့်ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။ |
| ၉။ | **သစ်အခြေခံအသုံးပြုသည့် အိမ်တွင်းစက်မှု လက်မှု လုပ်ငန်းများအတွက် မှတ်ပုံတင်ခွင့်ပြုခြင်း** | ➢ သစ်အခြေခံအိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများအား အသေးစားစက်မှုလက်မှုဦးစီးဌာန၏ မှတ်ပုံတင်လက်မှတ်ပါရှိပြီး သတ်မှတ်စည်းကမ်းနှင့် ညီညွတ်ပါက သစ်တောနည်းဥပဒေ (၈၈)နှင့်အညီ လိုင်စင်/ပါမစ်အသစ်ခွင့်ပြုခြင်း၊ အခွန်တော် ထပ်မံကောက်ခံခြင်းမပြုဘဲ သက်ဆိုင်ရာ ခရိုင်သစ်တောဦးစီးဌာနတွင် နှစ်စဉ်မှတ်ပုံတင်ခြင်းသာ ဆောင်ရွက်ရန်ခွင့်ပြုခဲ့ပါသည်။ |
| ၁၀။ | **သစ်တောထွက် ပစ္စည်း မှန်ကန်ကြောင်း ထောက်ခံချက် ထုတ်ပေးခြင်း** | ➢ သစ်နှင့် သစ်တောထွက်ပစ္စည်းများကို ပြည်ပတင်ပို့ရန်အတွက် တရားဝင်သစ်တောထွက်ပစ္စည်းမှန်ကန်ကြောင်း ထောက်ခံချက်ကို ကုန်သွယ်ရေးပို့ကုန်လိုင်စင် လျှောက်ထားရာတွင် တစ်ကြိမ်၊ အကောက်ခွန်ဦးစီးဌာနအတွက် တစ်ကြိမ်၊ စုစုပေါင်း နှစ်ကြိမ်ရယူနေရခြင်းအစား အကောက်ခွန်ဦးစီးဌာနအတွက် တစ်ကြိမ်သာရယူဆောင်ရွက်ရန် ခွင့်ပြုခဲ့ပါသည်။ |
| ၁၁။ | **မြန်မာ့သစ်လုပ်ငန်း နယ်သစ်ဆိပ်များမှ လေလံအောင်သစ်များသယ်ယူခြင်း** | ➢ မြန်မာ့သစ်လုပ်ငန်း နယ်သစ်ဆိပ်များမှ လေလံအောင်သစ်လုံးနှင့် ခွဲသားများ သယ်ယူရန်အတွက် ခရိုင်သစ်တောဦးစီးဌာနသို့ တင်ပြခွင့်ပြုချက် ရယူရန်မလိုအပ်တော့ဘဲ One Stop Services ဖြင့် သစ်ဆိပ်တွင်ပင် သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့ ပူးပေါင်းစစ်ဆေးပြီး မြို့နယ်သစ်တောဦးစီးဌာနမှသယ်ယူခွင့် မျောစာ ထုတ်ပေးလျက်ရှိပါသည်။ |
| ၁၂။ | **ထုတ်လုပ်ခွင့်ပြုထားသည့် သစ်နှင့် သစ်တောထွက် ပစ္စည်းများ၏ ဘီလ်ပြေစာ သက်တမ်းပြင်ဆင် သတ်မှတ်ခြင်း** | ➢ စတင်ထုတ်ပေးသည့်နေ့မှစ၍ ၄င်းနှစ် မတ်လ ၃၁ ရက်နေ့အထိ သတ်မှတ်ခွင့်ပြုခဲ့သော သစ်နှင့်သစ်တောထွက် ပစ္စည်းများ၏ ဘီလ်ပြေစာသက်တမ်းအား စတင်ထုတ်ပေးသည့်နေ့မှစ၍ (၁)နှစ်အထိ ပြင်ဆင်သတ်မှတ်ခွင့်ပြုလျက်ရှိပါသည်။ |
| ၁၃။ | **ရော်ဘာသစ်များ ခုတ်လှဲ ထုတ်လုပ်၊ ခွဲစိတ်၊ သယ်ယူ၊ ရောင်းချခြင်း** | ➢ ရော်ဘာပင်များအား ခုတ်လှဲထုတ်လုပ်၊ သယ်ယူ၊ ရောင်းချခြင်း လုပ်ငန်းများတွင် သစ်တောဦးစီးဌာနမှ ပါဝင်ဆောင်ရွက်မှုမပြုတော့ဘဲ ရော်ဘာသစ်များအား သစ်တောဦးစီးဌာနမှခွင့်ပြုထားသော တရားဝင်သစ်ခွဲစက်များတွင် ခွဲစိတ်ခြင်းကိုသာ ခွင့်ပြုလျက်ရှိပါသည်။ |
| ၁၄။ | **ကြိုးဝိုင်းနှင့် ကြိုးပြင် ကာကွယ်တော များတွင် ပုဂ္ဂလိက စိုက်ခင်းများ တည်ထောင်ခွင့်ပြုခြင်း** | ➢ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ဆောင်ရွက်လိုသူများအတွက် ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများတွင် တစ်ဆက်တစ်စပ်တည်း ဧက ၁၀၀၀ နှင့်အထက် တောနိမ့်တောပျက်ဧရိယာများအား မြေငှားရမ်းခွင့်ပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိပါသည်။ |
| ၁၅။ | **တရားမဝင်သစ် ဖော်ထုတ် ဖမ်းဆီးရေးဆောင်ရွက်ခြင်း** | ➢ နိုင်ငံတော်၏ အဖိုးတန်သယံဇာတပစ္စည်းများအား နောင်သားစဉ်မြေးဆက် စဉ်ဆက်မပြတ်ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် တရားမဝင်သစ် ခိုးယူထုတ်လုပ်ခြင်း ဆောင်ရွက်မှုများအား ထိရောက်စွာ ဖော်ထုတ်ဖမ်းဆီးဆောင်ရွက်ခဲ့ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အောက်တိုဘာလ)အထိ ကျွန်း/သစ်မာ/အခြားသား စုစုပေါင်း(၁၃၈၆၄၉) တန်ကျော်ကို တရားခံ နိုင်ငံခြားသား (၁၃၀)ဦး၊ နိုင်ငံသား (၂၂၆၇၃)ဦး၊ သစ်တင်ကား (၃၄၂၉) စီး၊ ထော်လာဂျီ ၄၇၇ စီး၊ သစ်တင်ကရိန်း/မြေကော်စက်/မြေထိုးစက် (၈)စီး၊ ထွန်စက် (၆)စီး၊ စက်လှေ/မော်တော် (၆၆၈)စီး၊ လက်ကိုင်လွှစက် (၄၂၂) ခု၊ ဆက်စပ်ပစ္စည်းအများအပြားနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တရားမဝင်သစ်ဖော်ထုတ်ဖမ်းဆီးရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ |

(ဆက်လက်ဖော်ပြပါမည်)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# အဆင့်မြင့်လယ်ယာမြေဧက ၁၀၀ ဖော်ထုတ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**မကွေး ဒီဇင်ဘာ ၁၀**

မကွေးမြို့နယ် မြင်ကွန်းကျေးရွာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေး ဦးညဏ်မျိုး၊ အဖွဲ့ဝင်များဖြစ်ကြသော မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဦးမျိုးမြင့်သိန်း၊ မြန်မာ့စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်း၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဦးစီးအရာရှိ ဦးငွေးဝင်း၊ စက်မှုလယ်ယာဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်မိုးမြင့်တို့ ပါဝင်သည့် ပူးပေါင်းအဖွဲ့ကွင်းဆင်းရောက်ရှိပြီး မြင်ကွန်းကျေးရွာရှိ တောင်သူ ၄၀ တို့နှင့်တွေ့ဆုံကာ လာမည့်စိုက်ပျိုးကာလတွင် နွေစပါးအချိန်မှီစိုက်ပျိုးရေး၊ မြင်ကွန်းမြစ်ရေတင်ရေပေးဝေနေမှု အခြေအနေနှင့် အဆင့်မြင့်လယ်ယာမြေ ဧက ၁၀၀ ဖော်ထုတ်နိုင်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ချပြရှင်းလင်းဆွေးနွေး ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။



ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးမှ လုပ်ငန်းဆောင်ရွက်မှု အချိန်မီပြီးစီးရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် မြင်ကွန်းကျေးရွာတွင် လက်ရှိစိုက်ပျိုးထားသော မိုးစပါးခင်းများနှင့် အဆင့်မြင့်လယ်ယာမြေဖော်ထုတ်မည့်နေရာ၊ မြစ်ရေတင်ရေပေးဝေနေမှု အခြေအနေများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ အဆိုပါ မြင်ကွန်းကျေးရွာအုပ်စုတွင် အိမ်ခြေ ၃၅၇ လုံး၊ အိမ်ထောင်စု ၄၀၇ စု၊ လူဦးရေ ၁၈၄၆ ဦးနေထိုင်လျက်ရှိကြောင်း သိရှိရသည်။

**(ကျော်ဇေယျ)**

# ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းဆောင်ရွက်

**လယ်ဝေး ဒီဇင်ဘာ ၁၀**

နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေသည် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီက လယ်တာကြီး ကျေးရွာဘုန်းကြီးကျောင်း၌ဒေသခံပြည်သူများနှင့်တွေ့ဆုံခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် ဝက်ပုတ်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းတွင် ပေ(၈၀×၃၀) RC တစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီးကျောင်းသားကျောင်းသူများ၊ ဒေသခံများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုကိုရူပ(နေပြည်တော်)**

# ဒီဇင်ဘာအားကစားလအားကစားပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၀**

မန္တလေးမဟာအောင်မြေမြို့နယ်အားကစားကွင်း၌ ကျင်းပသော ဒီဇင်ဘာလူထုအားကစားလ အားကစားလှုပ်ရှားမှုအဖြစ် စုပေါင်းအားကစား ပြိုင်ပွဲများကို မန္တလေးမဟာအောင်မြေမြို့နယ် အားကစားကွင်း၌ ဒီဇင်ဘာ ၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

မန္တလေးခရိုင်အတွင်းရှိ အမရပူရ၊ ပုသိမ်ကြီး၊ အောင်မြေသာစံ၊ မဟာအောင်မြေ၊ ချမ်းအေးသာစံ၊ ချမ်းမြသာစည်နှင့် ပြည်ကြီးတံခွန် မြို့နယ်တို့မှ ပြိုင်ပွဲဝင်ပြည်သူများ၊ အားကစားဝါသနာရှင်လူငယ်များပါဝင်ကြပြီး အာလူးကောက်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြေးပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲများကို မြို့နယ်အလိုက် ယှဉ်ပြိုင်ခဲ့ကြရာ မန္တလေးခရိုင်အုပ်ချုပ်ရေးမှူးဦးဝင်းဇော်နိုင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေး မှူးများ၊ မြို့မိမြို့ဖများ တက်ရောက်အားပေးခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန္တလေးကိုယ်ပွား)**



# ဆင်ခြေထောက်ရောဂါကင်းဝေးရေး ပညာပေးဆွေးနွေးပွဲ ကျင်းပ

**ဝေါ ဒီဇင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၇ ရက်မွန်းလွဲ ၁ နာရီက ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး လူသားအားလုံး ဆေးကျွေးလုပ်ငန်း အသိပညာပေး ဆွေးနွေးပွဲအခမ်းအနားကျင်းပရာ ဝေါမြို့နယ်မှ



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေ၊ ဝေါမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထွန်း၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ မင်းသိန်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ရီရီသန်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ရွှေက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မင်းသိန်းက ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး လူသားအားလုံး ဆေးကျွေးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆင်ခြေထောက်ရောဂါ ကင်းဝေးစေရန်အတွက် ဆေးကျွေးခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ နှစ်နှစ်အောက်ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်များနှင့် ရောဂါတစ်ခုခုကြောင့် အိပ်ရာထဲတွင် လဲနေသူများကလွဲ၍ ကျန်လူအားလုံးကို ဆေးတိုက်ကျွေးမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် ဆေးတိုက်အဖွဲ့များ မိမိတို့ထံရောက်ရှိဆေးတိုက်ကျွေးလာပါက ဆေးတိုက်ကျွေးသူများ၏ ရှေ့မှောက်တွင် ဆေးသောက်ရမှာဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# အင်းတော်မြို့၌ စာပေဟောပြောပွဲကျင်းပမည်

**အင်းတော် ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ ခေတ်ကြေးမုံစာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး အကျိုးတော်ဆောင်အဖွဲ့က ကြီးမှူးကျင်းပသော ခေတ်ကြေးမုံစာကြည့်တိုက် နှစ်(၄၀)ပြည့်နှင့် စာဆိုတော်နေ့အထိမ်းအမှတ် ပထမအကြိမ်မြောက် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁၈ ရက် ည၆ နာရီတွင် အင်းတော်မြို့ မြအင်းသာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာပေဟောပြောပွဲတွင် ရန်ကုန်မြို့မှ စာရေးဆရာများဖြစ်ကြသော ဆရာနွမ်ဂျာသိုင်း၊ ဆရာ ဦးကျော်ကျော်လှိုင်၊ ဆရာလင်းသိုက်ညွှန့်(မြန်မာ့မြေ)တို့ လာရောက်ဟောပြောကြမည်ဖြစ်ကြောင်း ခေတ်ကြေးမုံစာကြည့်တိုက်အကျိုးတော်ဆောင်အဖွဲ့ဝင် ကိုဆန်းထွဋ်(ကမ္ဘောဇ)က ပြောသည်။

**(၁၅၆)**


ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ပန်းထော်ကျွန်း အထက(ပြင်ကြီး)

## ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲ

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ပန်းထော်ကျွန်း၊ အထက(ပြင်ကြီး)ကျောင်းတွင် ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲအား ၂၉-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပန်းထော်ကျွန်းနှင့် ခရိုင်ကျွန်းတို့တွင် တာဝန်ထမ်းဆောင်ခဲ့သော ပင်စင်စား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်ပါသောကြောင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မပျက်မကွက်တက်ရောက်ပေးကြပါရန်နှင့် အလှူငွေများထည့်ဝင်လိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းပေးနိုင်ပါရန် လေးစားစွာဖြင့် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**KBZ-သံတွဲဘဏ်ခွဲ (Account-၀၈၂၁၂၂၀၀၀၂၇၀၀)**

၁။ ဒေါ်လှဲ့လှဲ့ဝင်း ဖုန်း-၀၉-၂၅၀၂၃၈၂၃၈၊ ၀၉-၂၅၂၁၉၁၅၁၄
၂။ ဒေါ်မြင့်မြင့်ထွန်း ဖုန်း-၀၉-၄၃၂၀၀၃၅၈
၃။ ဒေါ်မိမိလေး ဖုန်း-၀၉-၂၅၄၃၀၁၈၈၁
၄။ ဦးဇော်ဝင်းလှိုင် ဖုန်း-၀၉-၅၀၅၃၄၀၃
၅။ ဦးဇော်နိုင်ဦး ဖုန်း-၀၉-၇၃၂၀၉၈၅၇
၆။ ဦးဝင်းတင် ဖုန်း-၀၉-၄၂၀၀၅၄၈၂၄
၇။ ဒေါ်မာလေး ဖုန်း-၀၉-၇၃၀၃၂၆၈၆

**အာစရိယပူဇော်ကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ**



ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၁၉၉၁ခုနှစ် အဝင်၊
၁၉၉၅ ခုနှစ် ကျောင်းဆင်း သူငယ်ချင်းများအား

## ဖိတ်ကြားလွှာ

ကျောင်းဆင်းနှစ် (၂၀)ပြည့်အထိမ်းအမှတ်အနေဖြင့် ကျေးဇူးရှင် ဆရာကြီး ဆရာမကြီးများအား အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၇-၁၂-၂၀၁၄ရက် (စနေနေ့)တွင် သရက်တော open shed ၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ သူငယ်ချင်းများ စုံညီစွာတက်ရောက်နိုင်ရန် ဖိတ်ကြားအပ်ပါသည်။

**နံနက် ၁၀း၀၀နာရီ** - ကွယ်လွန်သွားသောသူငယ်ချင်းများအား ရည်စူး၍ သံဃာတော်များအား ဆွမ်းကပ်ခြင်း
**မွန်းတည့် ၁၂း၀၀နာရီ** - ဆရာကြီး ဆရာမကြီးများအား နေ့လယ်စာဖြင့် ဧည့်ခံခြင်းနှင့် ပူဇော်ကန်တော့ခြင်း
**ညနေ ၃း၀၀နာရီ** - သူငယ်ချင်းများပြန်လည်တွေ့ဆုံပွဲ၊ ပျော်ပွဲရွှင်ပွဲ၊ musical band အစီအစဉ်

**အလှူငွေဆက်သွယ်ရန်-** Myaynigone Branch KBZ account: AC NO.02930202900341401 ကိုမျိုးကျော် ၁၂/ကမရ(နိုင်)၀၃၈၀၆၈ ဖုန်း-၀၉-၅၀၂၉၇၉၆
**ရန်ကုန်မှ စုစည်းလာရောက်ရန် အစီအစဉ်ဆက်သွယ်ရန်-**
အောင်သိန်းဦး ဖုန်း-၀၉-၂၅၄၀၂၁၀၀၃၊ ဒေါက်တာကိုကို ဖုန်း-၀၉-၅၀၉၈၃၀၈
**မန္တလေးမှ စုစည်းလာရောက်ရန် အစီအစဉ်ဆက်သွယ်ရန်-**
မျိုးမြင့်မော် ဖုန်း-၀၉-၂၅၆၅၂၇၈၉၅
**တည်းခိုရန် အစီအစဉ်ဆက်သွယ်ရန်-** ပပဝင်း ဖုန်း-၀၉-၂၅၀၅၃၈၀၈၆



## အထူးကျေးဇူးတင်ရှိခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ခရမ်းမြို့နယ်၊ ကရင်စုကျေးရွာ၌ လျှပ်စစ်မီးလင်းနိုင်ရန် ကေဗွီ ၁၆၀ ရှိ ထရန်စဖော်မာတစ်လုံးအတွက် ကျပ်သိန်း ၅၀ လှူဒါန်းကြသော-
ဦးစိန်ဝင်း-ဒေါ်ကြည်ကြည်ဆွေ
ကိုသက်ခိုင်-မဖြူဖြူဝင်း
သား-နွေဦးမောင်၊ သမီး-မိုးဦးမေ
ရတနာရွှေဆိုင် ခရမ်းမြို့တို့အား
အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ကျန်းမာ၊ ချမ်းသာ၊ ကောင်းသောလိုရာဆန္ဒပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ကရင်စုကျေးရွာ**
**လျှပ်စစ်မီးလင်းရေးကော်မတီနှင့် ရွာသူ ရွာသားများ**



## အထွေထွေကိုယ်စားလှယ်ရုပ်သိမ်းခြင်း

မော်ဘီမြို့၊ ပေတရာမြောက်ပိုင်း၊ ဆပ်သွားတောကျေးရွာနေ ဦးလှထွေးမှ ရန်ကုန်မြို့၊ တိုက် ၅၊ အခန်း ၁၀၆၊ အောင်ချမ်းသာအိမ်ရာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်စိုးစိုးမာ ၁၂/ဥကတ(နိုင်)၁၀၉၉၀၂ ထံသို့ လွှဲအပ်ထားသော ၂၄-၁၀-၂၀၁၃ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၀၅၇၁ အား ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ပါကြောင်း။

**ဦးလှထွေး ၁၂/မဘန(နိုင်)၀၀၀၆၆၇**



## အမြန်ဆက်သွယ်ပါ

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ပဒတ္ထိုင်းကျေးရွာနေ ဦးသိန်းမြင့်-ဒေါ်စန်းရီတို့၏သမီး မနိုင်နိုင်ဆွေသည် မိဘများနှင့် အဆက်အသွယ်မပြုလုပ်သည်မှာ ကြာမြင့်ပြီးဖြစ်ပါ၍ မိဘများနှင့် အမြန်ဆုံးဆက်သွယ်ပါရန်။

**ဖုန်း-၀၉-၂၅၃၅၉၉၇၃၆၊ ၀၉-၂၅၃၅၆၅၆၇၂**



**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးနေဝင်းပိုင်ဆိုင်သော ထွဋ်ခေါင်ဝင်းစက်လှေ၏ L.S.A မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ။

**ဖုန်း-၀၉-၅၀၉၄၄၀၆**



## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ ၁၈/င ရပ်ကွက်၊ အမှတ် ၇၅၇၊ ပုလဲကျွန်းလမ်းနေ ဦးညွှန့်ဝင်း ၁၂/တတန(နိုင်)၀၅၂၀၀၂ ၏သမီး မသန္တာဝင်း ၁၂/ဒဂတ(နိုင်)၀၅၉၂၃၅ သည် မိဘများ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှစွန့်လွှတ်လိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးညွှန့်ဝင်း ၁၂/တတန(နိုင်)၀၅၂၀၀၂**

# ဂန့်ဂေါမြို့နယ် ဇာဟောကျေးရွာတွင် လျှပ်စစ်မီးလင်းပြီ



**ဂန့်ဂေါ ဒီဇင်ဘာ ၁၀**

မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဒီဇင်ဘာ ၆ ရက် ညနေ ၅ နာရီက ဂန့်ဂေါမြို့နယ် ဇာဟောကျေးရွာသို့ လျှပ်စစ်ဓာတ်အား စတင်ချိတ်ဆက်ပေးပြီဖြစ်ရာ ဇာဟောကျေးရွာတွင် လျှပ်စစ်မီးကို စတင်ထွန်းညှိအသုံးပြုနေကြပြီဖြစ်သည်။

အဆိုပါ ဇာဟောကျေးရွာလျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို ဒီဇင်ဘာ ၆ ရက် ညနေက ကျေးရွာအုပ်ချုပ်ရေးမှူးရုံး အနီးတွင် ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးလှဆွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်၊ ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းမြို့တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ခင်နှင့် ကျေးရွာလျှပ်စစ်မီးလင်းရေး ကော်မတီအတွင်းရေးမှူး ဦးကျော်အောင်တို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေကိုရှင်းလင်းတင်ပြကြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဦးဝင်းမြင့်မောင်က အဆိုပါကျေးရွာ လျှပ်စစ်မီးလိုင်းကို မီးခလုတ်နှိပ်ဖွင့်လှစ်၍ လျှပ်စစ်ဓာတ်အား ချိတ်ဆက်ပေးသည်။

"၂၀၁၃ ခုနှစ်မှာ ဂန့်ဂေါကို လျှပ်စစ်မီးရောက်တော့ ဂန့်ဂေါမြို့နဲ့ မလှမ်းမကမ်းမှာရှိတဲ့ ကျွန်တော်တို့ ဇာဟောကျေးရွာအနေနဲ့ လျှပ်စစ်မီးရောက်ရှိနိုင်ဖို့ အခွင့်သာသွားတယ်။ လျှပ်စစ်နဲ့ပတ်သက်တဲ့လုပ်ငန်းတွေ ကျေးရွာမှာ ဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။ နိုင်ငံတော်ကထားရှိတဲ့ စေတနာနဲ့အခုလိုဖြစ်မြောက်အောင် အဘက်ဘက်က ကူညီဆောင်ရွက်ကြသူ အားလုံးကို ကျေးဇူးတင်ပါတယ်" ဟု အဆိုပါကျေးရွာနေတောင်သူ ဦးချိုဝင်းက ပြောကြားသည်။

**စိန်ကျော်(ဝါးဘိုးချောင်)**

# အင်္ဂလိပ်ဘာသာသင်ကြားရေး နှီးနှောဖလှယ်ပွဲ မန္တလေးမြို့၌ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ဗြိတိသျှကောင်စီမှ ကြီးမှူးကျင်းပမည့်မန္တလေးမြို့ အင်္ဂလိပ်ဘာသာသင်ကြားရေးနှီးနှောဖလှယ်ပွဲ စတုတ္ထအကြိမ်နှစ်ပတ်လည်နှီးနှောဖလှယ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တွင် နံနက် ၈ နာရီမှညနေ ၅ နာရီအထိ မန္တလေးမြို့ရှိ Mandalay Hill Resort ဟိုတယ်၌ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ ပင်မမိန့်ခွန်းအပါအဝင် ဆွေးနွေးပွဲ ၂၀ ကျော် ကို တက်ရောက်သူဆရာ ဆရာမများအတွက် စီစဉ်ထားပြီး ယခုနှစ်အခမ်းအနား၏ဆောင်ပုဒ်ဖြစ်သော Empowering teacher to deliver learner-centered English language lessons အတိုင်း သင်ကြားသူအခြေပြုသင်ကြားနည်းများအသုံးပြု၍ အင်္ဂလိပ်ဘာသာစကားသင်ကြားခြင်း၏အရေးပါပုံများနှင့်နည်းလမ်းများကို အလေးပေးဖော်ပြသွားမည်ဟု သိရသည်။ အခမ်းအနားနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ဗြိတိသျှကောင်စီ မန္တလေး ဖုန်း-၀၂-၃၃၉၀၄ နှင့် ၀၀၁၂၀၃၁၄ (လိုင်းခွဲ) ၈၃၀ ။ ဗြိတိသျှ ကောင်စီရန်ကုန် ဖုန်း-၀၁-၂၅၅၆၅၄ ၊ ၂၄၅၆၂၉၀ (လိုင်းခွဲ-၃၃၆၈)နှင့် အီးမေးလ် aye.kyu@ mm. britishcouncil .org နှင့် wailin. kyaw@ mm. britishcouncil .org တို့ထံ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**ပြည် ဒီဇင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ဘုရားသုံးဆူပွဲတော်ရက်အတွင်း ဘုရားဖူးလာ လုပ်သားပြည်သူများကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် အတွက် ရွှေတောင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးဝေကိုနှင့် ကျွမ်းကျင်လျှပ်စစ်ဝန်ထမ်းများသည် ဒီဇင်ဘာ ၆ ရက်က ရွှေတောင်မြို့နယ်အတွင်း လမ်းကျော်ဗို့အား ၄၀၀ ဗို့ ဓာတ်အားလိုင်းများတွင် Short Link ကြိုးများ အကာအကွယ် တပ်ဆင်ပေးခဲ့ပြီး လျှပ်စစ်အန္တရာယ်များ သိရှိနားလည်စေရန် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် နေ့လယ်ပိုင်းတွင် ရွှေတောင်မြို့နယ် နွားမယံကျေးရွာအုပ်စု လေးကျွန်းဆီမီးကျေးရွာ (ခလရ-၁၄) အလက (ခွဲ) ကျောင်းတွင် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ မြို့နယ်



လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးဝေကိုက ပရိုဂျက်တာများဖြင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(၁၁၆)**

## ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သတင်းတိုများ

### ကသာမြို့၌ ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံ

ကသာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းထွန်းနှင့် ဝန်ထမ်းများသည် ဒီဇင်ဘာ ၆ရက်နေ့ နံနက် ၉ နာရီမှ ၁၀ နာရီအထိ ကသာမြို့ ရပ်ကွက်(၁) မြောက်ကျောင်းပရိယတ္တိစာသင်တိုက်အတွင်းရှိ ခွေးများနှင့် ရပ်ကွက်အတွင်းရှိ ခွေး ၇၅ ကောင်တို့ကို ခွေးရူးရောဂါကာကွယ်ဆေး (ARV) များ အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ခွေးရူးရောဂါသည် အချိန်ရာသီမရွေးဖြစ်ပွားနိုင်သည့် ကူးစက်မြန်သောရောဂါ ဖြစ်ပြီးခွေးရူးရောဂါဖြစ်ပွားနေသည့် ခွေး၏သွားရည်မှတစ်ဆင့် လူနှင့် တိရစ္ဆာန်များသို့ ကူးစက်နိုင်သည့်ရောဂါဖြစ်ရာ ခွေးရူးရောဂါကာကွယ်ဆေး (ARV)ထိုးနှံထားခြင်းဖြင့်ခွေးရူးရောဂါဖြစ်ပွားမှု မှ ကာကွယ်တားဆီးနိုင်ပြီး လူနှင့်အခြားတိရစ္ဆာန်များအတွက် အန္တရာယ်ကင်းဝေးစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

### ချောင်းသာကမ်းခြေသန့်ရှင်းသာယာလှပရေး ဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ချောင်းသာကျေးရွာဖွံ့ဖြိုးရေးနှင့်အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော် ဦးစီး၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ အရန်မီးသတ်အဖွဲ့ဝင်များ စုပေါင်းအဖွဲ့သည် ချောင်းသာ ကမ်းခြေသာယာလှပရေးအတွက် ကမ်းခြေတစ်လျှောက် လှည့်လည်စစ်ဆေးရာ ကမ်းခြေသောင်ပေါ်၌ ဈေးဆိုင်ဖွင့်လှစ်ရောင်းချသူတစ်ဦးထံမှ ကော်စားပွဲလေးလုံး၊ ဖိုက်ဘာခုံအကြီးအလုံး ၄၀၊ ထီးတိုင် ခုနစ်ချောင်းနှင့် ဆိုင်ကယ် မမောင်းရန် တားမြစ်ထားသည့်နေရာတွင် ဆိုင်ကယ်မောင်းနှင်သူခြောက်ဦးအား စစ်ဆေးတွေ့ရှိသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ခေါ်ပြီး ပညာပေးဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့် (iprd)**

### ဗန်းမော်၌ ဒီဇင်ဘာလူထုအားကစားစုပေါင်းလမ်းလျှောက်

ဗန်းမော်ခရိုင်၌ ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၉ ရက် နံနက် ၆ နာရီတွင် သတ်မှတ်စုရပ်ဖြစ်သည့် နာရီစင်ရှေ့မှ သိမ်တော်ကြီးဘုရားလမ်းအတိုင်း မြို့တစ်ပတ်ပတ်ကာ ခရိုင်ပြည်သူ့အားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ကြသည်။

အဆိုပါ လမ်းလျှောက်ပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဦးဝင်းမြင့်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ ရပ်ကွက်ပြည်သူများ စုစုပေါင်း ၅၀၀ ခန့် လမ်းလျှောက်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### ငွေဆောင်တွင် နိုင်ငံခြားသားတစ်ဦး ဆိုင်ကယ်မှောက်

ငွေဆောင်ကမ်းခြေ Ocea Blue ဟိုတယ်တွင်လာရောက် တည်းခိုနေသော ဩစတြေးလျနိုင်ငံသား Mr. Mark Bargess (၃၂ နှစ်)သည် ဒီဇင်ဘာ ၆ ရက် ညနေ ၄နာရီခွဲတွင် E. F. R ဟိုတယ် အနောက်ဘက် ပင်လယ်ကမ်းခြေတွင် မော်တော်ဆိုင်ကယ်တိမ်းမှောက်မှုဖြစ်ပွားရာ ဒဏ်ရာရရှိခဲ့သည်။ ငွေဆောင်ကမ်းခြေတွင် မော်တော်ဆိုင်ကယ်စီးနင်းခွင့်မရှိကြောင်း သိရသည်။

**မူမူ(iprd)**


ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၂၀၁၅ခုနှစ် ဇန်နဝါရီ ၁၁ရက်တွင် ပြုလုပ်မည့် (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်ဈေးနှုန်းလွှာ(တင်ဒါ)ကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် တင်သွင်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာကို ၁-၁-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထား တင်သွင်းရပါမည်။ အသေးစိတ်အချက်အလက်များကို ဒေါက်တာကြည်တိုး၊ ကထိက ဖုန်း-၀၉-၂၅၄၀၂၃၃၉၆ နှင့် ဦးမြင့်စိုး မော်ကွန်းထိန်းအဆင့်(၂)၊ ဖုန်း-၀၉-၈၃၀၅၁၈၇ တို့သို့ စုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံနှင့်ဗီဒီယိုစိစစ်ရေးဆပ်ကော်မတီ**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မုံရွာတက္ကသိုလ် (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို ၁၀-၁-၂၀၁၅ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဘွဲ့နှင်းသဘင်ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရေးလုပ်ငန်းများအတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာဝယ်ရမည့်နေရာ** - ဘဏ္ဍာဌာန၊ မုံရွာတက္ကသိုလ်
(ခ) **လျှောက်လွှာရောင်းချမည့်ရက်** - ၁၅-၁၂-၂၀၁၄ ရက်မှ ၁၉-၁၂-၂၀၁၄ ရက်အထိ
(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၂၃-၁၂-၂၀၁၄ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀နာရီ
(ဃ) **တင်ဒါတင်သွင်းရန်နေရာ** - ဦးကျော်နိုင်၊ သတ္တဗေဒဌာန၊ မုံရွာတက္ကသိုလ်

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၄၂၀၇၄၉၅၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**



စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဝင်းသူဇာအရောင်းဆိုင် (BPI)နှင့် ဝင်းသူဇာအရောင်းဆိုင်(ပျော်ဘွယ်)မှ အောက်ဖော်ပြပါ လက်ကျန်ပစ္စည်းများနှင့် ပုလင်းသွင်းအရက်များအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်၍ တင်ဒါစာရင်းသွင်းနိုင်ပါသည်-

(က) ဝင်းသူဇာအရောင်းဆိုင်(BPI)ရှိ လက်ကျန်ပစ္စည်း ၂၆၂ မျိုးနှင့် ပုလင်းသွင်းအရက် ၅မျိုး
(ခ) ဝင်းသူဇာအရောင်းဆိုင်(ပျော်ဘွယ်)ရှိ လက်ကျန်ပစ္စည်း ၁၁၃ မျိုးနှင့် ပုလင်းသွင်းအရက် ၁၅ မျိုး

**မှတ်ချက်။** ။ဝင်းသူဇာလက်ကျန်ပစ္စည်းများနှင့် ပုလင်းသွင်းအရက်များအား သီးခြားစီလည်း တင်ဒါပေးသွင်းနိုင်ပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၅-၁၂-၂၀၁၄ ရက်
**တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၄-၁-၂၀၁၅ ရက် ၁၆း၀၀ နာရီ
**ဈေးနှုန်းတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးရုံးအဖွဲ့၊ ရုံးခန်း၊ ရုံးအမှတ် ၃၇၊ နေပြည်တော်

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်သိရှိလိုပါက ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ ရောင်းချဖြန့်ဖြူးရေးဌာန ဖုန်း-၀၆၇-၄၀၈၁၄၉၊ ၀၆၇-၄၀၈၃၄၀၊ ၀၆၇-၄၀၈၃၇၇၊ ၀၆၇-၄၀၈၃၈၁ တို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။



**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5G/8625 KIA Bongo III P/U (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးညီညီနိုင် ၉/ပဥလ(နိုင်)၀၂၀၈၇၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**



စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
အမျိုးသမီးသားဖွားမီးယပ်နှင့်
ကလေးအထူးကုဆေးရုံဆောက်လုပ်ရေးအတွက်

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် အမျိုးသမီးသားဖွားမီးယပ်နှင့် ကလေးအထူးကုဆေးရုံတည်ဆောက်ရန်အတွက် အိတ်ဖွင့်တင်ဒါဖြင့် လုပ်ငန်းအပ်နှံလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများတင်သွင်းနိုင်ရန် စိတ်ပါဝင်စားသည့်ကုမ္ပဏီများအား တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၂၀-၁၂-၂၀၁၄ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၁-၂၀၁၅ရက် ၁၆း၀၀နာရီ

၃။ တင်ဒါလျှောက်လွှာပုံစံများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ လူမှုရေးဝန်ကြီးရုံးခန်းသို့ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၇၁-၂၄၃၁၃၊ ၀၇၁-၂၄၁၇၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**



**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၂)ရပ်ကွက်၊ ပေ ၈၀ လမ်း၊ မြေကွက်အမှတ် ၁၃၄၀၊ အလျားပေ ၄၀×အနံပေ ၆၀ရှိ စလစ်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ဒေါ်စောမြင့် ၉/ပမန(နိုင်)၀၇၀၄၅၇ အမည်ပေါက် ပိုင်ဆိုင်သူဖြစ်ပြီး လက်ရှိလွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသူ ဦးမင်းသွေးဆန်း ၉/ကပတ(နိုင်)၁၄၃၀၅၆ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှကေသီ ၁၄/ငပတ(နိုင်)၂၀၂၃၈၇ မှ အဆိုပါမြေကွက်အား တန်ဖိုးငွေ ကျပ်သိန်း ၅၀၀ သတ်မှတ်ပြီး အပြီးအပိုင်ဝယ်ယူတော့မည်ဖြစ်၍ ၆-၁၂-၂၀၁၄ရက်တွင် စာချုပ်ချုပ်ဆို၍ ကျပ်သိန်း ၅၀ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါမြေနှင့် အိမ်ဝယ်ယူခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်တားမြစ်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို တရားဝင်ဆောင်ရွက်ပြီးဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်သောင်း (စဉ်-၁၉၂၁၇)**
**အထက်တန်းရှေ့နေ**
**အမှတ် ၃/၁၉၉၊ အိုးဖိုရပ်၊ ပျဉ်းမနားမြို့**

# ဂုဏ်ပြုရမည့် စာရေးဆရာများ

သတင်း-တိမ်ဦးဝေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၁၀

**ရှေးမြန်မာမင်းများလက်ထက်ကပင် နတ်တော်လတွင် ထူးချွန်ထက်မြက်သော စာဆိုတော်ကြီးများကို ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်ချီးမြှင့်ခဲ့သည့် အစဉ်အလာရှိခဲ့သည်။ ယခုမျက်မှောက်ခေတ်ကာလမှာလည်း နှစ်စဉ် နတ်တော်လဆန်း ၁ ရက်တွင် စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် စာရေးဆရာများအား နိုင်ငံတော်က ဆုချီးမြှင့်လျက်ရှိသည်။ ယခုနှစ်တွင်လည်း အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု စာရေးဆရာကြီးများကို တစ်သက်တာစာပေဆု အပါအဝင် ဆုများဂုဏ်ပြုပေးအပ်ခဲ့ရာ စုစုပေါင်း ဆုရစာရေးဆရာ ၄၀ ရှိကြောင်း သိရသည်။ ဆုရရှိသည့် စာပေပညာရှင်တို့အား နိုင်ငံတော်မှ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ဒီဇင်ဘာ ၇ ရက်က ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပခဲ့ပြီးဖြစ်သည်။ အဆိုပါအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့မှ စာပေဆုရှင် ခြောက်ဦးရရှိကြောင်း သိရသည်။ ဆုရရှိသူများအနက် မြန်မာတစ်နိုင်ငံလုံးတွင် ပဲခူးမြို့မှ အများဆုံးရရှိခြင်းသည် ထူးထူးခြားခြားဂုဏ်ယူဖွယ်ရာဖြစ်သည်။ ယင်းစာပေပညာရှင်တို့အား ပဲခူးမြို့သား သတင်းသမားအနေဖြင့် ဂုဏ်ပြုဖော်ပြပါသည်။**

**ဒေါက်တာမောင်ဖြေ [ဝိသဇ္ဇက(ပဲခူး)]**

**(သုတသိပ္ပံဘာသာရပ် ပထမဆု)**

"မြန်မာ့တိုင်းရင်းဆေး ပညာနဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးလိုအပ်ချက်ကို တစ်ထောင့်တစ်နေရာက ဖြည့်ဆည်းပေးလိုတဲ့ ဆန္ဒဖြစ်ပါ



တယ်"ဟု စာရေးဆရာ ဒေါက်တာမောင်ဖြေက ပြောသည်။ ဒေါက်တာမောင်ဖြေသည် ဝိသဇ္ဇက(ပဲခူး) ကလောင်အမည်ဖြင့် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာတို့တွင် သုတ၊ ရသ ဆောင်းပါးများ ရေးသားနေသူလည်း ဖြစ်သည်။ အဖ ဦးအောင်ဖေနှင့် အမိဒေါ်ဖွားစိန်တို့မှ ပဲခူးမြို့၌ ၁၉၃၉ ခုနှစ်က မွေးဖွားခဲ့သူဖြစ်သည်။ လုံးချင်းစာအုပ် သုံးအုပ်၊ ကလောင်စုံပါဝင်သော လုံးချင်းတစ်ပုဒ် ပုံနှိပ်ထုတ်ဝေပြီး ဖြစ်သည်။ ဝိသဇ္ဇက (ပဲခူး) ကလောင်အမည်ဖြင့် ၂၀၁၁ ခုနှစ်က စာပေဗိမာန်စာမူဆုကို "အလှအယဉ်မြန်မာ့ဓလေ့ ပွဲတော်တစ်ခွင်" စာမူဖြင့် ဆုရရှိခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံတိုင်းရင်းဆေးအသင်း(ဗဟို)တွင် ပါဝင်ပြီး ပဲခူးမြို့နယ် စာရေးဆရာအသင်းနာယကအဖြစ် ဆောင်ရွက်လျက်ရှိသည်။

**မောင်ရင့်မာ(ကျောင်းကုန်း)**

**(စာပဒေသာဆု)**

"လွတ်လပ်စွာ လွမ်းဆွတ်ခွင့်" စာ



မူဖြင့် ဆုရရှိခဲ့သူဖြစ်ပြီး ဗိုလ်မင်းရောင်(၁)လမ်း ကျိုက်ပွန်ဘုရားရှေ့ ဓမ္မပါလ၊ ပဲခူးမြို့တွင် နေထိုင်သူဖြစ်သည်။ စာပေဗိမာန်စာမူဆုများကို ၁၉၈၄ ခုနှစ်တွင် "သိမ်းဆည်းထားသော ပန်းရနံ့များ" စာမူနှင့် ဝတ္ထုတိုပေါင်းချုပ်ဒုတိယဆုနှင့် ၁၉၉၀ ပြည့်နှစ်တွင် "ကောင်းကင်သမုဒ္ဒရာနှင့်မဟာမြင်းမိုရ်" စာမူတို့ဖြင့် ဒုတိယဆုရရှိခဲ့သည်။ အခြားပုဂ္ဂလိကစာပေဆုများလည်းရရှိခဲ့ပြီး စာပေဆောင်းပါးများ အပါအဝင် အက်ဆေးစာအုပ် ငါးအုပ် ရေးသားထုတ်ဝေခဲ့သည်။ လက်ရှိ၌ ပဲခူးခရိုင် တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်ရင်းစာပေများ ရေးသားလျက်ရှိသည်။

**ယဉ်ယဉ်မွန်(ရွှေဟောင်းသုတေသန)**

**သုတပဒေသာ(ဝိဇ္ဇာ)ပထမဆု**

၂၀၁၃ ခုနှစ်အတွက် "ဘုရင့်နောင်မင်းတရားကြီးနှင့် ကမ္ဘောဇသာဒီ" စာမူဖြင့် ပထမဆုဆွတ်ခူးခဲ့သူဖြစ်သည်။ ရွှေဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(ပဲခူးဌာနခွဲ)တွင် ဦးစီးအရာရှိအဖြစ် တာဝန်ထမ်းဆောင်နေပြီး လက်ရှိအချိန်၌ ဂျပန်နိုင်ငံသို့ လေ့လာရေးခရီး ရောက်ရှိနေသည်။ ၂၀၁၁ ခုနှစ်တွင် "ဟံသာဝတီခေတ် ဓမ္မစေတီမင်းကြီး၏ ကောင်းမှုတော်များ" စာမူဖြင့် သုတပဒေသာ(ဝိဇ္ဇာ) တတိယဆုရရှိခဲ့သည်။

**မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)**

**စာပဒေသာ ဒုတိယဆု**

၂၀၁၃ ခုနှစ်အတွက် "ဘုရင့်နောင်မင်းကြီးနှင့် ဟံသာဝတီမြို့တော်ဟောင်းကို တူးဆွကြည့်ခြင်း" စာမူ



ဖြင့် စာပေဗိမာန်စာပဒေသာ ဒုတိယဆုရရှိခဲ့သူဖြစ်သည်။ အဖ ဦးချစ်တိုး အမိ ဒေါ်တင်ညွန့်တို့က ၁၃၀၉ ခုနှစ် ဝါဆိုလတွင် ညောင်လေးပင်မြို့၌ မွေးဖွားခဲ့သည်။ ၁၉၆၈ခုနှစ်က စာပေများ စတင်ရေးသားခဲ့ရာ စာပေဗိမာန်စာမူဆု ၁၃ ကြိမ်နှင့် ထွန်းဖောင်ဒေးရှင်းစာပေပြိုင်ပွဲဆု သုံးကြိမ်ရရှိခဲ့သည်။ ယခုအခါ ဆည်မြောင်းဦးစီးဌာန အငြိမ်းစားတစ်ဦးဖြစ်ပြီး အမှတ်(၁၅၂၉) ဆိုရှယ်လစ် ၁၅ လမ်း ပဲခူးမြို့၌ နေထိုင်လျက်ရှိသည်။

**သိပ္ပံစာရေးဆရာ ကိုကိုအောင်**

**သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံ)**

၂၀၁၃ ခုနှစ်အတွက် သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံ) တတိယဆုရခဲ့သူဖြစ်သည်။ ၁၉၇၃ ခုနှစ်က စာပေများ စတင်ရေးသားခဲ့ပြီး ဆောင်းပါးပေါင်း ၆၀၀ ကျော် ရေးသားခဲ့သည့်အပြင် လုံးချင်း ခြောက်အုပ်ရေးသားထုတ်ဝေခဲ့သည်။ ၁၉၉၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် "ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ရှိ လျှပ်စစ်" စာမူဖြင့် သုတပဒေသာ သိပ္ပံနှင့် အသုံးချသိပ္ပံဘာသာရပ် ပထမဆုရရှိခဲ့သည်။ လက်ရှိ၌ MWD နှင့် MRTV-4 တို့တွင် သိပ္ပံ၊ နည်းပညာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောအသံလွှင့် ပို့ချခြင်းများ ဆောင်ရွက်လျက်ရှိပြီး စာပေများလည်း ရေးသားလေ့ရှိသည်။

**ဝတ်ရည်ခင်(ပဲခူး)**

**ကလေးစာပေ ဒုတိယဆု**



၂၀၁၃ ခုနှစ်အတွက် "ရွှေရောင်ခေတ်၏ရတနာလေးများနှင့် ကလေးဝတ္ထုတိုများ" စာမူဖြင့် စာပေဗိမာန် ဒုတိယဆုရရှိခဲ့သူဖြစ်သည်။ ၂၀၀၉ ခုနှစ်တွင် "ထက်မြက်စွမ်းအင်နှင့် လူငယ်ဝတ္ထုတိုများ"စာမူဖြင့် စာပေဗိမာန်တတိယဆုရရှိခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် မြန်မာအမျိုးသမီးများနေ့ ပဲခူးတိုင်းဒေသကြီး ထူးချွန်အမျိုးသမီးဆု ရရှိခဲ့သူဖြစ်သည်။ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတွင် ပဲခူးတိုင်းဒေသကြီးဒုတိယဥက္ကဋ္ဌနှင့် ပဲခူးမြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး စာပေများရေးသားကာ ယုဇနလမ်း ရုံးကြီးရပ်ကွက် ပဲခူးမြို့၌ နေထိုင်လျက်ရှိသည်။ ။

## ကလေးမြို့ အနောက်မြောက်ဘက် ကျေးရွာချင်းဆက်လမ်းပိုင်း အမာခံကျောက်ခင်း

**ကလေး ဒီဇင်ဘာ ၁၀**

ကလေးမြို့၏ အနောက်မြောက်ဘက် ကျေးရွာချင်းဆက်လမ်းဖြစ်သော နတ်ကြီးကုန်း(ပျဉ်း)ကျေးရွာမှ ပျဉ်းတောဦးကျေးရွာသွားရာ လမ်းပိုင်းအရှည် ခြောက်မိုင်အား အမာခံကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ခွင့်ပြုရန်ပုံငွေမှ ကျပ် ၁၇၅ သန်းအကုန်အကျခံကာ ထက်ရတနာထွန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်းပိုင်း အမာခံကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုနှင့် စက်ယန္တရားကြီးဖြင့် လမ်းမြေသားညှိခြင်းလုပ်ငန်းဆောင်ရွက်မှုများကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၈ ရက်က သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကာ သတ်မှတ်ထားသောစံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးနှင့် လိုအပ်ချက်များကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက မှာကြားခဲ့သည်။

အနောက်မြောက်ဘက်၌ရှိသော လမ်းပိုင်းကို ကျောက်ချောလမ်းခင်းခြင်းပြီးစီးပါက ယင်းကျေးရွာများမှ ကျေးလက်နေပြည်သူများ ခရီးသွားလာရေး၊ ကုန်သန်းရောင်းဝယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

## နတ်တလင်းမြို့နယ်၌ (၁၆)ခုတင်ဆံ့ဆေးရုံ ပန္နက်တင်

**နတ်တလင်း ဒီဇင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တောင်ညိုမြို့သစ် အောင်ဇေယျာကျေးရွာအုပ်စုတွင် (၁၆)ခုတင်ဆံ့ ဆေးရုံတည်ဆောက်ရန် ပန္နက်တင်ပွဲကို ဒီဇင်ဘာ ၇ ရက်က ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရဲထွဋ်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်၊ မြို့နယ်ဆရာဝန်ကြီး ဦးစိုးလှိုင်ဦးနှင့် ရပ်မိရပ်ဖကိုယ်စားလှယ် ဦးမြင့်ဆွေတို့က အသီးသီးပန္နက်တင်ပေးကြသည်။ ထို့နောက် ဆောက်လုပ်ရေးအင်ဂျင်နီယာဦးအေးမောင်က ယခုတည်ဆောက်မည့်ဆေးရုံသစ်တွင် လူနာဆောင်၊ ခွဲစိတ်ဆောင်၊ ဓာတ်မှန်ဆောင်၊ ပြင်ပလူနာဆောင်များအပြင် တာဝန်ကျ ဆရာဝန်နေထိုင်ရန်နှစ်ခန်းတွဲတိုက်တစ်လုံး၊ သူနာပြုဝန်ထမ်းများနေထိုင်ရန် သုံးခန်းတွဲတိုက်တစ်လုံး၊ ဆေးရုံလုပ်သားများနေရန် လေးခန်းတွဲနှစ်လုံးတို့ပါ တည်ဆောက်သွားမည်ဖြစ်ကြောင်း အသေးစိတ်ရှင်းလင်းတင်ပြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်ဦးက သတ်မှတ်ကာလအတွင်း ပြီးစီးသွားအောင်ဆောင်ရွက်ရေးနှင့် စံချိန်စံညွှန်းပြည့်မီရေး၊ အရည်အသွေးကောင်းမွန်ရေးတို့အတွက် တာဝန်ရှိသူများနှင့်ပေါင်းစပ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆေးရုံတည်ဆောက်ရန်အတွက် နိုင်ငံတော်၏ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာငွေမှ ကျပ်သိန်း ၆၀၀၀ ခွင့်ပြုမိန့်ရရှိထားပြီးဖြစ်ကြောင်းနှင့် ဆေးရုံ အကျယ်အဝန်းမှာ အလျား ၁၂၆ ပေ၊ အနံ ၈၉ ပေ၊ အမြင့် ၁၄ ပေဖြစ်ပြီး ALL Media (Information Co.,Ltd)ကုမ္ပဏီက တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

## ဈေးနှုန်းတင်သွင်းရန်တင်ဒါဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းရှိ လက်ကျန်တာယာများကို ဈေးပြိုင်စနစ်ဖြင့် တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်ပါသည်-

**ကြည့်ရှုရမည့်နေရာ** - အမှတ်(၂၁) အကြီးစားစက်ရုံ(သထုံ)
အမှတ်(၂၂) အကြီးစားစက်ရုံ(ဘီးလင်း)
**တင်ဒါပိတ်ရက်** - ၁၇-၁၂-၂၀၁၄ ရက်၊ ၁၆:၀၀ နာရီ
**တင်ဒါဖွင့်ရက်** - ၁၈-၁၂-၂၀၁၄ ရက်၊ ၁၃:၀၀ နာရီ
**တင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ် (၃၀)နေပြည်တော်

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၅၀၅၈၊ ၀၆၇-၄၀၅၁၅၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## တိုင်းဒေသကြီးအစိုးရအဖွဲ့
## တနင်္သာရီတိုင်းဒေသကြီး
## ဈေးပြိုင်အဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ထားဝယ်မြို့တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါဝန်ကြီးနေအိမ်အသစ် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | ရုံးအမည် | လုပ်ငန်းအမည် |
| --- | --- | --- |
| (က) | တိုင်းဒေသကြီးအစိုးရအဖွဲ့ ထားဝယ်မြို့ | ဝန်ကြီးနေအိမ်အသစ်ဆောက်လုပ်ခြင်း (၉၁-၄ပေ×၁၁၀ပေ×၁၄ပေ) |

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား သက်ဆိုင်ရာ ကုမ္ပဏီအဖွဲ့ အစည်းကိုယ်တိုင်(သို့မဟုတ်) ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။
၃။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံများအားတစ်စုံလျှင်၁၀၀၀၀ိ/(ကျပ်တစ်သောင်းတိတိ)ဖြင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ထားဝယ်မြို့တွင် ၁၅-၁၂-၂၀၁၄ ရက်မှ ၁၉-၁၂-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။
၄။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပါသည်။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံသည် မူရင်းဈေးပြိုင် အဆိုပြုလွှာတင်သွင်းသည့်ပုံစံဖြစ်ရပါမည်။
၅။ ဈေးပြိုင်အဆိုပြုလွှာများကိုအတွင်းရေးမှူးများ၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ထားဝယ်မြို့ထံလိပ်မူ၍ ၃၁-၁၂-၂၀၁၄ ရက် ၁၆း၀၀နာရီထက် နောက်မကျဘဲ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ထားဝယ်မြို့သို့ တင်သွင်းရမည်ဖြစ်ပါသည်။
၆။ ဈေးပြိုင်အဆိုပြုလွှာများကို ၅-၁-၂၀၁၅ ရက် ၁၀း၀၀နာရီတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ထားဝယ်မြို့တွင် ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။
၇။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၂၃၅၅၆၊ ၀၅၉-၂၃၆၀၀၊ ၀၅၉-၂၃၅၆၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**
**ထားဝယ်မြို့**

## အမည်ပြောင်း

မော်လမြိုင်မြို့ ဦးအောင်ဇော်ဦး၏သမီး အထက(ခွဲ)၊ အလက(၉) ပဋ္ဌမတန်း (B) မှ မမေအောင်ဇော်ဦးအား မကြည်ဖြူလင်းလက်ဟု ပြောင်းလဲခေါ်ပါရန်။

**မကြည်ဖြူလင်းလက်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၃၂၁၅၈ YINXIANG 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင် ၁၃/မမတ(နိုင်)၀၃၀၆၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်မဲမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ အကွက်အမှတ် (ဃ/အောင်ဇေယျာ)၊ မြေကွက်အမှတ် (၉၉)၊ ဧရိယာ ၀ ဒသမ ၀၄၈ ဧကရှိမြေကွက်သည် ဦးတင်ထွန်းအမည်ဖြင့် DORP NO/၅၀/၁၉၉၁-၁၉၉၂ အရ ၁၇-၈-၁၉၉၁ ရက်မှ ၁၆-၈-၂၀၀၁ ရက်ထိ ၁၀နှစ် ဂရန်ရရှိထားပြီး မြေကွက်ဖြစ်ပြီး မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားသည့်အတွက် တရားရုံးကျမ်းကျိန်ဆိုချက်ဖြင့် မြေငှားဂရန်မိတ္တူ လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ဤရုံးသို့လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀/ပေါင်းလောင်း(၁)၊ မြေကွက်/ဦးပိုင်အမှတ် (၄၁၇၊ ၄၁၈၊ ၄၁၉၊ ၄၂၀)၊ မြေဧရိယာ ၀ ဒသမ ၂၂၀ ဧက၊ မြေကွက်တည်နေရာအမှတ် (၄၁၇၊ ၄၁၈၊ ၄၁၉၊ ၄၂၀)၊ ၉လမ်း၊ ပေါင်းလောင်း(၁)၊ ရွာကောက်ရပ်၊ ပျဉ်းမနားမြို့ရှိ မြေကွက်လေးကွက်အား ဦးဘိုအေး(ဘ)ဦးထွန်းကြည် ၉/ပမန(နိုင်)၁၃၆၉၃၁ က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၂/ချင်းတွင်း အနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၁၈၈၄)၊ ဧရိယာ ၀ဒသမ၀၄၆ဧက၊ ဦးမြင့်ဟန်အမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၅၅/၂၀၁၄(၂၀-၁၁-၂၀၁၄)ဖြင့် ဦးမြင့်ဟန်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ခိုင်မူယာ ၁၃/တကန(နိုင်)၀၀၀၈၅၂ (ဘ)ဦးပန်းခိုင်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သတင်းတိုများ

### GAP စနစ်ဖြင့် ကြံစိုက်ပျိုးနည်း သရုပ်ပြ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်တွင် တောင်သူများအား GAP နည်းစနစ်ဖြင့် နဝဒေး(၄) ကြံမျိုးစံပြကွက်စိုက်ပျိုးပြသပွဲကို ဒီဇင်ဘာ ၁ ရက်က ဂါးထာကျေးရွာအုပ်စု ဆည်ကြီးကျေးရွာ၌ ကျင်းပခဲ့ရာ ခရိုင်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်လှိုင်နှင့် မြို့နယ်ဦးစီးမှူး ဦးသိန်းဌေးတို့က ကြံသီးနှံကို GAP နည်းစနစ်ဖြင့်စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများက တောင်သူများအား စိုက်ပျိုးနည်းများ လက်တွေ့ပြသခဲ့ကြောင်း သိရသည်။ **မျိုးဝင်းညို(ကန့်ဘလူ)**

### ကျိုက်လတ်မြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်း

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာတွင် ၂၀၁၄-၂၀၁၅ မိုးစပါး GAP စနစ် အထူးအထွက်ကောင်းမျိုးစံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၇ ရက်က ကျင်းပခဲ့ရာ တစ်ဧက ၁၂၄ ဒသမ ၃၄ တင်း ထွက်ရှိခဲ့ကြောင်းနှင့် စံကွက်ရိတ်သိမ်းပွဲသို့ ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ကျိုက်လတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

### တောင်ကြီး၌ ဒီဇင်ဘာ လူထုလမ်းလျှောက်ပွဲကျင်းပ

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ပြည်သူလူထုပါဝင်သော ဒီဇင်ဘာ လမ်းလျှောက်ပွဲ ပထမပတ်အဖြစ် ဒီဇင်ဘာ ၆ ရက်က ကျင်းပရာ ပြည်နယ်အားကစားကွင်းမှ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကနိုင်လမ်းမှ ရုံးကြီးလမ်းသို့ လမ်းလျှောက်ခဲ့ကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ မြို့ပေါ် ၂၂ ရပ်ကွက်ရှိ ပြည်သူများနှင့် တောင်ကြီးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဆရာ ဆရာမများ ပါဝင်ခဲ့ကြောင်း သိရသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

### ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးရန် သင်တန်းဖွင့်

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါ အစုလိုက်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းအတွက် ပညာပေးသင်တန်းကို ဒီဇင်ဘာ ၁ ရက်နှင့် ၂ ရက်က ဂန့်ဂေါမြို့ ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့ပြီး ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မြင့်ဦးက အမှာစကားပြောကြားကာ သင်တန်းတွင် လက်ထောက်ဆရာဝန် ဒေါက်တာနေခြည်ထက်ထက်လင်းအောင်နှင့် အကြီးတန်းသူနာပြု ဒေါ်နုနုယဉ်တို့က ပို့ချခဲ့ကြောင်း သိရသည်။ **ကျော်သန်းဆွေ**

### ပညာရေးမြှင့်တင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပညာရေးမြှင့်တင်မှုအစီအစဉ်နှင့် ဆရာ၏ အခန်းကဏ္ဍဆိုင်ရာ လုပ်ငန်းအလုပ်ရုံဆွေးနွေးပွဲကို ချောက်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်က ကျင်းပခဲ့ရာ မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်ဝင်းက အမှာစကားပြောကြားပြီး ဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများက တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဝင်းဌေး(iprd)**

# သာစည်မြို့နယ်တွင် ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေး ဆောင်ရွက်လျက်ရှိ

**သာစည် ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း ပညာရေးအဆင့်မြှင့်တင်မှုများအဖြစ် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခြင်း၊ ကျောင်းဆောင်သစ်အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ၊ ဆရာ ဆရာမအင်အား တိုးမြှင့်ခန့်ထားပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အခြေခံပညာကျောင်းများအဆင့်တိုးမြှင့် ဖွင့်လှစ်မှုမှာ အထက(ခွဲ)မှ အထကအဖြစ် နှစ်ကျောင်း၊ အလကမှ အထက(ခွဲ)အဖြစ် နှစ်ကျောင်း၊ အလက(ခွဲ)မှ အလကအဖြစ် နှစ်ကျောင်း၊ မူလွန်မှ အလက(ခွဲ)အဖြစ် ၁၂ ကျောင်း၊ အမကမှ မူလွန်အဖြစ် ငါးကျောင်း၊ အမက(ခွဲ)မှ အမကအဖြစ် တစ်ကျောင်း၊ ကိုယ့်အားကိုယ်ကိုးကျောင်းမှ အမကအဖြစ် နှစ်ကျောင်း၊ အမက(ခွဲ)အဖြစ် လေးကျောင်း စုစုပေါင်းကျောင်း ၃၀ ကို ယခုနှစ်ပညာသင်နှစ်တွင် အဆင့်မြှင့်တင်နိုင်ခဲ့သည်။

၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျောင်းဆောင်သစ်များတည်ဆောက်ရာတွင် Equil Constructure ကုမ္ပဏီက ကျောင်းပေါင်း ၁၀ ကျောင်းတွင် အာရ်စီတစ်ထပ်အဆောက်အအုံသစ်များဆောက်လုပ်ခြင်း၊ မြနဒီလွင်ကုမ္ပဏီက ကျောင်းပေါင်း ၁၀ ကျောင်းတွင် အာရ်စီတစ်ထပ်အဆောက်အအုံသစ် ကိုးလုံးနှင့် အာရ်စီနှစ်ထပ်အဆောက်အအုံသစ် တစ်လုံး ဆောက်လုပ်လျက်ရှိပြီး ပြုပြင်မွမ်းမံရန်လိုအပ်သည့် ကျောင်းဆောင်အဆောက်အအုံများပြုပြင်မွမ်းမံခြင်းကို ကျောင်းပေါင်း ၁၄ ကျောင်းတွင် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို လုပ်ငန်းနယ်ပယ်အလိုက် အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ခြင်းကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ သာစည်မြို့နယ်အတွင်း အခြေခံပညာကျောင်းများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးမှုများကြောင့် ပညာသင်ယူခွင့် အခွင့်အလမ်းများ ယခင်ကထက်ပိုမိုရရှိလာပြီး ပညာရေး အခြေခံကောင်းများရရှိကာ အသိပညာ အတတ်ပညာအခြေခံ၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်း(သာစည်)**

# တောင်ကြီးမြို့ အထက(၉)ကျောင်း အဆင့်တိုးမြှင့်ဖွင့်ပွဲကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့ ရတနာသီရိရပ်ကွက်ရှိ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဒီဇင်ဘာ ၇ ရက်က ကျင်းပသည်။



ဖွင့်ပွဲတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး၊ ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးနှင့် ကျောင်းအကျိုးတော်ဆောင်များက ကျောင်းဆိုင်းဘုတ်မှခ်ဦးကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆိုင်းဘုတ်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကိုယ်စား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်က စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ကျောင်းအဆင့်တိုးမြှင့်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကွန်ပျူတာနှစ်စုံနှင့် အလှူရှင်များက အလှူငွေများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းခဲ့သည်။

ကျောင်းအဆင့်တိုးမြှင့်ပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် အလှူရှင်များ တက်ရောက်ခဲ့သည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ဂန့်ဂေါမြို့နယ်၌ ပညာရံသီစာကြည့်တိုက် ဖွင့်ပွဲကျင်းပ

**ဂန့်ဂေါ ဒီဇင်ဘာ ၁၀**

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ဂန့်ဂေါမြို့နယ် ကန်သာရွာ၌ ပညာရံသီစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၅ ရက်က ကျင်းပသည်။

စာကြည့်တိုက်ဖွင့်ပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစံထူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်ရှင်သန်ရေးဆွေးနွေးပွဲကို အဆိုပါစာကြည့်တိုက်၌ ဆက်လက်ကျင်းပရာ ခရိုင် ပြန်/ဆက်ဦးစီးဌာန ဒုတိယဦးစီးမှူးက စာကြည့်တိုက်ရှင်သန်ရေး၊ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးတို့နှင့်စပ်လျဉ်း၍ရှင်းလင်းပြောကြားသည်။ ထို့နောက် သုတ ရသစာအုပ်များအပါအဝင် စာအုပ် ၁၅၀ ကို လည်းကောင်း၊ ကျေးရွာနေပြည်သူများက စာအုပ်မျိုးစုံ ၄၈၈ အုပ်နှင့် စာကြည့်တိုက် ငွေပဒေသာပင်အဖြစ် ငွေကျပ်ငါးသောင်းကျော်ကိုလည်းကောင်း ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။ **(၁၀၁)**


## ကျန်းမာရေးဝန်ကြီးဌာန
## တိုင်းရင်းဆေးပညာဦးစီးဌာန
## တိုင်းရင်းဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်)

၁။ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးဝါးလုပ်ငန်း စက်ရုံ(ရန်ကုန်)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေဖြင့် စက်ရုံအဆောက်အအုံများအား အကြီးစားပြင်ဆင်ဆောင်ရွက်ရန်ရှိပါသဖြင့် သက်ဆိုင်ရာလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါရောင်းချမည့်ရက်နှင့်နေရာ** - ၁၁-၁၂-၂၀၁၄ရက်မှ ၂၄-၁၂-၂၀၁၄ရက်အထိ တိုင်းရင်းဆေးဝါးလုပ်ငန်းစက်ရုံ၊ အမှတ် ၁၀၀၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗိုလ်ချို (၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ခ) **တင်ဒါတင်သွင်းရမည့်နေရာနှင့် နေ့ရက်နှင့်အချိန်** - တိုင်းရင်းဆေးဝါးလုပ်ငန်းစက်ရုံ၊ ရန်ကုန် ၂၆-၁၂-၂၀၁၄ရက် (နံနက် ၉နာရီမှ ၁၂နာရီအထိ)

(ဂ) တင်ဒါဖွင့်မည့်နေရာနှင့်အချိန် - တိုင်းရင်းဆေးဝါးလုပ်ငန်းစက်ရုံ၊ ရန်ကုန် ၂၉-၁၂-၂၀၁၄ရက် (မွန်းလွဲ ၁၃နာရီ)

၂။ အသေးစိတ်သိရှိလိုပါက တိုင်းရင်းဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်)သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်း၍ အဆောက်အအုံအား မျက်မြင်ကြည့်ရှု တိုင်းတာတွက်ချက်နိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**ဖုန်း-၀၁-၅၅၆၅၀၀**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/ရန်အောင်မြောက်၊ မြေကွက်/ဦးပိုင်အမှတ် (၈၆)၊ ဧရိယာ ၀ ဒသမ ၀၄၁ ဧကရှိ ဦးချို အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးမျိုးလှိုင် ၉/ပမန(နိုင်)၀၀၂၇၅၆ (ဘ) ဦးတင်မောင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မြန်မာ့သစ်လုပ်ငန်း
## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
## ၁/၂၀၁၄-၂၀၁၅ ကြိမ်မြောက် စက်မှုကုန်ကြမ်းသစ်လုံးဈေးပြိုင်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီးမှ စက်မှုကုန်ကြမ်းသစ်လုံးများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၃၀-၁၂-၂၀၁၄ရက် (အင်္ဂါနေ့)၊ ၁၁း၀၀ နာရီ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်**
- ပျဉ်းကတိုး/သစ်ယာသစ်လုံး-၆၁၈.၇၉၈ တန်
- အုပ်စု(၂/၃)သစ်လုံး-၈၇၃.၄၂၂ တန် (သင်းဝင်၊ ယင်းတိုက်၊စကားဝါ၊ ထောက်ကြံ့ သစ်လုံးများပါဝင်မည်)
- အုပ်စု(၄)မျောက်ချောသစ်လုံး-၁၉.၀၈၂ တန်

(ဂ) **ရောင်းချမည့်နေရာ**
- လက်ထောက်အထွေထွေမန်နေဂျာရုံး၊ အစည်းအဝေးခန်းမ
- မြန်မာ့သစ်လုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီး

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-siteဖြစ်သော www.myanmatimber.com. mm ဝင်ရောက်ကြည့်ရှု၍ လည်းကောင်း၊ အောက်ပါဖုန်းနံပါတ်များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| ပြည်တွင်းရောင်း/စက်ရုံးချုပ် | -၀၁-၃၇၂၀၂၃ |
| ဒုတိယအထွေထွေမန်နေဂျာ၊ ဧရာဝတီတိုင်းဒေသကြီးရုံး | -၀၄၂-၂၄၃၉၂၊ ၂၄၃၈၉ |
| လက်ထောက်အထွေထွေမန်နေဂျာ၊ ဧရာဝတီတိုင်းဒေသကြီးရုံး | -၀၄၂-၂၄၆၉၁၊၂၄၆၉၃ |

**ဈေးပြိုင်လေလံကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ နိုင်ငံတော်စီမံကိန်းအတွင်း ပါဝင်သည့် မြေတိုင်းရပ်ကွက်အမှတ် L-19/၆၇၊ မြေကွက်အမှတ် (၂၈၄၊ ၂၈၅) အမည်ပေါက် ဒေါ်နှင်းယု NYHE-၀၂၂၇၄၉ ၏မြေကွက်အတွက် ပြန်လည်အစားထိုး ချထားပေးခဲ့သည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၁/၂)၊ မြေကွက်အမှတ် (၁၀၅၊ ၁၀၆)အတွက် ပါမစ်ပြုလုပ်ပေးပါရန် အမည်ပေါက် ကိုယ်တိုင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

## အသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ မင်းကုန်းရပ်ကွက်၊ သိမ်တော်ကြီးဘုရားဝင်းအတွင်း ဆရာတော်ကြီးများ၏ လွှမ်းစေတီပရိဝုဏ်အနီးရှိ ဘုရားဒါယကာ၊ ကျောင်းဒါယကာ၊ လူပုဂ္ဂိုလ်များ၏ အုတ်ဂူကြီးများကို ဖယ်ရှားမည်ဖြစ်ပါ၍ အုတ်ဂူပိုင်ရှင်များသည် သိမ်ဆရာတော်နှင့် ဂေါပကအဖွဲ့ထံ ဆက်သွယ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရန် - သိမ်ဆရာတော် ဖုန်း-၀၇၄-၅၀၇၀၂၊ ၀၉-၄၇၀၂၀၈၀၂**
**ဗန်းမော်မြို့ သိမ်ဂေါပကဥက္ကဋ္ဌ ဖုန်း-၀၉-၄၇၀၁၈၄၈၆**

**ပြင်ဆင်ဖတ်ရှုပါရန်**

၃၀-၁၁-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ (၄) ကန့်ကွက်ကြော်ငြာအမှတ်စဉ်(၂) ဦးလှမင်းဟန်၏ အမည်ပြောင်းတွင် မှတ်ပုံတင်အမှတ်၁၄/ဟသတ(နိုင်)၂၆၉၅၃၉အစား ၁၂/ပဘတ(နိုင်)၀၁၈၁၂၉ဟုဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၅ယ/၄၃၃၃၃ Luojia 110 MC ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော် ၉/တတဉ(နိုင်)၀၉၉၉၉၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ကျောက်မဲမြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/5564 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ဗန်းမောက်မြို့နယ်၌ ကျေးရွာချင်းဆက်လမ်းကိုယ့်အားကိုယ်ကိုးပြုပြင်

**ဗန်းမောက် ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မဲဇာမြစ်ကမ်းအနီးရှိ ကလပ်ကျေးရွာနှင့် ဘူးတောင်းကျေးရွာကြားရှိ ကျေးရွာချင်းဆက် မြေနီလမ်းမကြီးတွင် ချွတ်ယွင်းပျက်စီးနေသောလမ်းပိုင်းများကို လမ်းတစ်လျှောက်ကျေးရွာများဖြစ်သော ကလပ်၊ အင်းပေါက်၊ ခေါင်းတုံး၊ လေသာကုန်းနှင့် ဘူးတောင်းကျေးရွာများမှ ဒေသခံပြည်သူများနှင့် စက်ယန္တရားပိုင်ရှင်အလှူရှင်များစုပေါင်း၍ စက်ယန္တရားကြီးများအသုံးပြုကာ ကိုယ့်အားကိုယ်ကိုးပြင်ဆင်ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မဲဇာမြစ်အနီးမှာနေထိုင်ကြတဲ့ ဒေသခံတွေအနေနဲ့ မိုးတွင်းမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲတယ်။ ရွာကနေ မြို့ကိုသွားရင် မိုးတွင်းမှာ လမ်းမကောင်းတော့ ဆိုင်ကယ်မစီးနိုင်ဘဲ စက်လှေနဲ့သွားရတယ်။ ဒါကြောင့် လမ်းပြင်ဖို့အတွက် ဘက်ဟိုးကားပိုင်ရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အကူအညီတောင်းတော့ သူတို့က ဝမ်းသာအားရနဲ့ ပူးပေါင်းဆောင်ရွက်ပေးပါတယ်"ဟု လမ်းပြင်ဆင်ရေးဆောင်ရွက်ခဲ့ပုံကို ဗန်းမောက်မြို့နယ် အင်းပေါက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းလွင်က ပြောပြသည်။

ဗန်းမောက်မြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းမကြီးများကို ကျေးရွာအလိုက် အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများဦးဆောင်၍ ကိုယ့်အားကိုယ်ကိုး ပြုပြင်လျက်ရှိရာ ကလပ်နှင့် အင်းပေါက်ရွာ၊ ခေါင်းတုံးရွာ၊ လေသာကုန်းရွာ၊ ဘူးတောင်းရွာများကြား ကျေးရွာချင်းဆက်လမ်းများကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် ရပ်မိရပ်ဖ ဦးအောင်ရွှေတို့ကလည်းကောင်း၊ ကိုင်းကြီးကျေးရွာ၊ ခရမ်းဆိပ်ကျေးရွာနှင့် မဲတောကျေးရွာများကြား ကျေးရွာချင်းဆက်လမ်းကို ကိုင်းကြီးဘုန်းတော်ကြီးကျောင်းဆရာတော်က လည်းကောင်း၊ ပန်းတောကျေးရွာနှင့် ပါသက်ကျေးရွာကြား ကျေးရွာချင်းဆက်လမ်းကို ပန်းတောအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်ခင်နှင့် ရပ်မိရပ်ဖ ဦးမုန်းရွှေ၊ ဦးသင်းဖေတို့က လည်းကောင်း ဦးစီး၍ ကိုယ့်အားကိုယ်ကိုး ပြုပြင်လျက်ရှိကြကြောင်း သိရသည်။



**သန်းမောင်လေး(ကချင်မြေ)**

# ကရိန်းဖြင့် ယာဉ်ဖယ်ရှားမှုတိုးမြှင့်ဆောင်ရွက်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်မြို့၌ ယာဉ်မရပ်ရနေရာများတွင် ရပ်တန့်သောယာဉ်များအား ကရိန်းဖြင့် ဆွဲယူဖယ်ရှားမှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ သိရသည်။

"ရန်ကုန်မြို့တော်တစ်ဝန်းမှာ ယာဉ်သွားယာဉ်လာများပြားတဲ့လမ်းမကြီးတွေမှာ ယာဉ်မရပ်ရနေရာတွေသတ်မှတ်ထားပြီး စည်းကမ်းမဲ့ရပ်နားတဲ့ယာဉ်တွေကို အရေးယူလျက်ရှိပါတယ်။ ကရိန်းသုံးပြီး ဖယ်ရှားမှုတွေကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ဒုတိယရဲမှူးကြီးအေးဆွေက ပြောသည်။

ရန်ကုန်မြို့တော်တွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကို ယာဉ်ထိန်းတပ်ဖွဲ့များအပြင် မြို့တော်စည်ပင်ဝန်ထမ်းများနှင့် မထသအဖွဲ့တို့ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိကာ ကရိန်းဖြင့် ယာဉ်ဖယ်ရှားမှုကိုလည်း နံနက်ပိုင်းတွင် နှစ်ဖွဲ့နှင့် ညနေပိုင်းတွင် နှစ်ဖွဲ့ခွဲ၍ ကင်းလှည့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကရိန်းဖြင့် ဖယ်ရှားမှုအရှိန်မြှင့်ဆောင်ရွက်မှုအရ ဒီဇင်ဘာ ၈ ရက် တစ်ရက်တည်းတွင် ၁၅ စီးကို ဆွဲယူဖယ်ရှားခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့တော်အတွင်း ယာဉ်ကြောပိတ်ဆို့မှုလျှော့ချရေးအတွက် ယာဉ်မရပ်နားရနေရာများ သတ်မှတ်ပြီး ကရိန်းဖြင့်ဖယ်ရှားခြင်းကိုဆောင်ရွက်နေသော်လည်း လူစည်ကားသော ဈေးဝယ်စင်တာများ၊ မှတ်တိုင်များတွင် အငှားယာဉ်များ ရပ်နားထားခြင်းနှင့် ရပ်၍လူတင်ချခြင်းများကို မဖမ်းချိန်တွင် မဖမ်းသလို စည်းကမ်းမဲ့ပြုလုပ်နေကြဆဲဖြစ်ကြောင်းတွေ့ရသည်။

**သတင်း-ကြံတိုင်းအောင်၊ ဓာတ်ပုံ-သက္က**



# ဝမ်းတွင်းမြို့နယ်၌ မူကြိုကလေးငယ်များ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ

**ဝမ်းတွင်း ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မူကြိုကလေးငယ်များ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၈ ရက်က မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ဝမ်းတွင်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မိုးမိုးသဲက အမှာစကားပြောကြားပြီး မူကြိုကလေးငယ်များက ကဗျာများသီဆိုပြီး ပြိုင်ပွဲကိုဖွင့်လှစ်ကာ ပြိုင်ပွဲတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး မူကြို၊ ရွှေသွေးမူကြို၊ လူမှုဝန်ထမ်းမူကြို၊ သဲတောမူကြို၊ နဘဲကန်ကျေးရွာမူကြိုနှင့် ဘုရားစုကျေးရွာမူကြိုတို့မှ ကလေးငယ်များက ကာယ၊ ဉာဏဆိုင်ရာ ကစားနည်း ၁၀ မျိုးဖြင့် ယှဉ်ပြိုင်ကစားကြသည်။



ထို့နောက် မူကြိုကလေးငယ်များ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကို ပံ့ပိုးကူညီပေးသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မိုးမိုးသဲက ပေးအပ်ပြီး ပြိုင်ပွဲတွင် ဆုရရှိသောမူကြိုများမှ ကလေးများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် အလှူရှင်များက မူကြိုကလေးငယ်များအား မေတ္တာလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဌေးလှိုင်(iprd)**

## သတင်းတို

### မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေးအသိပညာပေးဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ စဉ့်ခိုးကျေးရွာတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၆ ရက်က ကျေးရွာအခြေခံပညာ မူလတန်းကျောင်း၌ကျင်းပရာ ဟောပြောပွဲတွင် အင်းတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်က မူးယစ်ဆေးအန္တရာယ်နှင့် တားဆီးကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ဒေသခံပြည်သူများအား ဟောပြောခဲ့ပြီး ဒေသခံများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

(၁၇၁)


**အထက(ကေတု)ကျောင်းသား/သူဟောင်းများ**
**ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ အထက(ကေတု) အခြေခံပညာအထက်တန်းကျောင်း ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအဝေးရောက် ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသိစေရန် ကြေညာအပ်ပါသည်။
၂၈-၁၂-၂၀၁၄ ရက်(တနင်္ဂနွေနေ့)

**မြန်မာနိုင်ငံဗိသုကာအသင်း**
**ပညာရပ်ဆိုင်ရာဟောပြောပွဲနှင့်ဆွေးနွေးပွဲ**

မြန်မာနိုင်ငံဗိသုကာအသင်းမှ ကျင်းပစီစဉ်သော ပညာရပ်ဆိုင်ရာ ဟောပြောပွဲနှင့် ဆွေးနွေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် အသင်းဝင်ဗိသုကာများနှင့် စိတ်ပါဝင်စားသူများအားလုံး တက်ရောက်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ဟောပြောမည့်ခေါင်းစဉ်** - Present and Future Yangon
**ဟောပြောမည့်သူ** - ဒေါက်တာကျော်လတ် (အမှုဆောင်နာယက) မြန်မာနိုင်ငံဗိသုကာအသင်း
**ဟောပြောမည့်နေ့ရက်နှင့်အချိန်** - ၁၃ -၁၂-၂၀၁၄ရက်၊ စနေနေ့၊ မွန်းလွဲ ၂နာရီ

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၁ဃ/၇၆၄၈၇ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းညွန့် ၉/ရမသ(နိုင်)၀၄၇၀၄၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရမည်းသင်း)**

**စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ကုံကော်အိမ်ရာနေ
ဦးအောင်ကျော်ညွန့်[စက်မှု(၁)-ငြိမ်း]-ဒေါ်လုံးလုံးကြည်တို့၏သားကြီး
**မောင်အောင်ချမ်းငြိမ်း**
**HND Electrical/Electronic Engineering (Chindwin College)**
**Service Engineer (Amtt Co.,Ltd**
**နှင့်**
ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ
ဒေါက်တာဉာဏ်ထွန်း(မြို့နယ်ဆရာဝန်ကြီး၊ အရာတော်ပြည်သူ့ဆေးရုံ)-
ဒေါက်တာအေးအေးထွန်း(ဆေးရုံအုပ်ကြီး၊ ရေဦးပြည်သူ့ဆေးရုံ)တို့၏သမီးငယ်
**မခိုင်ဉာဏ်ဝင်းဖြိုး**
**B.M.T.M, Dip in Eng(SEAMEO CHAT), Dip IR (YU)**
**(နိုင်ငံခြားရေးဝန်ကြီးဌာန)**
တို့သည် ၁၀-၁၂-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
**မောင်အောင်ချမ်းငြိမ်း-မခိုင်ဉာဏ်ဝင်းဖြိုး**

**စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ နိဗ္ဗာန်တိုက်နယ်၊ ခေမာလမ်းနေ
ဦးသောင်းကျော်-ဒေါ်ဖြူဖြူအောင်တို့၏သား
**မောင်ဇော်မျိုးအောင်**
**နှင့်**
မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ကျွဲတက်စုံအုပ်စု၊ ဘုရားငါးဆူကျေးရွာနေ
ဦးမြသန်း-ဒေါ်ခင်တိုးတို့၏သမီး
**မသန်းသန်းအေး**
တို့သည်နှစ်ဖက်မိဘလူကြီးများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
**မောင်ဇော်မျိုးအောင်-မသန်းသန်းအေး**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် လိုအပ်သော ၁၂မီတာ ကွန်ကရစ်ကျောက်တိုင် ၆၃၀ လုံးနှင့် ၁၅ မီတာ ကွန်ကရစ်ကျောက်တိုင် (၃၃၈)လုံးတို့အား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၉-၁၂-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၃-၁၂-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

**အမည်ပြောင်း**

ဦးဇော်နိုင်အေး၏သမီး တောင်ငူမြို့ အထက နတ်စင်ကုန်း စတုတ္ထတန်း(A)မှ မအိမြတ်နိုးဦးအား မအေးမြတ်စံဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မအေးမြတ်စံ**

**ဖခင်အမည်မှန်**

ကျိုင်းတုံမြို့၊ အလက(၃) သတ္တမတန်း(ခ)မှ မနန်းငင်းဆိုင်ခမ်း ၁၃/ကတန(နိုင်) ၁၈၆၂၆၄ နှင့် ကျိုင်းတုံတက္ကသိုလ် ပထမနှစ်(ဓာတုဗေဒ)မှ မနန်းရွှန်ဖောင်းဟွမ် ၁၃/ကတန(နိုင်)၁၅၃၈၀၀ တို့၏ဖခင်အမည်မှန်မှာ ဦးစိုင်းလုံးဆိုင် (ခ)စိုင်းလုံး ရှုန် ၁၃/ကတန (နိုင်)၁၅၃၇၉၀ ဖြစ်ပါကြောင်း။

**မိခင်အမည်မှန်**

မိုင်းဖြတ်မြို့၊ ဟိုနား အထက(ခွဲ) အဋ္ဌမတန်းမှ မနှင်းနှင်းမို၏ မိခင်အမည်မှန်မှာ ဒေါ်နာထော ၁၃/ကတန(နိုင်)၀၀၄၁၄၈ ဖြစ်ပါကြောင်း။
**ဒေါ်နာထော**

## လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

# ငွေရတုမင်္ဂလာဆုတောင်း

လေးစားရပါသော ကျေးဇူးရှင်အစ်ကိုကြီး ဦးစောလင်း ဒု-ဌာနမှူး-အထွေထွေမန်နေဂျာ (ရန်ကုန်မြို့တော်စည်ပင်ဂေါက်ကွင်း)နှင့်အစ်မကြီး ဒေါ်ချို မာဝင်းကြည်(မေချို)တို့၏ ၁၀-၁၂-၂၀၁၄ ရက်တွင် ကျရောက်သော ၂၅နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ရက်မြတ်မှသည် နောင်နှစ်ပေါင်း ၁၂၀ တိုင်အောင် ပျော်ရွှင်ချမ်းမြေ့သော မိသားစုဖြင့် ဘဝခရီးလမ်းကို သာယာဖြောင့်ဖြူးစွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ညီငယ် -ကိုနိုင်မင်းနှင့် မမေသန္တာအောင်**

**တူမများ -မသက်ထားရွှေစင် (Grade-7) အထက(၁)ကမာရွတ်**

**မအိမ့်သက်မှူးခင် (Grade-4. NEC)**

## လားရှိုးမြို့၊ ယခင် (အလက-၄)၊ ယခု (အထက-၅) ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ

လားရှိုးမြို့ ယခင် အလက(၄)၊ ယခု အထက(၅) တပ်မတော်အခြေခံပညာ အထက်တန်းကျောင်း၏ ပထမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၂၀၁၅ခုနှစ် ဇန်နဝါရီ ၂ရက် (သောကြာနေ့) နံနက် ၉း၀၀ နာရီတွင် အထက(၅) ကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အသက်(၆၀)ပြည့် အငြိမ်းစားယူသွားကြသော ဆရာ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံတက်ရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ပူဇော်ကန်တော့ပွဲသို့ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်အပ်ပါသည်။

**အလှူငွေများ ပေးပို့လှူဒါန်းလိုပါက-**

| | | | | | |
|---|---|---|---|---|---|
| ဦးမြင့်တင် | အထက်တန်းပြ(တာဝန်ခံ) | ၀၉-၃၆၃၃၅၀၉၈ | မသီရိချမ်းအေး | ကျောင်းသူဟောင်း | ၀၉-၅၂၆၃၁၂၅ |
| ဒေါ်ယုယုကြိုင် | အထက်တန်းပြ | ၀၉-၅၂၆၀၆၅၅ | မအေးအေးခိုင် | ကျောင်းသူဟောင်း | ၀၉-၄၀၃၇၀၅၅၇၁ |
| ကိုမောင်မောင်အောင် | ကျောင်းသားဟောင်း | ၀၉-၅၂၇၅၉၃၉ | မခင်ညိုညိုထွန်း | ကျောင်းသူဟောင်း | ၀၉-၄၇၃၁၂၇၀၈ |
| ကိုဌေးအောင် | ကျောင်းသားဟောင်း | ၀၉-၈၆၁၉၃၉၃ | မသဲအူ | ကျောင်းသူဟောင်း | ၀၉-၄၄၅၁၀၈၄၄၅ |
| မခင်ပပရည် | ကျောင်းသူဟောင်း | ၀၉-၅၂၆၀၇၁၆ | မခင်မျိုးကြည် | ကျောင်းသူဟောင်း | ၀၉-၄၀၃၇၃၄၀၃၆ |
| မသွဲ့နှင်းအေး | ကျောင်းသူဟောင်း | ၀၉-၄၀၃၇၁၇၈၅၀ | | | |

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

## ကလေးမြို့၊ တာဟန်း အထက(၂) ကျောင်းသား ကျောင်းသူဟောင်းများ ဒုတိယအကြိမ်မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ကလေးမြို့၊ ယခင် အလကအရှေ့ကျောင်း၊ အနောက်ကျောင်း ယခု အထက(၂)တွင် ပညာသင်ကြားပေးခဲ့သော ကျေးဇူးရှင် အငြိမ်းစား ဆရာကြီး/ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများမှ မြတ်ဆရာပူဇော်ပွဲနှင့်လူမျိုး၊ ဘာသာမတူတိုင်းရင်းသား ညီအစ်ကိုမောင်နှမ သူငယ်ချင်းများပြန်လည်တွေ့ဆုံပွဲကို ၁၇-၁-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁း၀၀နာရီ အထက(၂) ရွှေရတုခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်သည့်အတွက် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မြတ်ဆရာပူဇော်ပွဲသို့ ရပ်ဝေးရပ်နီးမှ အငြိမ်းစား ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းသူငယ်ချင်းများ တက်ရောက်ကြပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ခြင်း၊ အလှူငွေထည့်ဝင်ခြင်းပြုလုပ်လိုပါက-**

| | | | | | |
|---|---|---|---|---|---|
| (၁) | ဦးမောင်ဝင်း | ဖုန်း-၀၉-၃၃၇၈၀၅၄၁ | (၅) | ဒေါ်ကြည်ကြည်လွင် | ဖုန်း-၀၉-၂၅၀၃၄၇၆၇ |
| (၂) | ဦးထွန်းထွန်းဝင်း | ဖုန်း-၀၉-၄၀၀၄၇၃၉၂၈ | (၆) | ဦးဇော်ဇော်အောင် | ဖုန်း-၀၉-၄၀၀၃၀၉၃၃၆ |
| (၃) | ဦးပုန်လုံပေါင် | ဖုန်း-၀၉-၃၃၅၆၅၉၇၇ | (၇) | ဒေါ်နုနုဝေ | ဖုန်း-၀၉-၃၃၀၀၃၈၃၃ |
| (၄) | ဒေါ်ခင်ခင်ကြီး | ဖုန်း-၀၉-၄၀၀၄၂၁၉၅၉ | (၈) | ဦးရှမ်းပီး | ဖုန်း-၀၉-၃၂၃၃၈၃၅၀ |

"စေတနာ၊ ဝါသနာ၊ အနစ်နာ၊ စံနမူနာ၊ အကြင်နာ နာငါးနာရှင် မြတ်ဆရာသခင်ကျေးဇူးရှင်တို့အား ကန်တော့ရင်း တို့တစ်တွေ သောင်ပင်ကြီးမှာ ပျော်ရွှင်စွာဆုံတွေ့ကြပါစို့"

ကျောင်းသား ကျောင်းသူဟောင်းကြီးများ
အထက(၂) တာဟန်း၊ ကလေးမြို့

## နှစ် (၄၀)မြောက် ရခိုင်ပြည်နယ်နေ့

ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဌာနမှကြီးမှူးပြီး ရန်ကုန်မြို့ရှိ ရခိုင်အသင်းအဖွဲ့များ စုပေါင်းကျင်းပသော နှစ် (၄၀)မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်များတွင် သာကေတပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါ၍ ပြည်ထောင်စုတိုင်းရင်းသားများ ကြွရောက်ချီးမြှင့်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**၁၄-၁၂-၂၀၁၄ ရက်(တနင်္ဂနွေနေ့)** - ရခိုင်တေးဂီတစတိတ်ရှိုးဖျော်ဖြေပွဲ၊ ရခိုင်ရိုးရာကျင်ပွဲ၊ ချောတိုင်တက်ပွဲ၊ ခေါင်းအုံးသတ်ပွဲ၊ ရခိုင်ရိုးရာအထိမ်းအမှတ်ပစ္စည်းများနှင့် အစားအစာရောင်းချပွဲ

**၁၅-၁၂-၂၀၁၄ ရက် (တနင်္လာနေ့)** - ရခိုင်ပြည်နယ်နေ့လူထုအစည်းအဝေးပွဲအခမ်းအနား

**နံနက် ၈း၃၀ နာရီမှ ၁၁း၀၀ နာရီ အထိ**

အခမ်းအနားကျင်းပရေးနှင့်ပတ်သက်၍ ဥက္ကဋ္ဌ ဒေါက်တာစံလှကျော် ဖုန်း-၀၉-၅၁၈၉၀၁၇၊ အထွေထွေအတွင်းရေးမှူး ဦးဘဆွေ ဖုန်း-၀၉-၄၂၁၀၃၂၁၁၅၊ ဦးစောသာမောင် ဖုန်း-၀၉-၄၂၀၀၄၁၅၅၁၊ ဦးရွှေဝင်း ဖုန်း-၀၉-၅၀၅၀၂၀၀တို့နှင့် ဆက်သွယ်နိုင်ပါသည်။

## မြောင်းမြမြို့၊ အမှတ်(၁)အထက ကျောင်းသား ကျောင်းသူဟောင်းများသို့ ဖိတ်ကြားခြင်း

ရန်ကုန်မြို့ကြီးနှင့် နယ်အဝေးရောက်[မြောင်းမြမြို့၊ အမှတ်(၁)အထကကျောင်းကြီးတွင် ပညာသင်ကြားပေးခဲ့သည့်] အငြိမ်းစားဆရာကြီး ဆရာမကြီး ၂၅ ဦးခန့်ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ ဗဟန်းမြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ မိုးကုတ်ဝိပဿနာဌာနချုပ်ရုံးခန်းမ၌ စည်ကားသိုက်မြိုက်စွာ ပူဇော်ကန်တော့ပွဲကျင်းပရန် စီစဉ်ထားပြီးဖြစ်ပါ၍ မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ(ရန်ကုန်)အဖွဲ့ဝင်များနှင့် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်သောကြောင့် အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာအသိပေးနှိုးဆော်ဖိတ်ကြားအပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | **ကျင်းပပြုလုပ်မည့်နေ့ရက်** | - | **၁၄-၁၂-၂၀၁၄ ရက်(တနင်္ဂနွေနေ့)** |
| (ခ) | **ကျင်းပပြုလုပ်မည့်အချိန်** | - | **မွန်းလွဲ ၁ နာရီ** |
| (ဂ) | **ကျင်းပပြုလုပ်မည့်နေရာ** | - | **B.O.C ပိဋကတ်ဘုန်းတော်ကြီးကျောင်းခန်းမ၊ အာဇာနည်လမ်း၊ ရွှေတိဂုံစေတီအရှေ့ဘက်မုခ်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** |

**မှတ်ချက်**-မြောင်းမြမြို့တွင်နေထိုင်လျက်ရှိသည့် မြောင်းမြမြို့၊ အမှတ်(၁)အထက ကျောင်းကြီး၏ ပူဇော်ကန်တော့ခံ အငြိမ်းစားဆရာကြီး ဆရာမကြီး ၇၀ ခန့်ကို မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ(မြောင်းမြ)အဖွဲ့နှင့် မြောင်းမြမြို့ခံ ကျောင်းသား ကျောင်းသူဟောင်းများက ၁၈-၁-၂၀၁၅ ရက်တွင် မြောင်းမြမြို့၊ မဟီယင်္ဂဏဘုရားအနီး၊ စွမ်းအားဆေးကုခန်း ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ပူဇော်ကန်တော့ပွဲကျင်းပရန် စီစဉ်ထားကြောင်းသိရ၍ ရန်ကုန်မြို့ကြီးနှင့် နယ်အဝေးရောက် အမှတ်(၁) အထက ကျောင်းသား ကျောင်းသူဟောင်းများ ပါဝင်တက်ရောက် ပူဇော်ကန်တော့နိုင်ကြကြောင်းကိုလည်း ကြိုတင်အသိပေးအပ်ပါသည်။

**မြောင်းမြမြို့၊ အမှတ်(၁)အထက မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ**
**(ရန်ကုန်+မြောင်းမြ)**

## ဇနီးဖြစ်သူ အမြန်ပြန်လာပါရန်

ကျွန်တော် ဦးစိုးနိုင်ဦး (၁၄/ပသန(နိုင်)၀၁၃၀၀၉)၏ဇနီးဖြစ်သူ ဒေါ်ခင်စန်းစန်းဌေး (၁၄/ပသန(နိုင်)၀၀၅၆၉၅)သည် ကျွန်တော်၏နေအိမ်မှ ၁၈-၉-၂၀၁၄ ရက်နေ့လည် (၁၂း၀၀)နာရီခန့်အချိန်မှစ၍ ၎င်း၏ဆွေမျိုးများရှိရာ အိမ်မဲမြို့သို့သွားမည်ဟု ထွက်သွားရာ ယနေ့အထိတိုင် အဆက်အသွယ်မရရှိပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ကျွန်ုပ်ထံ အဆက်အသွယ်ပြုလုပ်ပါရန်နှင့် တွေ့ရှိသူများက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တွေ့ရှိပါကကျေးဇူးဆပ်ပါမည်။ သွေးဆောင်ဖြားယောင်းခေါ်ယူထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်ပါမည်ဟု အသိပေးအကြောင်းကြားအပ်ပါသည်။

**ဦးစိုးနိုင်ဦး ဖုန်း -၀၉-၂၅၃၂၇၉၁၆၁**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၉၄၆၂၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
(ရွာသာကြီး)

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်း-၂၀)**
**သဃ်ာန်းကျွန်းမြို့နယ်တရားမရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၁၉**

| | | |
|---|---|---|
| ဒေါ်သန်းသန်းဌေး | **နှင့်** | ၁။ ဒေါ်တင်ညွန့် |
| | | ၂။ ဒေါ်ခင်မာရွှေ |
| **တရားလို** | | **တရားပြိုင်များ** |

အမှတ်(၅၅၁)၊ သုမနလမ်း၊ (၁၆/၁)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်နေ ၁။ ဒေါ်တင်ညွန့်၊ ၂။ ဒေါ်ခင်မာရွှေ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သန်းသန်းဌေးက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ကိုယ်စားလှယ်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၉ရက် (၁၃၇၆ခုနှစ် တော်သလင်းလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၉း၃၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ထို့အပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ထွန်းအောင်**
**မြို့နယ်တရားသူကြီး**
**သဃ်ာန်းကျွန်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**အင်းစိန်မြို့နယ်တရားရုံးတော်၌**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၂၁**

| | | |
|---|---|---|
| ၁။ ဦးအောင်ဆန်းမြင့် | **နှင့်** | ဦးအေးမင်းစိုး |
| ၂။ ဒေါ်သီရိထွန်း | | |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဇီးအုံကုန်းလမ်းသွယ်(၂)၊ အမှတ် ၁၀၅/အီးနေ ဦးအေးမင်းစိုး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလို ဦးအောင်ဆန်းမြင့် ပါ(၂)က သင့်အပေါ် ပဋိညာဉ်အတိုင်း မြေနှင့်အိမ် အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် အချက်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက် (၁၃၇၆ခုနှစ် ပြာသိုလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းအထောက်အထားများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ကျော်ကျော်)**
**မြို့နယ်တရားသူကြီး**
**အင်းစိန်မြို့နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်တရားရုံး၌**
**၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁ နှင့်ဆက်သွယ်သည့်**
**၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၁၂**

| | | |
|---|---|---|
| ဒေါ်ကြည်ကြည်သန်း | **နှင့်** | ၁။ဦးမှန်စိန် |
| ဒေါ်မြင့်မြင့်အေး | | ၂။ဒေါ်အုန်းရီ |
| (၎င်း၏အခွင့်ရကိုယ်စားလှယ်-ဒေါ်မာလာသန်း) | | |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

အမှတ်(၅)၊ ဦးအောင်ဘလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ (ယခုလိပ်စာမသိ) တရားရှုံးများဖြစ်ကြသော (၁) ဦးမှန်စိန်၊ (၂) ဒေါ်အုန်းရီတို့ သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၁တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂၂ ရက် (၁၃၇၆ ခုနှစ် ပြာသိုလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ဒေါ်စန္ဒာထွေး**
**ဒုတိယမြို့နယ်တရားသူကြီး**
**ဗဟန်းမြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)(သုဝဏ္ဏ)၊ သုခိတာလမ်း၊ မြေကွက်အမှတ် (၆၀)၊ ဧရိယာ ၀ ဒသမ ၁၀၄ ဧကရှိ မြေကွက်အား ဦးသန့်လွင် ၁၂/ကတတ(နိုင်)၀၀၇၆၅၄ ဆိုသူထံမှ ၉-၈-၂၀၁၄ ရက်တွင် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေဝယ်ယူခဲ့သော်လည်း အဆိုပါအရောင်းအဝယ်သည် ပျက်ပြယ်သွားပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ချင်း (အထက်တန်းရှေ့နေ)**
**အမှတ်(၅၅)၊ အခန်း(၄)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၂၀၁၅၅၄**

## ဦးဝင်းဌေး ၁၂/ကမရ(နိုင်)၀၁၅၆၈၂နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၃၂ လမ်း၊ အမှတ် ၁၁၉ နေ ဦးစံလင်း ၁၂/ပဘတ(နိုင်)၀၀၃၆၀၉၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

အထက်ပါ ဦးဝင်းဌေး ၁၂/ကမရ(နိုင်)၀၁၅၆၈၂ အမှတ် ၂၆၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေသူသည် မြေကွက်အကျိုးတူပူးပေါင်းဝယ်ယူမည်ဟု ယုံကြည်အောင်ပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေ ဦးစံလင်းထံမှ ၅-၈-၂၀၁၄ ရက်တွင် ငွေကျပ် ၄၅၀၀၀၀၀/- (ငွေကျပ်လေးဆယ့်ငါးသိန်းတိတိ)ကို နှစ်ဦးသဘောတူစာချုပ်ဖြင့် လက်ခံရယူသွားခဲ့ပါသည်။ မြေကွက်ဝယ်ရန်ကိစ္စ မဖြစ်မြောက်ပါက ရယူသွားသောငွေကို ၅-၁၀-၂၀၁၄ ရက်တွင် တစ်လုံးတစ်ခဲတည်း ပြန်လည်ပေးအပ်ပါမည်ဟု ကတိပြုခဲ့ပါသည်။

ယခုအခါ မြေကွက်ဝယ်ယူရန်ကိစ္စ မဖြစ်မြောက်ကြောင်းကို ကျွန်ုပ်မိတ်ဆွေမှ သိရှိရသော်လည်း ယနေ့တိုင် ကျွန်ုပ်၏ မိတ်ဆွေထံသို့ အကျိုးအကြောင်း တစ်စုံတစ်ရာပြောဆိုခဲ့ခြင်း မရှိသည့်အပြင် ရယူသွားသောငွေကိုလည်း ပြန်လည်ပေးအပ်ခြင်းမရှိသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေမှ လူကြီးမင်းထံဖုန်းဖြင့် အကြိမ်ကြိမ်ဆက်သွယ်ခဲ့သော်လည်း ဆက်သွယ်မှုမရဘဲ ပေးထားသောလိပ်စာတွင် နေထိုင်ခြင်းမရှိတော့ပါ။ တိမ်းရှောင်နေသည်ဟု သိရှိရပါသည်။ သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ငွေကျပ် ၄၅ သိန်းကို ပြန်လည်ပေးအပ်ရန်အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေအရ ဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဦးစံလင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဒင် LL.B တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄၆၊ မြလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၅၄၅၄၇၃၊ ၀၉-၅၄၀၂၇၇၄၊ ၀၉-၂၅၄၅၄၆၆၁၉**

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၆)အနောက်ရပ်ကွက်၊ ဇမ္ဗူသီရိအနောက် ၈ လမ်း၊ အမှတ် ၂၃၄-က ဟုခေါ်တွင်သည့် တစ်ခန်းတွဲ သုံးထပ်ခွဲတိုက်၏ ပထမထပ်၊ အကျယ်အဝန်း (၁၈×၅၀)ပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း**

## အသိပေးကြေညာခြင်း

အထက်လိပ်စာဖြစ်သည့် တိုက်ခန်းကို မြေပိုင်ရှင်လည်းဖြစ်ပြီး တိုက်ခန်းပိုင်ရှင်ဖြစ်သူ ဦးထွန်းသန်း ၁၂/သကတ(နိုင်)၁၉၁၈၃၆ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အားအပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင် LL.B (စဉ်-၂၂၇၄၇)၊ ဒေါ်နှင်းပွင့်သန်း LL.B (စဉ်-၂၇၀၇၅)**
**လင်း အိမ်၊ ခြံ၊ မြေ တိုက်ခန်းအကျိုးဆောင် အထက်တန်းရှေ့နေများ**
**အမှတ် ၅/၁၁၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၄၀၂၅၉၄၃၄၇၊ ၀၉-၂၅၄၂၇၈၃၃၆**

# စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**သာကေတမြို့နယ်တရားရုံးတော်၌**
**၂၀၁၄ ခုနှစ် တရားမကြီးအမှုအမှတ်-၁၉၀**

၁။ ဒေါ်သီသီဆွေ **နှင့်** ၁။ ဒေါ်စန်းမြင့်
၂။ ဒေါ်ခင်မာကြည် ၂။ ဒေါ်သန်း
၃။ ဒေါ်တင်တင်ထွေး

**တရားလိုများ** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ ၇ လမ်း၊ အမှတ် ၂၈၉နေ ဒေါ်စန်းမြင့်နှင့် ဒေါ်သန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဒေါ်သီသီဆွေ၊ ဒေါ်ခင်မာကြည်၊ ဒေါ်တင်တင်ထွေးတို့က ပဋိညာဉ်အတိုင်း စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက် (၁၃၇၆ခုနှစ် ပြာသိုလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားပြိုင်မှစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ကျော်ဝင်း)**
**မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်း-၂၀)**
**မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၈**

၁။ ဦးသိန်းငွေး **နှင့်** ၁။ ဒေါ်မြသန်း
၂။ ဒေါ်နှင်းနှင်းအေး ၂။ ဒေါ်မြင့်ကြည်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ချွန်း ၂လမ်း၊ အမှတ်(၁၀)နေ (၁) ဒေါ်မြသန်း၊ (၂) ဒေါ်မြင့်ကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "သီးခြားသက်သာခွင့်ဥပဒေပုဒ်မ-၁၂ အရ ပဋိညာဉ်နှင့်အညီ အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု"နှင့် လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂ရက် (၁၃၇၆ခုနှစ် ပြာသိုလဆန်း ၁၃ရက်)မွန်းမတည့်မီ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ထို့ပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာစိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**
**ရေဦးမြို့နယ်တရားမရုံး၌**
**၂၀၁၄ ခုနှစ် တရားမကြီးအမှုအမှတ်-၄၄**

မခင်သိန်းထိုက် **နှင့်** မောင်မြင့်လှိုင်(ခ) ဒီဖို့

**တရားလို** **တရားပြိုင်**

ရေဦးမြို့နယ်၊ နေပူကုန်းကျေးရွာနေ၊ မောင်မြင့်လှိုင်(ခ)ဒီဖို့ (ဘ)ဦးချို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

